မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၂၂)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်
၂၀၂၆ ခုနှစ်၊ မေ ၁၀ ရက်၊ တနင်္ဂနွေနေ့

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောကၠ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောကၠ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် အထူးပြပွဲ လာရောက်လေ့လာ ကြည့်ရှုသူများ ပိုမိုများပြားစည်ကား

စာ - ၅ သို့

လူရည်ချွန်မောင်မယ်များ ယုဇနပုစွန်မွေးမြူရေးလုပ်ငန်းနှင့် ငွေဆောင်ဆင်စခန်းလေ့လာ

ငွေဆောင် မေ ၉

လူရည်ချွန်စခန်း(ငွေဆောင်)မှ ၂၀၂၆ ခုနှစ် ဧကာဒသမတန်း လူရည်ချွန်မောင်မယ်များသည် ယနေ့နံနက်ပိုင်းတွင် ငွေဆောင်ဒေသရှိ ယုဇနပုစွန်မွေးမြူရေးလုပ်ငန်းနှင့် ငွေဆောင်ဆင်စခန်းသို့ ဒေသန္တရဗဟုသုတလေ့လာရေး သွားရောက်ကြသည်။

ဦးစွာ ငွေဆောင်မြို့ရှိ IFD ပုစွန်မွေးမြူရေးလုပ်ငန်း၌ နည်းစနစ်တကျမွေးမြူထားရှိမှုနှင့် လုပ်ငန်းသုံးပစ္စည်းပြခန်းများကို စိတ်ဝင်စားစွာလေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းကြသည်။

ထို့နောက် ငွေဆောင်အပန်းဖြေဆင်စခန်းကိုလေ့လာကြပြီး ဆင်လိမ္မာကြီးက လူရည်ချွန်မောင်မယ်များကို ပန်းခြင်းပေး၍ ကြိုဆိုခြင်း၊ ဘောလုံးကန်သရုပ်ပြသခြင်းကို **စာမျက်နှာ ၆ ကော်လံ ၃ ➜**



မြစ်သားမြို့နယ်၌ နွေနှမ်းသီးနှံ ၂၉၂၀၈ ဧက စိုက်ပျိုးပြီးစီး



မြစ်သား မေ ၉

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ ဒေသတွင်းစားသုံးဆီဖူလုံစေရန်နှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၂၅-၂၀၂၆ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်းသီးနှံ ၂၉၂၀၈ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြစ်သားမြို့နယ်၌ ဒေသခံတောင်သူများက သီးနှံများကို တစ်နှစ်ပတ်လုံး စိုက်ပျိုးလုပ်ကိုင်လျက်ရှိရာ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင် နှမ်းစိုက်တောင်သူများသည် မျိုးစေ့ချစိုက်ပျိုးခြင်းဖြစ်ကြောင်း၊ **စာမျက်နှာ ၁၇ ကော်လံ ၁ ❍**

ဆောင်းပါး

တောင်သူများနှင့် လက်တွဲဆွေးနွေးခဲ့ကြသည့် “ရေ”ဆိုင်ရာ ပဟုသုတများ


စာ - ၁၂ သို့

လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၉

ယနေ့ ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် မေလ ၁၁ ရက်၌ လေဖိအားနည်းရပ်ဝန်း(Low Pressure Area)တစ်ခု ဖြစ်ပေါ်နိုင်သည်ဟုခန့်မှန်းရသည်။

(မိုး/၈လ)



အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မေ ၁၀ ရက်)

နိုင်ငံတော်နှင့်တပ်မတော်အတွက် လူသားအရင်းအမြစ်ကောင်းများ

တပ်မတော်သားတို့သည် နိုင်ငံတော်နှင့်နိုင်ငံသားတို့ကောင်းကျိုးသယ်ပိုးလျက်ရှိရာတွင် လုပ်ငန်းတာဝန်ကြီးသုံးရပ်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။ အဆိုပါလုပ်ငန်းတာဝန်ကြီးသုံးရပ်တွင် လေ့ကျင့်ရေးသည် အရေးကြီးပြီး တပ်မတော်သားများ၏အသက်ခန္ဓာဖြစ်သော အမိန့်နာခံတတ်မှုသည် လေ့ကျင့်ရေးမှအခြေခံခြင်းဖြစ်သည်။ အမိန့်နာခံမှုရှိပြီး စည်းကမ်းကောင်းမွန်မှုသည် စစ်သည်တော်ကောင်းတစ်ဦး၏အဂၤါရုပ်ပင်ဖြစ်သည်။ အမိန့်နာခံမှုနှင့်စည်းကမ်းလိုက်နာမှုအားကောင်းပါက အောင်မြင်မှုများစွာရရှိမည်ဖြစ်သည်။

တပ်မတော်သားဘဝသည် ရခဲသောဘဝဖြစ်၍ အသက်ကိုစွန့်လွှတ်ရန် သစ္စာပြုထားသူများဖြစ်ပြီး တပ်မတော်သားဘဝကိုချစ်မြတ်နိုး၍ ဂုဏ်ယူစွာတာဝန်ထမ်းဆောင်နေကြသည်။ ထို့အတူ တပ်မတော်သားများ၏ဇနီး၊ မယားများသည်လည်း ပါရမီဖြည့်ဖက်ကောင်းများအဖြစ် ဂုဏ်ယူစွာပါရမီဖြည့်လျက်ရှိကြသည်။

တပ်မတော်သားတို့သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ရန် ကျန်းမာ၊ ကြံ့ခိုင်နေရမည်ဖြစ်သည်။ ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေးတို့သည် ကိုယ်တိုင်လုပ်ယူရသည့်ကိစ္စဖြစ်သည်။ ကျန်းမာရေးကောင်းမွန်ရန် တစ်ဦးချင်းကျင့်ကြံနေထိုင်ကြရမည်ဖြစ်သည်။ ကျန်းမာကြံ့ခိုင်နေမှသာ တိုက်ရည်ခိုက်ရည်ပြည့်ဝမည်ဖြစ်သည်။ ထို့အတူ ပညာရေးနှင့်ပတ်သက်၍လည်း Standard Army ဖြစ်ရန် ပညာရေးကိုမြှင့်တင်ရမည်ဖြစ်သည်။ ခေတ်မီစစ်လက်နက်ပစ္စည်းကိရိယာများကိုင်တွယ်အသုံးချနိုင်ရန် ပညာရည်မြင့်မားနေရမည်ဖြစ်သည်။ တပ်မတော်သားတို့၏ပညာရေးနှင့်ပတ်သက်၍ လမ်းဖွင့်ပေးထားလျက်ရှိပြီး လိုအပ်သည်များကိုလည်း ဖြည့်ဆည်းပေးလျက်ရှိသည်။

ပညာရေးနှင့်ပတ်သက်လာလျှင် တပ်မတော်သားများသာမက မိသားစုဝင်သားသမီးများ၏ပညာရေးကိုလည်း အားပေးမြှင့်တင်လျက်ရှိသည်။ အနည်းဆုံး KG+9 အဆင့်အထိ အောင်မြင်ရန်လိုအပ်ပြီး ထိုမှတစ်ဆင့် စက်မှုသိပ္ပံကျောင်းများ၊ စိုက်ပျိုးရေးသိပ္ပံကျောင်းများ၊ မွေးမြူရေးသိပ္ပံကျောင်းများသို့ ဆက်လက်တက်ရောက်နိုင်ရေးကိုဆောင်ရွက်ပေးလျက်ရှိသည်။ ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည့်အတွက် ပညာရပ်ပိုင်းဆိုင်ရာများကို ကျွမ်းကျင်ပိုင်နိုင်စွာတတ်သိနေစေရန်မှာ အတန်းပညာကိုလည်း ဆုံးခန်းတိုင်သင်ယူကြရန်ဖြစ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် မေလ ၈ ရက် မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ် **“၂၀၂၆-၂၀၃၀ ပညာသင်နှစ်မှစတင်၍ ပညာရေးနှင့်ပတ်သက်သည့် ကဏ္ဍသစ်တစ်ခုကိုစတင်ဖော်ဆောင်ရန်ရှိပြီး တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများကို ရန်ကုန်နှင့် နေပြည်တော်တွင်စတင်ဖွင့်လှစ်၍ အခြေခံပညာအထက်တန်းအဆင့်ပညာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း။ ထိုသို့ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် လူငယ်မျိုးဆက်သစ်ကောင်းများ စဉ်ဆက်မပြတ်ထွန်းကားလာမည့်အပြင် ပညာပြည့်ဝသည့် တပ်မတော်သားအရင်းအမြစ်ကောင်းများလည်း ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ အတန်းစဉ်ကူးပြောင်းမှုကောင်းပြီး ပညာရေးဝန်ကြီးဌာန၏သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီသည့် ကျောင်းသားများကို တပ်မတော်ဆိုင်ရာတက္ကသိုလ်များနှင့် သိပ္ပံကျောင်းများ၊ တပ်မတော်ဆေးဘက်ဆိုင်ရာပညာသင်တန်းများ၊ ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေးသင်တန်းများအထိ တပ်မတော်၏ကူညီဖြည့်ဆည်းပေးမှုများနှင့်ဆက်လက်တက်ရောက်နိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

တပ်မတော်တွင် လက်ဆင့်ကမ်းအမွေကို စဉ်ဆက်မပြတ်ပေးအပ်ကြရမည်ဖြစ်သည်။ ထိုသို့ပေးအပ်ရာတွင် အမွေဆက်ခံသူတို့မှာလည်း အရည်အချင်း၊ အရည်အသွေးကောင်းများရှိနေစေရန် ပြုစုပျိုးထောင်ပေးရမည်ဖြစ်သည်။ တပ်မတော်တစ်ရပ်ရှိနေခြင်းကြောင့်လည်း နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲနေခြင်းဖြစ်သည်။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်သည် တပ်မတော်၏တည့်မတ်မှန်ကန်စွာထိန်းကျောင်းပေးနိုင်မှုကြောင့် လမ်းမှန်သို့ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။

တပ်မတော်သားတို့သည် မိမိနိုင်ငံ၊ မိမိလူမျိုးကို ချစ်မြတ်နိုးတန်ဖိုးထားသည့်စိတ်ဖြင့် တာဝန်များကိုထမ်းဆောင်နေခြင်းကြောင့်လည်း နိုင်ငံတော်အတွက် ကောင်းကျိုးတိုးပွားစေခြင်းဖြစ်သည်။ နိုင်ငံတော်အပေါ် သစ္စာစောင့်သိခြင်းမှာ တပ်မတော်ဟူ၍ စတင်ပေါ်ထွန်းလာသည်မှ ယနေ့တိုင်ဖြစ်သည်။

တပ်မတော်သားဆိုသည်မှာ နိုင်ငံတော်အတွက် အဖိုးတန်ရတနာများဖြစ်ကြပေရာ နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် ဂုဏ်သိက္ခာမြင့်မားသည့်တာဝန်ဖြစ်သည်။ ထိုတာဝန်ကို လက်ဆင့်ကမ်းထမ်းဆောင်ကြမည့်သူများမှာလည်း အဖိုးတန်သောလူသားအရင်းအမြစ်ကောင်းများဖြစ်နေကြရမည်။ ထို့ကြောင့် တပ်မတော်လူငယ်ပညာရေးကျောင်းများဖွင့်လှစ်ရန်ဆောင်ရွက်နေခြင်းမှာ နိုင်ငံတော်နှင့် တပ်မတော်အတွက် လူငယ်မျိုးဆက်သစ်ကောင်းများ၊ တန်ဖိုးရှိသောလူငယ်များပေါ်ထွန်းလာစေရေး ဆောင်ရွက်နေခြင်းဖြစ်၍ နိုင်ငံတော်နှင့်တပ်မတော်အတွက် လူသားအရင်းအမြစ်ကောင်းများပေါ်ထွန်းလာမည်ဟုယုံကြည်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

နိုင်ငံ့သားကောင်းတာဝန်ကျေ ပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရမှဖွဲ့စည်းပေးထားသည့် “စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ”အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေအသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပကုမ္ပဏီဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်း များရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်-

(က) ကာကွယ်ရေးဝန်ကြီးဌာန - ၀၆၇၃၄၀၄၆၃၄၊
၀၆၇၃၄၀၄၆၃၅။
(ခ) စစ်ရေးချုပ်ရုံး - ၀၃၆၃၁၃၄၇။
(ဂ) အလုပ်သမားဝန်ကြီးဌာန - ၀၆၇၃၄၃၀၁၈၁၊
၀၆၇၃၄၃၀၁၈၂။

စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ
အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ

စည်ပင်သာယာဈေးများ မီးဘေးလုံခြုံရေးနှင့် ဈေးလုံခြုံရေးလုပ်ငန်းများ နေ့ညမပျက်စစ်ဆေး

ပွင့်ဖြူ မေ ၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ပွင့်ဖြူမြို့မဈေးကြီးအပါအဝင် ကျေးလက်စည်ပင်သာယာဈေး(၄)ခုအား မီးဘေးလုံခြုံရေးနှင့် ဈေးလုံခြုံရေးလုပ်ငန်းများကို စည်ပင်သာယာရေးအဖွဲ့က သက်ဆိုင်ရာဈေးတာဝန်ခံများ၊ ဝန်ထမ်းများ၊ ဈေးကော်မတီအဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး နေ့ညမပျက် ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှူဆောင်အရာရှိ ဦးလင်းမင်းညွန့်၏ကြီးကြပ်မှုဖြင့် ဈေးတာဝန်ခံနှင့်ဝန်ထမ်းများက မိမိတို့တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဈေးများကို မီးဘေးလုံခြုံရေးနှင့် ဈေးလုံခြုံရေးအတွက် ဈေးအတွင်း၊ အပြင်ရှိလုံခြုံရေးမီးများနှင့် ဈေးဆိုင်ခန်းများတွင် တပ်ဆင်အသုံးပြုလျက်ရှိသော လျှပ်စစ်မီးများ မီးဘေးအန္တရာယ်မဖြစ်စေရေးစစ်ဆေးခြင်း၊ သဘာဝဘေးဒဏ်ကြောင့် မီးမလင်းသည့်လျှပ်စစ်မီးသီးများ အသစ်လဲလှယ်တပ်ဆင်ခြင်း၊ ဈေးသူ၊ ဈေးသားများအနေဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စနစ်တကျစီမံဆောင်ရွက်ထားရှိရေးနှင့် မလိုအပ်ဘဲ လျှပ်စစ်မီးသုံးစွဲခြင်းများမပြုလုပ်ကြရန် အသိပညာပေးခြင်း၊ မီးငြိမ်းသတ်ရေးပစ္စည်းများကို အသင့်အနေထားဖြင့် အသုံးပြုနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခြင်း၊ မီးလောင်စေနိုင်သော လောင်စာများနှင့် အမှိုက်သရိုက်များမရှိစေရေး သန့်ရှင်းရေးပြုလုပ်ခြင်း စသည့်မီးဘေးလုံခြုံရေးလုပ်ငန်းများကို နေ့ညမပျက် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

မြဝတီ ခေတ်စဉ် Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်းမှူး(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေငယ်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းဝိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်လုပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

ကရင်ပြည်နယ်၌ မိုးစပါး ၄၂၈၆၉၈ ဧကစိုက်ပျိုးရန်လျာထား၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်



ဘားအံ မေ ၉

ယခုနှစ်မိုးရာသီတွင် ကရင်ပြည်နယ်အတွင်း မိုးစပါး ၄၂၈၆၉၈ ဧကစိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိပြီး အထွက်နှုန်းတိုးတက်ရေးနှင့် မိုးစပါးလျာထားဧကပြည့်မီကျော်လွန်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် လှိုင်းဘွဲ့မြို့နယ် သမ္ဘာန်ကျေးရွာ ဝါးဆူးကွင်း၌ မိုးစပါးစိုက်ပျိုးရန် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ကွင်းဆင်းသရုပ်ပြသသည်။

မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအနေဖြင့် နွေထယ်ရေးခံထားသော ဝါးဆူးကွင်း၌ သဘာဝမြေဩဇာထည့်သွင်းခြင်း၊ ထုံးထည့်သွင်းခြင်း၊ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)ကြဲပက်ခြင်းတို့ကို ကွင်းသရုပ်ပြရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်ပြီး တောင်သူများနှင့်အတူ သစ်စိမ်းမြေဩဇာများ ကြဲပက်ထည့်သွင်းပေးကြသည်။

ထို့နောက် တောင်သူများအား အီးအမ်ရည်များနှင့် ပိုက်ဆန်လျှော်မျိုးစေ့ တင်း ၅၀ အခမဲ့ဖြန့်ဝေပေးပြီး စိုက်ပျိုးတောင်သူများလက်ဝယ်အရောက် စက်သုံးဆီ(ဒီဇယ်) တစ်ဧကာ တစ်ဂါလန်နှုန်းဖြင့် ဆီဂါလန် ၁၇၉၇ ဂါလန်ဖြန့်ဖြူးရောင်းချပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် ကျောက်တန်းစက်မှုနယ်မြေရှိ စက်ရုံလုပ်ငန်းလည်ပတ်နေမှု မွန်ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု



မော်လမြိုင် မေ ၉

မွန်ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်ထင်သန်းသည် ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်မော်လမြိုင်မြို့ ကျောက်တန်းရပ်ကွက် ကျောက်တန်းစက်မှု နယ်မြေရှိ NIPPON CONCRETE(Myanmar) Co.Ltd. စက်ရုံ၌ ကွန်ကရစ်တိုင်ထုတ်လုပ်နေမှုအခြေအနေများနှင့် ကိုလှထွန်းဇရပ်သီးမှုန့်နှင့် အမှုန့်မျိုးစုံလုပ်ငန်း၊ ပြည်နယ်သားစတားစားသောက်ကုန်လုပ်ငန်း ပဲပြားစက်ရုံ၊ ပြည့်စုံ အလူမီနီယံ၊ လိပ်တံခါး၊ ဆီလီကွန်နှင့် ဆက်စပ်ပစ္စည်းထုတ်လုပ်ဖြန့်ဖြူးရောင်းဝယ်ရေးအလုပ်ရုံ၊ ငွေမိုးကွန်ကရစ်စက်ရုံတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပြည်နယ်(ပြန်/ဆက်)

စစ်ကိုင်းမြို့ပေါ်ရှိအခြေခံပညာကျောင်းများ၊ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်တွေ့ဆုံ၊ MSME လုပ်ငန်းများဆောင်ရွက်နေမှုကြည့်ရှု



မုံရွာ မေ ၉

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးသည် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းအုပ်ကြီးရုံးခန်း၌ စစ်ကိုင်းမြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ်တိုင်းဒေသကြီးဝန်ကြီးချုပ်က မကြာမီ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် စတင်ဖွင့်လှစ်တော့မည်ဖြစ်ပါ၍ ကျောင်းအပ်လက်ခံရေးကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရန်နှင့် ကိုယ်ပိုင်ကျောင်းများအနေဖြင့်လည်း ကျောင်းအပ်လက်ခံရာတွင် စနစ်တကျရှိစေရေး၊ အတန်းကျော်လက်ခံမှုများ မရှိစေရေးတို့ကို အလေးထားဆောင်ရွက်သွားကြရန်လိုအပ်ကြောင်းပြောကြားသည်။

ယမန်နေ့ညပိုင်းကလည်း စစ်ကိုင်းမြို့ စက်မှုဇုန်ရှိ “သုတသုခ” ဓာတ်မြေဩဇာထုတ်လုပ်ရေးစက်ရုံ၌ ဓာတ်မြေဩဇာထုတ်လုပ်နေမှု၊ ထုပ်ပိုးနေမှုများနှင့် ဓာတ်မြေဩဇာများ ဓာတ်ခွဲနေမှုအဆင့်ဆင့်များကို လိုက်လံကြည့်ရှုသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရေး ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးဂိတ် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး



ပဲခူး မေ ၉

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆေဝင်းသည် ယမန်နေ့ မွန်းလွဲပိုင်းက ကုန်စည်စီးဆင်းမှုလွယ်ကူချောမွေ့စေရေး ဝေမြို့နယ် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးဂိတ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝေါမြို့နယ် ဆပ်သွားခြံတာဆုံအနီးရှိ x-Ray စစ်ဆေးရေးဂိတ်၌ မူးယစ်တပ်ဖွဲ့စုများနှင့်တွေ့ဆုံ၍ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေး သွင်းကုန်ဂိတ်အမှတ် (၁)နှင့် (၂)၊ ပို့ကုန်ဂိတ်အမှတ်(၃)တို့ရှိ ကုန်တင်မော်တော်ယာဉ်နှင့် လူစီးမော်တော်ယာဉ်များ စစ်ဆေးနေမှုနှင့် ခရီးသွားများ၏ အချက်အလက်များ တိုက်ဆိုင်စစ်ဆေးနေမှုတို့ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(ARCCI)မိတ်ဆက်တွေ့ဆုံပွဲနှင့် ကမ်းလွန်အခြေစိုက်စခန်းတည်ဆောက်ခြင်းလုပ်ငန်းများရှင်းလင်းတင်ပြခြင်း အခမ်းအနား ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်



ပုသိမ် မေ ၉

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးအေးကျော်သည် ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ တာဝတိ်သာဘုရားဝင်းအတွင်း၌ ဌာနဆိုင်ရာများနှင့် ပြည်သူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် ပုသိမ်ဆိပ်ကမ်းပိုင်ကမ်းနယ်အမှတ်(၁)တံတားဝင်းရှိ ချောင်းသာ-ငွေဆောင်-မော်တင်ကားဂိတ်များပြုပြင်ဆောက်လုပ်ရေးအတွက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(ARCCI)တို့ မိတ်ဆက်တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ယမန်နေ့ညနေပိုင်းကလည်း ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ(၁)၌ကျင်းပသည့် မြင့်အင်(နှ) အဆိုစီ ရိတ်(စ်) ကမ်းလွန်ဝန်ဆောင်မှုလုပ်ငန်းလီမိတက်က ကမ်းလွန်ရေနံတွင်းများအတွက် ကမ်းလွန်အခြေစိုက်စခန်းတည်ဆောက်ခြင်း လုပ်ငန်းရှင်းလင်းတင်ပြခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ကမ္ဘဖလ

တင့်တယ်

ယမန်နေ့မှအဆက်

သူတို့က ကျွန်ုပ်အပေါ်၌ သံယောဇဉ်ဖြစ်လာကြသော်လည်း ကျွန်ုပ်မှာကား အတွင်းကျိတ်မာနရှိသူဖြစ်ရာ သူတို့၏အပေါ်၌ သံယောဇဉ်ဟူ၍ လုံးဝမရှိပေ။ တစ်ခါတစ်ရံ တောကျောင်းများက ကထိန်ခင်းဖိတ်၍ သွားရာ၌ တခြားကျောင်းသားများပါ၍သွားလျှင် ကျွန်ုပ်အတွက် မုန့်ပဲသရေစာကလေးများကို မစားရက်မသောက်ရက် ယူလာတတ်ကြ၏။ ကျွန်ုပ်သွားရသောအခေါက်များတွင်ကား ကျွန်ုပ်မစားနိုင်၍ ကျန်သောမုန့်များကိုသာ သူတို့အားပေး၏။ ကျွန်ုပ်နှစ်သက်သော လမုန့်၊ အံစာမုန့်တို့ကိုမူ သင်းတို့ အရိပ်မျှပင်မမြင်ရပေ။ ကျက်သရေခန်းရှိ သကြိန်အိုးများအောက်၌ဝှက်ထားကာ ကိုယ့်တစ်ယောက်တည်း ကျိတ်၍စားခဲ့၏။ ဤကား ကျွန်ုပ်တွင် တစ်ကိုယ်ကောင်းစိတ်ဝင်၍လာခဲ့သော ဥပမာကို သိသာရုံဖော်ပြခြင်းဖြစ်ပေသည်။

သူများထက် လက်မြန်မှ ကိုယ်ကျိုးပြည့်စုံသည်ဟူသောသဘောကိုလည်း ဘုန်းကြီးကျောင်း၌ပင် ကျွန်ုပ် သဘောပေါက်ခဲ့လေသည်။ ထမင်းဝိုင်းတွင် လက်ဦးသူက ကြက်သားတုံးအကြီးဆုံးကိုရသော သဘာဝကို လူတိုင်းသိပြီးဖြစ်၍ အထူးဖော်ပြဖွယ်မလိုတော့ပေ။ ဤအသိုင်းအဝိုင်းမျိုး၌ ကြီးပြင်းလာခဲ့ရသူ ကျွန်ုပ်သည် အခွင့်အလမ်းကို ကြွက်ခုတ်မည့်ကြောင်ကဲ့သို့ ငြိမ်ငြိမ်ကလေးစောင့်တတ်လာ၏။ အခွင့်အလမ်းပေါ်အောင် အမြဲသတိထားသောအကျင့်ဖြစ်လာ၏။ အခွင့်အလမ်းမပေါ်လျှင် ပေါ်အောင်လည်း ဉာဏ်နီဉာဏ်နက်ထုတ်တတ်လာခဲ့၏။

ဘာသာတရားနှင့်ကျွန်ုပ်၏စိတ် ဝေးကွာသည်ထက် ဝေးကွာသွားခြင်းမှာကား ဘာသာတရား၏အပြစ်၊ ဘုန်းကြီးကျောင်း၏အပြစ် လုံးဝမဟုတ်။ ကျွန်ုပ်၏အစ္ဆတ္တဓောတိ ပင်ကိုစိတ်၏ချို့ယွင်းမှုဟု ဝန်ခံပါသည်။ လက်ဖက်ကိုကြိုက်သူအများကြီးရှိ၏။ သို့သော် လက်ဖက်ကို မြင်ရုံဖြင့် အော့အန်သူတစ်ဦးတလေလည်းရှိ၏။ ထိုနည်းတူ ဘာသာတရားနှင့်နီးစပ်လျှင် စိတ်ထားပိုမိုသိမ်မွေ့နူးညံ့လာကြရသည်သာ များကြသော်လည်း ကျွန်ုပ်အဖို့၌ကား ဘာသာတရား၏အဆုံးအမတို့ကို အားလုံးနားလည်ပါလျက်၊ သဘာပေါက်ပါလျက်နှင့်ပင် တထစ်ချယုံကြည်ခြင်းမရှိပါပေ။ ကျွန်ုပ်၏စိတ်ကိုနားလည်ရန်မှာ လက်ဖက်ကို မြင်ရုံဖြင့် အော့အန်သူ၏စိတ်ကိုနားလည်ရန်ထက် ခဲယဉ်းပေလိမ့်မည်ထင်၏။ ဘာသာ၏အရိပ်ကိုခို၍ အသက်သွေးခဲတည်မြဲနေရပါလျက်နှင့်ပင် ဘာသာနှင့်ကျွန်ုပ် စိတ်မဝင်ဆံ့ခြင်းမှာ ရှေးဝိပါကဟု ဆိုထိုက်ပါပေတော့သည်။

ရှိစေတော့ ...။



ထိုသို့အားဖြင့် သူတစ်ပါး၏ဒါန၌ မှီခိုကြီးပြင်းရသည်ကို စက်ဆုပ်ခြင်း၊ ပရိယာယ်ဆောင်တတ်ခြင်း၊ သံယောဇဉ်ကင်းမဲ့၍ တစ်ကိုယ်ကောင်းသာ ကြံစည်ခြင်း၊ အခွင့်အလမ်းပေါ်သမျှကို ဖမ်းယူတတ်ခြင်း၊ ဘာသာတခြား၊ စိတ်တခြားဖြစ်နေခြင်း စသောအခြေခံငါးချက်ဖြင့် တည်ဆောက်၍လာခဲ့သော ကျွန်ုပ်၏စိတ်ဗီဇမာန်အဆောက်အအုံမှာ မည်သို့မည်ပုံနေမည်ကို ပြောဖွယ်မလိုတော့။ အကယ်၍သာ ပရိယာယ်ဆောင်တတ်ခြင်းတည်းဟူသော အရေကိုခြုံမထားပါက ကျွန်ုပ်မှာ ကျောင်းသားကြီးတို့ ဝိုင်း၍ခေါက်သဖြင့် ထိပ်ပေါက်ကာ စောစောစီးစီး ဘဝအဆုံးသတ်ရဖို့သာရှိချိမ့်မည်။ ယခုသော်ကား ဟန်ဆောင်ခြင်းပရိယာယ်အရေကို လုံခြုံအောင်ခြုံတတ်သောကြောင့် အသက် ၃၈ နှစ်အထိပင် ကြီးပြင်းကာ သူဌေးကြီး ဦးကံကောင်းဟူ၍ထင်ရှားခြင်းအထွတ်အထိပ်၊ ကြွယ်ဝမှုခေါင်ဖူးသို့ ရောက်ခဲ့ရပေသည်။ သို့တိုင် ရေချိုး၊ ထမင်းစား၊ လမ်းလျှောက်ရင်း တခြားအလုပ်မရှိ၊ ပျင်းရိဖွယ်အတိဖြစ်နေ၏။ အလုပ်ရှိလျှင် ပျင်းရိ၍ အလုပ်မရှိမှ အလုပ်ရှာ၍လုပ်လိုသော လူ့သဘာဝအတိုင်း သေရက်ကိုစောင့်ရင်း ကြိုးတိုက်၌ အငြိမ်းစား နေရသည်တွင် ကျွန်ုပ်သည် ဤဖြစ်စဉ်မှတ်တမ်းရေးသောအလုပ်ကို သေချာကျနစွာ လုပ်လိုပေသည်။ ဤအလုပ်ကား ဘဝသက်တမ်းတွင် နောက်ဆုံးအလုပ်ပင် ဖြစ်လေတော့သည်။

အထက်၌ ကျွန်ုပ်ရေးသားခဲ့သည့်အတိုင်း ကျွန်ုပ်သည် ဘုန်းကြီးကျောင်းသားဘဝဖြင့် ဆယ်နှစ်တိုင်တိုင်နေထိုင်ခဲ့ရ၏။ သို့နေထိုင်စဉ်၌ ကျွန်ုပ်သည် အသက်အရွယ် တဖြည်းဖြည်းကြီးရင့်၍ လူလားမြောက်၍လာလေလေ၊ ကိုယ့်အခြေ ကိုယ့်ဖြစ်စဉ်ကိုယ့်ဘဝကို တွေးတောဆင်ခြင်တတ်လေလေ ဖြစ်လာ၏။ ကိုယ့်အဖြစ်ကို စဉ်းစားလိုက်တိုင်းပင်လည်း သွားလေသူ ကျေးဇူးရှင်မိခင် ကံဆိုးမကြီး၏ ဆိုးရွားလှသောအဖြစ်ကို အမြဲစဉ်းစားမိ၏။ "ငါ့သား ကြီးပြင်းရင် မင်းဘိုးဘိုးဆီကိုသွားပြီး ရွှေမန်ကျည်းတောင့်တွေကို တောင်းနော် ..." ဟူသော မိခင်၏အမှာစကားကိုလည်း အမြဲကြားယောင်မိ၏။ အထူးသဖြင့်ကား ကျွန်ုပ်မမွေနိုင်သော အဖြစ်အပျက်ကြီးသုံးရပ်တို့မှာ စေ့စေ့တွေးလျှင် ရေးရေးမဟုတ်၊ မျက်ဝါးတပ်အပ်လက်ငင်းတွေ့ကြုံနေရဘိသကဲ့သို့ ဘွားခနဲ ပေါ်ပေါက်လာကြပေသည်။

ထိုအဖြစ်အပျက်ကြီးသုံးရပ်တို့၏ အစွဲသည် စိတ်နှလုံးဝယ် သဲသဲမဲမဲ မြဲမြံကြီး ခိုင်၍နေရာ ဘုန်းကြီးကျောင်းသားဘဝ ပတ်ဝန်းကျင်ဖန်တီးမှုငါးမျိုးတို့ ထပ်ဆင့်ကာလောင်း၍ လာပြန်သောအခါတွင် ကျွန်ုပ်မှာ ရည်ရွယ်ချက်သုံးခုတို့ ပေါ်ပေါက်လာခဲ့ပြန်ပေတော့သည်။ ထိုရည်ရွယ်ချက်တို့သည်ကား ဘွားခနဲ ရုတ်တရက် ရေငုပ်သူပေါ်သလိုပေါ်လာသော ရည်ရွယ်ချက်တို့မဟုတ်။ ကိုယ့်ဘဝအဖြစ်သနစ်ကို တွေးရင်းတွေးရင်းက စိတ်၌ ပဋိသန္ဓေတည်ပြီး တဖြည်းဖြည်းရင့်မာလျက် သရုပ်သဏ္ဌာန်ပေါ်ကာ နှလုံးသားတွင်ဖွားမြင်မြောက်၍လာကြသော ရည်ရွယ်ချက်တို့ပင်ဖြစ်ကြ၏။ ထိုရည်ရွယ်ချက်များကို မည်သည့်အရွယ်သို့ရောက်မှ ကျွန်ုပ် လက်ဆုပ်လက်ကိုင် အပိုင်ရရှိခဲ့သည်ဟူ၍ကား ကျွန်ုပ်ကိုယ်တိုင်ပင် တပ်အပ်သေချာမသိပေ။ (စိတ်၌ ပဋိသန္ဓေတည်သည်) ဟူသောစကားလုံးကို ကျွန်ုပ် သုံးစွဲခဲ့သည့်အတိုင်း အကယ့်ပဋိသန္ဓေတည်ရာ၌ ကလလရည်ကြည်မှ အမြှုပ်-သားတစ်-ခက်မငါးဖြာပေါ်လာကြရသလို ကျွန်ုပ်၏ရည်ရွယ်ချက်တို့မှာလည်း မည်သည်က အရင်ပေါ်သည်၊ မည်သည့်အချက်က နောက်မှပေါ်သည် မသိလိုက်မိ။ တဖြည်းဖြည်း တရေးရေးနှင့် အမြေးကလေးလို မှေး၍လာပြီးမှ ကိုယ့်အဖြစ်ကို ကိုယ်စဉ်းစားတိုင်း ထိုအမြေးပါးကလေးမှာ ထူသည်ထက် ထူလာတော့ကာ အသက် ၁၆ နှစ်အရွယ်သို့တိုင်သောအခါ၌ကား ထိုရည်ရွယ်ချက်သုံးခုတို့သည် ကျောက်စိုင်ကျောက်ခဲပမာ စွဲမြဲစွာ တည်တံ့နေကြသည့်အဖြစ်ကို သတိပြုမိလေတော့သည်။

ပထမရည်ရွယ်ချက်မှာကား ကျွန်ုပ်၏မိခင်သည် ကျွန်ုပ်အား အင်္ဂလိပ်စာကို သင်စေချင်၏။ သင်စေချင်ကြောင်းကိုလည်း ငါးပေါင်းကြော်ဒယ်အိုးကလေးတစ်လုံး ကိုယ်ပိုင်ရှိလာသည့် မသေမီကလေး၌ပင် မျှော်လင့်ခြင်းကြီးစွာ ပြောဆိုရှာပေသည်။ သားကို သူနှင့်တူ လူတန်းစေ့အောင် ပစ္စည်းအားမတတ်နိုင်၍ ပညာတည်းဟူသောခွန်အားကို ပေးခဲ့ချင်သော ရည်ရွယ်ချက်သည် ကျွန်ုပ်၏ ကံဆိုးလှရှာသော မိခင်ကြီး၌ ခိုင်မြဲစွာရှိခဲ့၏။

ဆက်လက်ဖော်ပြပါမည်။

မအူပင်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မြို့နယ်အဆင့်သုံးသပ်ဆွေးနွေးပွဲကျင်းပ

မအူပင် မေ ၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း မြို့နယ်အဆင့်သုံးသပ်ဆွေးနွေးပွဲကို မေလ ၈ ရက်က မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မအူပင်မြို့နယ် အမျိုးသားလွတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်မင်းက အဖွင့်အမှာစကား ပြောကြားပြီး မအူပင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဦးက သုံးသပ်ဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

ထို့နောက် အခမ်းအနား၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထူးဆုရရှိခဲ့သော စစ်ကိုင်းကျေးရွာအုပ်စု ရေကျော်ကျေးရွာနှင့် ပထမဆုရရှိသော လေးအိမ်စုကျေးရွာအုပ်စု လေးအိမ်စုကျေးရွာတို့အတွက် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ကြသည်။

ယင်းနောက် တက်ရောက်လာကြသော မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်နှင့် အကြံပြုချက်များကို အုပ်စုအလိုက်ဆွေးနွေးကြသည်။

အဆိုပါအခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သက်ဆိုင်ရာမြစိမ်းရောင် ကြကြောင်း သိရသည်။



ကျေးရွာစီမံကိန်းအဖွဲ့ဝင်များ တက်ရောက်

ချမ်းမြေ့

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အထူးပြပွဲ လာရောက်လေ့လာကြည့်ရှုသူများ ပိုမိုများပြားစည်ကား

ရန်ကုန် မေ ၉

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် အထူးပြပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးပတ်လမ်းတွင် ပြသလျက်ရှိရာ ယနေ့သည် အများပြည်သူရုံးပိတ်ရက်ဖြစ်သည်နှင့်အညီ လှည်းကူးပညာရေးဒီဂရီကောလိပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)မှ အဖွဲ့ဝင်များနှင့် ရဟန်းရှင်လူပြည်သူများ၊ လာရောက်ကြည့်ရှုလေ့လာကြသူများပိုမိုများပြားစည်ကားခဲ့ရာ ပြပွဲနှင့်ပတ်သက်၍ ၎င်းတို့၏သဘောထားအမြင်များကို စုစည်းဖော်ပြအပ်ပါသည်-





ဦးဇော်ဇော်ဦး
ဒုတိယပါမောက္ခချုပ်(စီမံ)
အပြည်ပြည်ဆိုင်ရာထေရဝါဒ
ဗုဒ္ဓသာသနာပြုတက္ကသိုလ်

ပြပွဲကို လာရောက်ကြတဲ့အခါ ဘာသာ၊ သာသနာတဲ့ ပြပွဲလို့ပြောချင်ပါတယ်။ သာသနာအတွက် အများကြီးတန်ဖိုးရှိပါတယ်။ သာသနာကို ထိန်းသိမ်းစောင့်ရှောက်မယ့် သာသနာပြုမင်းအဆက်ဆက်ကြိုးပမ်းဆောင်ရွက်မှုတွေကို ပေါ်လွင်ထင်ရှားစေသာသနာအတွက် ခေတ်အဆက်ဆက် ဘယ်လောက်ရုန်းကန်ခဲ့ရတယ်ဆိုတာ နားလည်သွားမှာဖြစ်ပါတယ်။ နောင် မျိုးဆက်သစ်တွေအပါအဝင် ရဟန်းရှင်လူပြည်သူအားလုံးမှာ ဘာသာ၊ သာသနာကို အခွန့်ရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းလိုတဲ့စိတ်တွေ အများကြီးကိန်းအောင်းသွားပြီဆိုတာ ထင်ရှားစွာတွေ့မြင်ရပါတယ်။ ထေရဝါဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးအတွက် အရေးကြီးတဲ့ အခန်းကဏ္ဍကို ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကြတဲ့ ဒီလိုပြည်သူ့ပူဇော်ခံ ဘုရားပွဲတော်မျိုးဟာ ကမ္ဘာ့သမိုင်းမှာ မရှိသလောက်ပါပဲ။ ဒီလိုအခွင့်အရေးမျိုးကို ကြုံတွေ့ခွင့်ရတဲ့ ကျွန်တော်တို့ မျိုးဆက်သစ်တွေအနေနဲ့ ဒီလိုအခွင့်အရေးမျိုးကို ကြုံတွေ့ခွင့်ရတဲ့ ကျွန်တော်တို့ မျိုးဆက်သစ်တွေအနေနဲ့ လေ့လာသင့်ပါတယ်။ မြန်မာနိုင်ငံဟာ သယံဇာတပေါကြွယ်ဝတဲ့နိုင်ငံဖြစ်ပါတယ်။ အခုလက်ရှိ ဟိုးအရင်က ဆောင်ရွက်ခဲ့တာတွေကို တွေ့မြင်ခဲ့ရပါတယ်။ မျက်ဝါးထင်ထင် မြင်ရတော့ အံ့သြမိတယ်။ ဒီလို ဆဋ္ဌသင်္ဂါယနာတင်တာကို မြန်မာနိုင်ငံမှာ ဆောင်ရွက်ခဲ့ပါလားဆိုပြီး ဂုဏ်ယူမိပါတယ်။ ဘာသာသာသနာ မပျောက်ပျက်အောင်၊ ရေရှည်တည်တံ့အောင်ထိန်းသိမ်းရမယ်။ ဘာသာရေးနဲ့ပတ်သက်တဲ့ စာပေတွေလည်း လေ့လာရမယ်လို့ တွေးမိပါတယ်။

မဖြူသီခိုင်
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာ
တက္ကသိုလ်၊ ပထမနှစ်ကျောင်းသူ

ပြပွဲက မြတ်ဗုဒ္ဓရဲ့သာသနာနဲ့ပတ်သက်လို့ ပိုပြီးဗဟုသုတရစေတယ်လို့မြင်မိပါတယ်။ ဆဋ္ဌသင်္ဂါယနာတင်ခဲ့တယ်ဆိုတာကို

ဦးဇော်ဇော်ဦး

ဦးထင်ကျော်မိုး

ဦးထွန်းလွင်

မောင်ဟိဏ်းဝေယံသော်

မဖြူသီခိုင်

သာသနာအတွက် ခေတ်အဆက်ဆက် ဘယ်လောက်ရုန်းကန်ခဲ့ရတယ်ဆိုတာ နားလည်သွားမှာဖြစ်ပါတယ်။ နောင် မျိုးဆက်သစ်တွေအပါအဝင် ရဟန်းရှင်လူပြည်သူအားလုံးမှာ ဘာသာ၊ သာသနာကို အခွန့်ရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းလိုတဲ့စိတ်တွေ အများကြီးကိန်းအောင်းသွားပြီဆိုတာ ထင်ရှားစွာတွေ့မြင်ရပါတယ်။ ထေရဝါဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးအတွက် အရေးကြီးပါတယ်။

ဦးထင်ကျော်မိုး
ဒုတိယဥက္ကဋ္ဌ
ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)

ပထမသင်္ဂါယနာတင်ကနေ ဆဋ္ဌသင်္ဂါယနာတင်အထိ အကုန်လုံးလေ့လာရတဲ့အတွက်ဗဟုသုတရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံက ထေရဝါဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးလုပ်ငန်းစဉ်တွေ အများကြီးလိုအပ်တယ်။ ဒီလိုပြပွဲမျိုး အားလုံး ဗုဒ္ဓဘာသာရဲ့ အနှစ်သာရကို သိမြင်နားလည်လာမှာဖြစ်ပါတယ်။

ဦးထွန်းလွင်
အသက် ၈၉ နှစ်
လှိုင်မြို့နယ်

ဆဋ္ဌသင်္ဂါယနာတင်တဲ့ အချိန်တုန်းက နယ်မြို့မှာနေတာဆိုတော့ ကြားပဲကြားဖူးခဲ့ပါတယ်။ သာသနာနဲ့ပတ်သက်တဲ့ မှတ်တမ်းတွေကို သိချင်တာကြောင့် လာရောက် လေ့လာတာဖြစ်ပါတယ်။ မှာလည်း ၁၁၀၀၀ ကရက်ရှိတဲ့ မိုးကုတ်ပတ္တမြားကြီးပေါ်လာတယ်။ ဇမ္ဗူဒီပါလက်ယာတောင်ကျွန်းနိမိတ်ထွန်းဆိုသလို နိုင်ငံအေးချမ်းလာမယ့် အတိတ်နိမိတ်ဖြစ်ပါတယ်။

မောင်ဟိဏ်းဝေယံသော်
ရွှေပေါက်ကံ

အခုလို ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် အထူးပြပွဲကို လာရောက် လေ့လာခွင့်ရတဲ့အတွက် စာထဲမှာပဲဖတ်ဖူးတယ်။ ဆဋ္ဌသင်္ဂါယနာတင်ခဲ့တဲ့ သမိုင်းအကြောင်းအရာတွေကို အခုမျက်မြင်ကိုယ်တွေ့လာရောက်ကြည့်မိတဲ့အခါ ဗဟုသုတတွေလည်းရတယ်။ ဘာသာသာသနာကို ပိုပြီးထွန်းကားအောင်လုပ်ဆောင်သင့်တယ်လို့ မြင်မိတယ်။ လူငယ်တွေအနေနဲ့လည်း ဘာသာရေးနဲ့ပတ်သက်တာတွေကို လေ့လာသင့်တယ်လို့ထင်ပါတယ်။

(သတင်းအဖွဲ့)

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များအား ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်တွေ့ဆုံ

"Yangon Heritage Night Run 2026"၁၅ ကီလိုမီတာ ညအပြေးပြိုင်ပွဲကြည့်ရှု

နေပြည်တော် မေ ၉

ဟိုတယ်၊ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြား၍ တက်ရောက်လာသူများက ပြည်ပနိုင်ငံများမှ ခရီးသွားဈေးကွက်ရရှိရေးအတွက် ဈေးကွက်မြှင့်တင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနနှင့်ဖက်စပ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော အင်းလျားလိတ်ဟိုတယ်၊ Hotel G နှင့် The Strand ဟိုတယ်



တို့သို့ ကြည့်ရှုစစ်ဆေးပြီး အဆင့်အတန်းမီသောဟိုတယ်ဆိုင်ရာဝန်ဆောင်မှုများ ပေးနိုင်ရေးမှာကြားသည်။

ညနေပိုင်းတွင် "Yangon Heritage Night Run 2026"၁၅ ကီလိုမီတာ ညအပြေးပြိုင်ပွဲကို သေနတ်ပစ်ဖောက်တာလွှတ်ပေးပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၅ ကီလိုမီတာပြိုင်ပွဲကို သေနတ်ပစ်ဖောက်တာလွှတ်ပေးကာ ပြိုင်ပွဲကိုကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းသို့ရောက်ရှိနေသည့် လူရည်ချွန်မောင်မယ်လေးများ အင်းလေးကန်အတွင်း အထင်ကရနေရာများသို့ လေ့လာလည်ပတ်



ညောင်ရွှေ မေ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ် အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းသို့ရောက်ရှိနေသော ဒသမတန်း လူရည်ချွန်မောင်မယ်၁၅၂ ဦးသည်ကြီးကြပ်ဆရာ၊ ဆရာမများ၊ လူရည်ချွန်စခန်းတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၇ နာရီတွင် စက်လှေများဖြင့် အင်းလေးကန်အတွင်းရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခဲ့ကြသည်။

ရှေးဦးစွာ လူရည်ချွန်မောင်မယ်လေးများသည် ကေလာကျေးရွာရှိ ရေခြံစိုက်ပျိုးရေးလုပ်ငန်းကို လေ့လာလည်ပတ်ခဲ့ကြကာ ဟဲယာရွာမကျေးရွာရှိစိန်သမာဓိငွေပန်းထိမ်နှင့်ရိုးရာချည်ထည်၊ ပိုးထည်လုပ်ငန်းသို့ သွားရောက်လေ့လာကြပြီး ငွေပန်းထိမ်လုပ်ငန်းခွင်နှင့် ခင်းကျင်းပြသထားသည့် အရောင်းပြခန်းများကို လေ့လာကြည့်ရှုခဲ့ကြသည်။

၎င်းနောက် လူရည်ချွန်မောင်မယ်လေးများသည် သမိုင်းဝင်အလိုတော်ပေါက် ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုရှိ အလိုတော်ပေါက်ကျောင်းဆရာတော်ကြီးအား ဖူးမြော်ကန်တော့ကာ ဘုရားရင်ပြင်တော်ရှိ ဈေးဆိုင်ခန်းများ၌ ဒေသရိုးရာစားသောက်ကုန်များ၊ အမှတ်တရလက်ဆောင်ပစ္စည်းများ ဝယ်ယူခဲ့ကြသည်။

နေ့လယ်ပိုင်းတွင် တန်ခိုးကြီး အင်းလေးဖောင်တော်ဦးရုပ်ရှင်တော်မြတ်များအား သွားရောက်ဖူးမြော်ကြည်ညိုကြ၍ ဘုရားရင်ပြင်တော်ရှိ ဈေးဆိုင်ခန်းများ၌ ဒေသရိုးရာစားသောက်ကုန်များ၊ အမှတ်တရလက်ဆောင်ပစ္စည်းများ ဝယ်ယူခဲ့ကြကြောင်း သိရသည်။

စိုင်းအယ်ဘဲ

နိုင်ငံ့သားကောင်း တာဝန်ကျေပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရမှဖွဲ့စည်းပေးထားသည့် “စစ်မှုထမ်းတာဝန်ကျပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ”အနေဖြင့် ပြည်သူ့စစ်မှုထမ်း၌ပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက် ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျအသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပကုမ္ပဏီ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်-

(က) ကာကွယ်ရေးဝန်ကြီးဌာန - ၀၆၇၃၄၄၀၄၆၃၄၄၊ ၀၆၇၃၄၄၀၄၆၃၃၅။
(ခ) စစ်ရေးချုပ်ရုံး - ၀၃၆၃၁၃၄၇၊
(ဂ) အလုပ်သမားဝန်ကြီးဌာန - ၀၆၇၃၄၄၃၀၁၈၁၊ ၀၆၇၃၄၄၃၀၁၈၅။

စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ

ပြင်ဦးလွင်လူရည်ချွန်စခန်းမှ လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများ ဂုတ်ထိပ်တံတားသို့ သွားရောက်လေ့လာလည်ပတ်



ပြင်ဦးလွင် မေ ၉


မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် လူရည်ချွန်စခန်းသို့ ရောက်ရှိနေသော Grade-9 လူရည်ချွန်ကျောင်းသား၊ ကျောင်းသူ ၉၆ ဦးတို့အား မန္တလေးတိုင်းဒေသကြီး တိုင်းပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာစိုးမြင့်ထွန်းနှင့်ကြီးကြပ်သူ ဆရာ၊ ဆရာမများဦးဆောင်ပြီး ယနေ့ နံနက် ၇ နာရီတွင် ပြင်ဦးလွင်မြို့နယ်အနီး နောင်ချိုမြို့နယ်အတွင်းရှိ အထင်ကရနေရာတစ်ခုဖြစ်သော ဂုတ်ထိပ်တံတားသို့ လေ့လာလည်ပတ်ရန် စတင်ထွက်ခွာခဲ့သည်။

ဂုတ်ထိပ်တံတားသို့ လေ့လာရေးခရီးသွားရောက်မည့် လူရည်ချွန် ကျောင်းသား၊ ကျောင်းသူများအား ပြင်ဦးလွင်ဘူတာတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်မြိုင်၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ ဂုတ်ထိပ်တံတားသည် ပြင်ဦးလွင်မြို့နယ်အနီး မန္တလေး-လားရှိုး ရထားလမ်းပေါ်ရှိတံတားတစ်စင်းဖြစ်ကာ နောင်ချိုဘူတာအလွန် ၇ မိုင်အကွာတွင်တည်ရှိပြီး ပြည်တွင်းခရီးသွားများ၊ နိုင်ငံခြားသားခရီးသွားများအတွက် လမ်းခရီးရှိ ရေမြေတောတောင် သဘာဝများကို စိတ်ဝင်စားဖွယ်ကြည့်ရှုခံစားနိုင်သော နေရာတစ်ခုဖြစ်သည်။

အဆိုပါ ဂုတ်ထိပ်တံတားကို လူရည်ချွန်ကျောင်းသား၊ကျောင်းသူများ စိတ်ဝင်တစားကြည့်ရှုလေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံရိုက်ကူးကြသည်၊ထို့နောက်ဂုတ်ထိပ်တံတား(ဂုတ်ထိပ်)ဘူတာမှ ပြင်ဦးလွင်ဘူတာသို့ပြန်လည်ထွက်ခွာခဲ့ပြီး လူရည်ချွန်ကျောင်းသား၊ကျောင်းသူများသည်တည်းခိုနေထိုင်သည့် ရွှေနန်းထိုက်ဟိုတယ်သို့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။

ပြင်ဦးလွင်ခရိုင်(ပြန်/ဆက်)

မိုးလေဝသ သတင်း



→ ရှေ့ဖုံးမှအဆက်

ကြည့်ရှုအားပေး၍ ဆင်လိမ္မာလေးများကို အစာကျွေးခြင်း၊ ဆင်စီးခြင်းတို့ကို ပျော်ရွှင်စွာ ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် မြို့မလမ်းရှိ ငွေဆောင်မြို့စွေးတန်းသို့သွားရောက်၍ ဒေသထွက်ကုန်ပစ္စည်းများကို အမှတ်တရလက်ဆောင်ဝယ်ယူခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့် နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက် ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် Yangon Heritage Night Run 2026 ပွဲတော်ကို မေလ ၉ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့တော်ခန်းမရှေ့မှ စတင်တာလွှတ်ရာ အပြေးပြိုင်ပွဲဝင်များ စတင်တာထွက်နေမှုကိုတွေ့ရစဉ်။

ဓာတ်ပုံ-ရွှေအင်းသားခင်မောင်ဝင်း

လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် ပြိုင်ပွဲများကျင်းပ

နေပြည်တော် မေ ၉

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် သာစည်ကျေးရွာအုပ်စု အောင်သာမြဂနိုင်ကျေးရွာ ရှေ့ဆောင်ပုံရိပ်စာကြည့်တိုက်၌ စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးရေး၊ စာဖတ်ရှုနိုင်မြှင့်တင်ရေးအတွက် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် ပြိုင်ပွဲများကို မေလ ၈ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိဒေါ်မြစန်းရီက ကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန်၊ ဘက်စုံထူးချွန်သောလူရည်ချွန်၊ လူရည်မွန်များဖြစ်လာစေရန်နှင့် ဗဟုသုတများဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ကျင်းပပေးခြင်းဖြစ်ကြောင်းပြောကြားပြီး လူငယ်နှင့်စာဖတ်ခြင်းခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။

ယင်းနောက် ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကိုကျင်းပရာ ကျောင်းသား၊



ကျောင်းသူများက ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲအသီးသီးတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်မြစန်းရီက ဆုများပေးအပ်သည်။

ထို့နောက် ဇေယျာသီရိမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးနံရံကပ်စာစောင်အား ကျောင်းသား၊ ကျောင်းသူများက လေ့လာဖတ်ရှုကြကြောင်း သိရသည်။

(၄၀၂)

ရွှေဘိုမြို့၌ ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

ရွှေဘို မေ ၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၃) ရပ်ကွက် ဓမ္မသုခကျောင်းတိုက်ဓမ္မာရုံ၌ ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို နေ့ချင်းပြီး ဆောင်ရွက်ပေးကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် အသက် ၁၀ နှစ်မှ အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်မရှိသေးသည့် ပြည်သူများအား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းမြင့် ဦးဆောင်သည့်ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးသည်။

နိုင်ငံသားစိစစ်ရေးကတ်များဆောင်ရွက်ပေးနေမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းတင်ထွေး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်ထွန်းနိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်နှင့်အဖွဲ့က ကြည့်ရှုအားပေးသည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေးခြင်းကို မြို့ပေါ်ကျောင်းများ၌ ကွင်းဆင်းဆောင်ရွက်သွားမည့်အပြင် ရပ်ကွက်၊ မြို့နယ်ဦးစီးမှူးရုံး၌လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၅-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြန်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	ဒဂုံကော်	ဟားမီး
92 Ron	၄၅၀၀	၄၆၉၀	၄၆၃၀	၄၅၂၀	၄၆၉၀	၄၇၀၅	၄၇၅၅	၄၆၀၀	၄၇၅၅	၅၀၇၀	၄၆၂၀	၄၈၁၅	၄၇၂၅	၄၆၈၀	၄၆၈၀	၄၈၉၀
95 Ron	၄၆၅၀	၄၈၄၀	၄၇၇၅	၄၆၆၅	၄၈၄၀	၄၈၅၀	၄၉၀၀	၄၇၅၀	၄၉၀၀	၅၂၂၀	၄၇၇၀	၄၉၈၅	၄၈၇၅	၄၈၃၀	၄၈၃၀	၅၀၄၀
HSD (500 ppm)	၅၀၅၀	၅၂၃၀	၅၁၇၀	၅၀၆၅	၅၂၃၀	၅၂၄၀	၅၂၉၀	၅၁၄၅	-	၅၅၉၅	၅၁၆၅	၅၆၁၅	၅၂၆၅	၅၂၂၀	၅၂၂၀	၅၄၂၀
HSD (50 ppm)	၆၀၇၀	၆၂၆၀	၆၂၀၀	၆၀၉၀	၆၂၆၀	၆၂၇၀	၆၃၂၀	၆၁၇၀	၆၃၂၀	၆၆၄၀	၆၁၉၀	၆၄၇၅	၆၂၉၅	၆၂၅၀	၆၂၅၀	၆၄၆၀
HSD (10 ppm)	၆၀၇၀	၆၂၆၀	၆၂၀၀	၆၀၉၀	၆၂၆၀	၆၂၇၀	၆၃၂၀	၆၁၇၀		၆၆၄၀	၆၁၉၀	၆၄၇၅	၆၂၉၅	၆၂၅၀	၆၂၅၀	၆၄၆၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၂၆၉	၄၃၈၈
95 Ron	၄၄၁၃	၄၅၃၅
HSD (500 ppm)	၄၈၁၅	၄၉၄၁
HSD (50 ppm)	၅၇၈၉	၅၉၃၄
HSD (10 ppm)	၅၇၈၉	၅၉၃၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

သင်(FM)အသံလွှင့် အစီအစဉ်

၁၀-၅-၂၀၂၆(တနင်္ဂနွေနေ့)

၁။ ၀၈:၀၀ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ
၂။ ၁၀:၄၀ နိပါတ်တော်လာသိမှတ်စရာ
၃။ ၁၃:၃၀ Music Crazy
၄။ ၁၄:၅၅ Sporty Zone
၅။ ၁၈:၂၀ Relaxing Moment
၆။ ၂၁:၄၀ အသံလွှင့်ဇာတ်လမ်း

မြတ်နိုးဖွယ်ရာ မြန်မာကဗျာ

မြန်မာ့ချစ်သူ

✣ မြန်မာကိုချစ်တဲ့သူ
ဘယ်သူတွေပါလဲ။
မြန်မာပြည်အတွင်းမှာတဲ့
မိုတင်းနေထိုင်လို့
ဆယ့်လေးခိုင် ပြည်နယ် တိုင်းဆီက
ရိုင်းပင်းအား တည်ထောင်ပြုပါတဲ့
တိုင်းရင်းသား ညီနောင်ထုဟာဖြင့်
တုန့်ပြန်ကြာ မေတ္တာစစ်ဖြင့်
ချစ်ကြသူပဲ။

✣ မြန်မာကိုစောင့်ရှောက်သူ
ဘယ်သူတွေပါလဲ။
လာမထိလေနဲ့
ဇာတိမြေ မပျက်ရေးကိုဖြင့်
အသက်ပေးမည် အခိုင်အမာပဲ့ါ
ဆိုင်လာလျှင် ရန်အပေါင်းကိုလဲ
ထောင်းထောင်းကြေ မြို့နယ်လွင့်စေဖို့
ရဲရင့်အလံ ထင်ရှားစွာနဲ့
ဇွဲနှင့်မာန် ခြသေ့်အလားပါကွဲ့
ပြည့်သားမွန် ဇာနည်စစ်တဲ့
မျိုးချစ်တို့ပဲ။

✣ မြန်မာ့ရဲ့ အားကိုးရာ
ဘယ်သူတွေပါလဲ။
“ သူ့ဆန်ကို ကိုယ်မစား
သူ့ခြံအနား ကိုယ်မကျော်
သူ့မြေပေါ် ကိုယ်မအိပ်လေဘူး”
ကိုယ့်အိမ်ရိပ် တမင်လာ၍
ဖောက်ဖျက်ကာ မကျော်ကျူးလေနှင့်
လက်ဦးအောင် မျိုးချစ်သွေးရယ်နဲ့
အရေးကြုံ သက်လုံကောင်းစွာနဲ့
မြန်မာကို မြန်မာအပေါင်းရယ်က
ကောင်းချီးဝေ မျိုးမာန်နှိုးလို့
အားကိုးကြမြဲ။ ။

မြင်းမူမောင်နိုင်မိုး

သတိပြုဖွယ်ဖြစ်လာသည့် နာနိုပလတ်စတစ်အန္တရာယ်များ

လက်ရှိ ကမ္ဘာတွင် တဖြည်းဖြည်းစိုးရိမ်စရာဖြစ်လာသော မျက်စိဖြင့်မမြင်နိုင်သည့်အန္တရာယ်တစ်ခုရှိနေသည်။ ယင်းမှာ နာနိုပလတ်စတစ်အန္တရာယ်ဖြစ်သည်။ နာနိုပလတ်စတစ်ဆိုသည်မှာ ပလတ်စတစ်အမှုန်အမွှားများ ပျက်စီးယိုယွင်းရာမှထွက်ပေါ်လာသော အလွန်သေးငယ်သည့် အမှုန်များဖြစ်သည်။ ပလတ်စတစ်အမှိုက်များသည် သဘာဝပတ်ဝန်းကျင်တွင် ဆွေးမြည့်သွားခြင်းမဟုတ်ဘဲ အလွန်သေးငယ်သည့် အမှုန်အမွှားများအဖြစ် ကွဲထွက်သွားခြင်းကြောင့် နာနိုပလတ်စတစ်အမှုန်များ ဖြစ်ပေါ်လာသည်။ ယင်းတို့၏အရွယ်အစားမှာ လူတို့၏ဆံခြည်မျှင်ထက် အဆပေါင်းများစွာ သေးငယ်သောကြောင့် အနုကြည့်မှန်ပြောင်းဖြင့်ပင် မြင်နိုင်ရန်ခဲယဉ်းသည်။

လူ့ခန္ဓာကိုယ်ထဲသို့ ရောက်ရှိလာပုံ

ဥပမာ – ပလတ်စတစ်ဘူးထဲမှ ရေနှင့် ပင်လယ်စာ ငါး၊ ပုစွန်တို့မှလည်းကောင်း၊ လေထဲတွင်လွင့်မျောနေသော အမှုန်အမွှားများကို ရှူရှိုက်မိခြင်းကြောင့်လည်းကောင်း၊ အလှကုန်ပစ္စည်းတချို့မှလည်းကောင်း နာနိုပလတ်စတစ်အမှုန်များ လူ့ခန္ဓာကိုယ်ထဲသို့ ရောက်ရှိနိုင်သည်။ သုတေသနပြုချက်များအရ နာနိုပလတ်စတစ်များသည် အဓိကအားဖြင့် ရေသန့်ဘူးခွံများထုတ်လုပ်ရာတွင်လည်းကောင်း၊ ဘူးအဖုံးဖွင့်သည့်အခါ ပွတ်တိုက်မှုကြောင့်လည်းကောင်း နာနိုပလတ်စတစ်အမှုန်မြောက်မြားစွာ ရေထဲသို့ လွှင့်စဉ်ဝင်ရောက်သွားတတ်သည်။ ထို့ပြင် မြို့ပြရေဖြန့်ဝေရေးစနစ်တွင် အသုံးပြုထားသော ပလတ်စတစ်ပိုက်များ ဆွေးမြည့်မှုမှတစ်ဆင့် ရေထဲသို့ ရောက်ရှိနိုင်သည်။ မြစ်ချောင်း၊ အင်းအိုင်များအတွင်းသို့ရောက်ရှိနေသော ပလတ်စတစ်အမှိုက်များသည် နေရောင်ခြည်နှင့် အပူဒဏ်ကြောင့် တဖြည်းဖြည်း ကြေမွပျက်စီးရာမှလည်း နာနိုပလတ်စတစ်အမှုန်များဖြစ်ပေါ်လေ့ရှိသည်။

သန့်ရှင်းသော သောက်သုံးရေဟူသည် အနည်အမှုန်ကင်းရှင်းခြင်း၊ အရောင်အဆင်း၊ အနံ့၊ အရသာကင်းရှင်းခြင်း၊ ကျန်းမာရေးကိုထိခိုက်စေသော ပိုးမွှားများနှင့် ဓာတ်သတ္တုများကင်းရှင်းခြင်းစသော အင်္ဂါရုပ်များနှင့် ပြည့်စုံရမည်ဖြစ်သည်။ သန့်ရှင်းသောသောက်သုံးရေသည် ဗက်တီးရီးယားပမာဏကို နည်းပါးစေခြင်း၊ ပိုမိုကောင်းမွန်သည့်အရသာကို ပေးအပ်ခြင်း၊ ရောဂါဖြစ်နိုင်ခြေကိုလျော့ကျစေခြင်း စသည့်အကျိုးကျေးဇူးများကိုရရှိစေသည်။ သို့သော် ယခုအခါ နာနိုပလတ်စတစ်အန္တရာယ်သည် လူသားများအသက်ရှင်သန်ရန် မရှိမဖြစ်လိုအပ်သော သောက်သုံးရေကိုပင် ခြိမ်းခြောက်နေပြီဖြစ်သည်။

နာနိုပလတ်စတစ်အန္တရာယ်များ

နာနိုပလတ်စတစ်အန္တရာယ်က ချက်ချင်းဖြစ်လာသည်ထက် ခန္ဓာကိုယ်ထဲတွင် တဖြည်းဖြည်းစုပုံလာပြီးမှ ဒုက္ခပေးခြင်းမျိုးကပိုများသည်။

"သုတေသနပြုချက်များအရ နာနိုပလတ်စတစ်များသည် အဓိကအားဖြင့် ရေသန့်ဘူးခွံများ ထုတ်လုပ်ရာတွင်လည်းကောင်း၊ ဘူးအဖုံးဖွင့်သည့်အခါ ပွတ်တိုက်မှုကြောင့်လည်းကောင်း နာနိုပလတ်စတစ်အမှုန်မြောက်မြားစွာ ရေထဲသို့ လွှင့်စဉ်ဝင်ရောက်သွားတတ်သည်။ ထို့ပြင် မြို့ပြရေဖြန့်ဝေရေးစနစ်တွင် အသုံးပြုထားသော ပလတ်စတစ်ပိုက်များ ဆွေးမြည့်မှုမှတစ်ဆင့် ရေထဲသို့ ရောက်ရှိနိုင်သည် . . ."

– ရေတိုကျန်းမာရေးအန္တရာယ်အဖြစ် ခန္ဓာကိုယ်က ပြင်ပပစ္စည်းတစ်ခုဝင်လာသည်ကို တုံ့ပြန်သည့်လက္ခဏာများပြတတ်သည်။ အစားအစာမှတစ်ဆင့် နာနိုပလတ်စတစ်အမှုန်များ အမြောက်အမြားဝင်သွားလျှင် အစာအိမ်နှင့် အူလမ်းကြောင်းကို ရောင်ရမ်းမှုဖြစ်စေပြီး ဗိုက်အောင့်ခြင်း၊ အစာမကြေခြင်းတို့ ဖြစ်စေနိုင်သည်။ ပလတ်စတစ်တွင် ကပ်ပါလာသည့် ဓာတုပစ္စည်းများကြောင့် အရေပြားယားယံခြင်း၊ Allergic Reactions ခေါ် ဓာတ်မတည့်ခြင်းတို့ ဖြစ်စေနိုင်ပြီး တချို့သူများတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ အနည်းငယ် မအီမသာဖြစ်ခြင်းမျိုး ကြုံရနိုင်သည်။ ခန္ဓာကိုယ်၏ ခုခံအားစနစ်က ထိုအမှုန်များကို တိုက်ထုတ်နိုင်ရန် ကြိုးစားသည့်အတွက် ဆဲလ်များတွင် ရောင်ရမ်းမှုဖြစ်ပေါ်စေသည်။

– ရေရှည် ကျန်းမာရေးအန္တရာယ်အဖြစ် လူသက်တမ်းကို တိုစေသည်။ နှစ်နှင့်ချီပြီး ခန္ဓာကိုယ်ထဲစုဝေးလာသည့်အခါ ကိုယ်တွင်းအင်္ဂါများ ပျက်စီးစေသည်။ နာနိုပလတ်စတစ်အမှုန်များက သွေးကြောထဲမှတစ်ဆင့် အသည်း၊ ကျောက်ကပ်နှင့် အဆုတ်ထဲတွင် အနည်ထိုင်စုပုံလာပြီး ထိုအင်္ဂါအစိတ်အပိုင်းများ၏ လုပ်ဆောင်ချက်ကို တဖြည်းဖြည်းကျဆင်းစေသည်။ ဟော်မုန်းစနစ်ကို ကမောက်ကမဖြစ်စေသည်။ ပလတ်စတစ်တွင်ပါသည့် BPA ခေါ် ဓာတုပစ္စည်းများက လူ့ခန္ဓာကိုယ်၏ သဘာဝဟော်မုန်းများကို တုပနိုင်သဖြင့် မျိုးပွားစနစ်ကိုထိခိုက်စေကာ ကိုယ်အလေးချိန် ရုတ်တရက်တက်ခြင်းမျိုး ဖြစ်စေနိုင်သည်။ ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ ပြဿနာများဖြစ်စေသည်။ ပလတ်စတစ် အမှုန်အမွှားလေးများက ဦးနှောက်ထဲအထိ ရောက်သွားနိုင်သည့် အတွက် ရေရှည်တွင် အယ်လ်ဇိုင်းမားသို့မဟုတ် ပါကင်ဆန်ကဲ့သို့ အာရုံကြောဆိုင်ရာရောဂါများဖြစ်ပွားရန် အခွင့်အလမ်းပိုများစေသည်။ မျိုးရိုးဗီဇပြောင်းလဲခြင်း (DNA Damage) ဖြစ်စေသည်။ ဆဲလ်များထဲအထိ ထိုးဖောက်ဝင်ရောက်ပြီး DNA ကို ပျက်စီးစေနိုင်သဖြင့် ကင်ဆာရောဂါဖြစ်ပွားမှုကိုအားပေးသည်။ နှလုံးသွေးကြောဆိုင်ရာရောဂါများ ခံစားရနိုင်သည်။ သွေးကြောနံရံများတွင် ပလတ်စတစ်အမှုန်များစုပုံလာလျှင် သွေးကြောကျဉ်းခြင်း၊ သွေးတိုးခြင်းနှင့် နှလုံးရောဂါဖြစ်နိုင်ခြေ မြင့်တက်လာခြင်းတို့ကို ဖြစ်ပေါ်စေသည်။

မကြာသေးခင်က ထွက်ရှိလာသော Columbia University ၏ လေ့လာမှုများအရ –

– သောက်ရေသန့် ၁ လီတာဘူး တစ်ဘူးထဲတွင် ပလတ်စတစ်အမှုန်အမွှား ပေါင်း ၂၄၀၀၀၀ ခန့် ပါဝင်နေသည်ကို တွေ့ရှိခဲ့သည်။ ထိုအမှုန်များ၏ ၉၀ ရာခိုင်နှုန်းသည် နာနိုပလတ်စတစ်အမှုန်များဖြစ်နေပြီး ယခင်က ထင်ထားသည်ထက် အဆ ၁၀၀ မက ပိုများနေကြောင်း သိရသည်။

– နာနိုပလတ်စတစ် အမှုန်များကို ယခင်က အစာအိမ်ထဲတွင်သာ ရှိမည်ဟု ထင်ခဲ့ကြသော်လည်း ယခုနောက်ဆုံးစစ်ဆေးမှုများအရ လူသားများ၏သွေးထဲတွင် နာနိုပလတ်စတစ်အမှုန်များစီးဆင်းနေသည်ကို အတည်ပြုနိုင်ခဲ့သည်။

– ကိုယ်ဝန်ဆောင်များ၏ အချင်းထဲတွင် နာနိုပလတ်စတစ်အမှုန်အမွှားများကို တွေ့ရှိရသဖြင့် မွေးဖွားလာမည့် ကလေးငယ်၏ဖွံ့ဖြိုးမှုကိုပါ ထိခိုက်စေသည်။

– နာနိုပလတ်စတစ် အမှုန်များက Blood-Brain Barrier (ဦးနှောက်ဆီသွေးစီးဆင်းမှုအတားအဆီး)ကို ကျော်ဖြတ်ပြီး ဦးနှောက်ဆဲလ်များအထိ ရောက်ရှိနိုင်ကြောင်း တိရစ္ဆာန်များတွင် စမ်းသပ်တွေ့ရှိထားသည်။

ကာကွယ်ရမည့်နည်းလမ်းများ

နိုင်လွန်ဖြင့်လုပ်ထားသည့် လက်ဖက်ရည်ခတ်အိတ်လေးများကို ရေနွေးပူထဲထည့်လိုက်သည့်အခါ နာနိုပလတ်စတစ်အမှုန်ပေါင်း သန်းနှင့်ချီထွက်လာသည်။ ပလတ်စတစ်စဉ်းတီတုံးပေါ် မှီးဖြင့် လှီးသည့်အခါ နာနိုပလတ်စတစ်အမှုန်များ အစားအစာထဲသို့ သိသိသာသာပါသွားတတ်သည်။ တစ်ခါသုံးစက္ကူခွက်များ၏ အတွင်းပိုင်းတွင် ရေမယိုအောင် ပလတ်စတစ်ဖြင့် အလွှာပါးလေးကပ်ထားရာ ရေနွေးပူလောင်းလိုက်လျှင် နာနိုပလတ်စတစ်အမှုန်များထွက်လာသည်။

ထို့ကြောင့် ကာကွယ်ရမည့်နည်းလမ်းတချို့ကို အောက်ပါအတိုင်း အကြံပြုလိုပါသည်။

– တစ်ခါသုံးပလတ်စတစ်ဘူးဖြင့် ထည့်ထားသည့် ရေ (အရည်) နှင့် အစားအစာတို့ကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။

– ပလတ်စတစ်အစား စတီးဘူး၊ ဖန်ဘူး၊ ရွှံ့ထည် စသည့် သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီသောပစ္စည်းများကို ပြောင်းလဲသုံးစွဲပါ။

– ပလတ်စတစ်ဘူးများဖြင့် အစားအစာ နွေးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

– အစားအစာများကို ပလတ်စတစ်ဘူးဖြင့်ထည့်ပြီး အပူမပေးပါနှင့်။

– ပလတ်စတစ် စဉ်းတီတုံးအစားကျောက်၊ ဝါးနှင့် သစ်သားစဉ်းတီတုံးများကို ပြောင်းလဲသုံးစွဲပါ။

– ပီကေကို မကြာခဏ စားသုံးပါက လူ့ကိုယ်တွင်းသို့ အလွန်သေးငယ်သည့် နာနိုပလတ်စတစ်အမှုန်အမွှားများ ရောက်ရှိသွားနိုင်ကြောင်းနှင့် ပီကေ တစ်ဂရမ်လျှင် ပျမ်းမျှ နာနိုပလတ်စတစ်အမှုန်အမွှား ၁၀၀ အထိ ထုတ်ပေးနိုင်ကြောင်းကို အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသီများက တွေ့ရှိထားသည်။ ထို့ကြောင့် နာနိုပလတ်စတစ်အန္တရာယ်ကင်းစေရန် ပီကေဝါးခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်သည်။

– Reverse Osmosis (RO) စနစ်ပါသော ရေစစ်က နာနိုပလတ်စတစ်အမှုန်များကို အတော်အသင့် ဖယ်ရှားပေးနိုင်သည်။

တောင်ကိုရီးယားနိုင်ငံ ဘူဆန်အမျိုးသားတက္ကသိုလ်မှ သုတေသနပညာရှင်များသည် ရေထုအတွင်းပါဝင်နေသော နာနိုပလတ်စတစ်အမှုန်များကို ၁၀ မိနစ်အတွင်း ၉၅ ရာခိုင်နှုန်းကျော်အထိ ဖယ်ရှားနိုင်သည့် နည်းပညာသစ်ကို အောင်မြင်စွာ ရှာဖွေတွေ့ရှိခဲ့ကြောင်း နိုင်ငံတကာ သတင်းတချို့တွင် ဖော်ပြထားသည်။ အဆိုပါနည်းပညာသည် ယခင်အသုံးပြုခဲ့သောနည်းလမ်းများထက် အချိန်ကုန်သက်သာပြီး ကုန်ကျစရိတ်လည်းနည်းပါးသည်။ သောက်သုံးရေသန့်စင်ရေး၊ စွန့်ပစ်ရေဆိုးသန့်စင်ရေးနှင့် မြို့ပြရေပေးဝေရေးစနစ်များတွင် အသုံးပြုနိုင်မည်ဟုဆိုသည်။

အချုပ်အားဖြင့်ဆိုရလျှင် သန့်ရှင်းသော သောက်သုံးရေကို လူတိုင်းသုံးစွဲနိုင်ရေးသည် ကျန်းမာသောဘဝတစ်ခု တည်ဆောက်ရာတွင် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။ နာနိုပလတ်စတစ်အမှုန်ကို ရေထဲမှ ရာနှုန်းပြည့်ဖယ်ရှားရန် ခက်ခဲသော်လည်း တစ်ခါသုံးပလတ်စတစ်ဘူးများဖြင့် ရေသောက်ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ခြင်း၊ အရည်အသွေးမြင့်ရေစစ်များကို အသုံးပြုခြင်း၊ ရေကိုကျိုချက်သောက်ခြင်းနည်းလမ်းများဖြင့် နာနိုပလတ်စတစ်အန္တရာယ်ကို လျော့ချနိုင်ကြောင်း သိပ္ပံပညာရှင်များက အကြံပြုထားသည်။

သောက်သုံးရေအတွင်း သာမန်မျက်စိဖြင့်မမြင်နိုင်သော နာနိုပလတ်စတစ်အမှုန်များပါဝင်နေမှုသည် ယခုအခါ ကမ္ဘာတစ်ဝန်း၌ စိုးရိမ်ဖွယ်ရာ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ခုဖြစ်လာသည်။ ထို့ကြောင့် အများပြည်သူအနေဖြင့်လည်း နာနိုပလတ်စတစ်အန္တရာယ်ကို အထူးသတိပြုဆင်ခြင်ကြရန် အကြံပြုရေးသားလိုက်ရပါသည်။

ပေါက်ပေါက်

မြစ်သားမြို့နယ်၌ ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ကျင်းပ

မြစ်သား မေ ၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်းပြီး ပြည်သူများ ကျန်းမာရေးနှင့်အညီနေထိုင်နိုင်ရန် ရည်ရွယ်၍ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို မေလ ၈ ရက်က ဘူတာရုံကွက် ဓမ္မာရုံ၌ကျင်းပသည်။

ရှေးဦးစွာ မြစ်သားမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေကြည်က ကျန်းမာရေးအသိပညာပေးဟောပြောပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ဆရာမကြီးဒေါ်ခင်မြဝင်းက သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရန်၊ ကိုယ်ဝန်ဆောင်မိခင်များ ကာကွယ်ဆေးထိုးနှံပေးရန်နှင့် ရောဂါမဖြစ်ပွားအောင်ကာကွယ်ရန် စသည့်ကျန်းမာရေးအသိပညာပေးအကြောင်းအရာများကို ဆွေးနွေးဟောပြောသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေကြည်နှင့်အဖွဲ့ဝင်များက ဟောပြောပွဲသို့ တက်ရောက်လာသူများထံ ဆေးစိမ်ခြင်ထောင်နှင့် Royal-D ဓာတ်ဆားထုပ်များ ဖြန့်ဝေပေးကြောင်း သိရသည်။

ဝါဝါမြင့် (မြစ်သား)

အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်နေမှုနှင့် မြို့သန့်ရှင်းသာယာရေးဆောင်ရွက်နေမှု ကယားပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး



လွိုင်ကော် မေ ၉

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံမော်သည် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ပေါ်ရှိ ထေးဌားလျားအခြေခံပညာအထက်တန်းကျောင်း (ခွဲ)နှင့် နာနတ်တော အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတို့သို့သွားရောက်၍ အကြမ်းဖက်သောင်းကျန်းသူများကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် စာသင်ဆောင်များအား အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေးဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သီရိမင်္ဂလာတောင်ကွဲစေတီတော်နှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

သုတ(ပြည်နယ်ပြန်/ဆက်)

မိသားစု တစ်ပိုင်တစ်နိုင် ဥစားကြွက်နှင့်အသားတိုးဝက်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲကျင်းပ



ဟားခါး မေ ၉

ချင်းပြည်နယ် မိသားစုတစ်ပိုင်တစ်နိုင် ဥစားကြွက်နှင့် အသားတိုးဝက်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲ ၂ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က မိသားစုတစ်ပိုင်တစ်နိုင် ဥစားကြွက်နှင့် အသားတိုးဝက်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲမှတစ်ဆင့် မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရာတွင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မွေးမြူသူများပိုမိုသိရှိ၊ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ပြီး ချင်းပြည်နယ်၏ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်းပြောကြားပြီး မွေးမြူသူများကိုယ်စား မွေးမြူသူတစ်ဦးကို တိရစ္ဆာန်အစာများနှင့် တိရစ္ဆာန်ကုသဆေးဝါးများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲအစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)နွေရာသီ အခြေခံဂီတ၊ အဆို၊ အကနှင့် ပန်းချီ၊ ပန်းပုသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ



မန္တလေး မေ ၉

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)က ဖွင့်လှစ်သင်ကြားခဲ့သော နွေရာသီအခြေခံ ဂီတ၊ အဆို၊ အကနှင့် ပန်းချီ၊ ပန်းပုသင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ်အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လူမှုရေးရာဝန်ကြီးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုလက်မှတ်နှင့်ဆုများပေးအပ်ချီးမြှင့်၍ ကျောင်းသား၊ ကျောင်းသူများ၏ ပန်းချီ၊ ပန်းပု လက်ရာမွန်များကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)

ချစ်ခြင်းတရားဖြင့်

❖ “ တစ်စထင်းချောင်း
ဖြောင်းခနဲ ချိုး၊ အလွယ်ကျိုးငြား
တိုးဖြည့်ကာထား၊ ထင်းချောင်းများစွာ
ချိုးကား မပိုင်၊ အင်အားမြိုင် ” သို့
ခိုင်မာ ဂုဏ်ထု၊ စိုက်ထူပြုခဲ့
စုစည်းသက်သေ၊ အမြဲတေကား
သန္ဓေတည်ရစ် မျိုးချစ်သွေး။

❖ မျိုးချစ်သွေးလျှင်
“ အရေးကြီးက၊ သွေးနီးရအောင် ”
“ အရေးကြုံက၊ သွေးဆုံရအောင် ”
“ အရေးရှိက၊ သွေးညှိရအောင် ”
“ အရေးပေါ်က၊ သွေးခေါ်ရအောင် ”
မြန်မာ့သမိုင်း၊ အရိုင်းမခံ
ဖိတ်လျှံ နီစွေး၊ တပ်လှန့်ပေးသည်
သွေးစည်းပန္နက် သက်သေတည်း။

❖ သွေးစည်းတွဲယှက်၊ သမိုင်းဆက်ကာ
သက်သေတည်မြဲ၊ ပြည်ချစ်စွဲဖြင့်
မြဲမြံဆုပ်ထား၊ တို့လက်များလျှင်
နိုးကြားယှဉ်တူ၊ မကွဲမူဘဲ
ဘယ်သူဖြိုဖြို၊ သွေးခွဲလိုလည်း
ဘယ်လိုထိပါး၊ စွက်ဖက်ငြားလည်း
ဝါးစည်းပမာညီ၊ တစ်သားတည်းတည်ခဲ့
“ ပြည်ထောင်စုစိတ်ဓာတ် အလှတရား ”။

❖ “ ပြည်ထောင်စုစိတ်ဓာတ်”၊ စဉ်ကိန်းဝပ်၍
ရပ်တည် ချီလှမ်း၊ ငြိမ်းချမ်းရေး“မူ”
တူယှဉ် ရှိထား၊ ညီညွတ်အားနှင့်
မားမတ်ရှင်သန်၊ မျိုးချစ်မာန်နှင့်
မြန်မာဇာတိ၊ ဂုဏ်အရှိမို့
ထိကမခံ၊ တို့ဆက်ခံမည်
အောင်လံလူလွှင့် မိုးထက်ပျံ။
ခွင့်တူညီမျှ တို့နိုင်ငံ။
တို့တွေ စွဲမှတ် သန္နိဋ္ဌာန်။
ချစ်ခြင်းတရားဖြင့် အောင်ပွဲခံ။ ။

မင်းသွေးနွယ်(ဇီးကုန်း)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့၏ ၂၀၂၆ ခုနှစ်၊ ပြည်နယ်နှစ်ပတ်လည်အစည်းအဝေးပြုလုပ်



တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်က မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့၏ ၂၀၂၆ ခုနှစ်၊ ပြည်နယ်နှစ်ပတ်လည်အစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။

နေပြည်တော် မေ ၉

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့၏ ၂၀၂၆ ခုနှစ်၊ ပြည်နယ်နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ပိုင်းတွင် ကျိုင်းတုံမြို့ရှိ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နာယက၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့်အဖွဲ့ဝင်များ၊ ပြည်နယ် အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြို့နယ်(၈)မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး တိုင်းမှူးနှင့် အဖွဲ့ဝင်များက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။ ယင်းနောက်နယ်မြေခံတပ်မတော်ဆေးရုံမှ နယ်လှည့်ဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ကျန်းမာရေးစောင့်ရှောက်ဆောင်ရွက်ပေးရာ တိုင်းမှူးနှင့်အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ သောက်သုံးရေကန်များ၊ ဆေးရုံ၊ လမ်းများနှင့် ဈေးများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးက နယ်မြေခံတပ်မတော်သားများ သန့်ရှင်းရေးဆောင်ရွက်နေမှုကိုကြည့်ရှုအားပေးစဉ်။

နေပြည်တော် မေ ၉

တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်း ရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ၆ မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့တို့ရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ သောက်သုံးရေကန်များ၊ ဆေးရုံ၊ လမ်းများနှင့် ဈေးများ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချို့နွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင်အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့်ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။ (၁၀၀)



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ချို့နွယ်ပေါင်းမြက်များ ရှင်းလင်းပေးစဉ်။

▲ ကျောဖုံးမှအဆက်

စက်မှုဇုန်များရှိ အလုပ်ဌာနများနှင့် ညှိနှိုင်းချိတ်ဆက်၍ တစ်လလျှင် တစ်ကြိမ် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အလုပ်သမားဆေးရုံကြီး (ရန်ကုန်) နှင့် (မန္တလေး) တို့တွင် နာတာရှည် ကျောက်ကပ်ရောဂါလူနာများအတွက် ကျောက်ကပ်သွေးသန့်စင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် အလုပ်သမားဆေးရုံကြီးများနှင့် မြို့နယ်လူမှုဖူလုံရေး ဆေးခန်းများအတွက် လိုအပ်သော ဆေးပစ္စည်းကိရိယာများ ဝယ်ယူဖြည့်တင်းပေးလျက်ရှိပြီး ရောဂါရှာဖွေစစ်ဆေးသည့် ဝန်ဆောင်မှုများကို လည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြဝတီ

မှတ်သားဖွယ်ရာမိုးရေချိန်များ

၉-၅-၂၀၂၆

ရန်ကုန် (ကျောက်တန်း)	၅	ဒသမ	၁၆	လက်မ
လယ်ဝေး	၄	ဒသမ	၉၂	လက်မ
ခရမ်း	၄	ဒသမ	၀၁	လက်မ
သန်လျင်	၃	ဒသမ	၄၃	လက်မ
ဘီးလင်း	၃	ဒသမ	၁၉	လက်မ
ရန်ကုန်(ဗိုလ်တထောင်မြို့နယ်)	၂	ဒသမ	၈၈	လက်မ

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအားတွေ့ဆုံ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ရှမ်းပြည်နယ်(တောင်ပိုင်း)ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်စဉ်။

နေပြည်တော် မေ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုမိန်းမြို့၊ လဲချားမြို့၊ ကာလိမြို့၊ နမ့်စန်မြို့နှင့် လင်းခေးမြို့တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်၊ ခရေရိပ်သာ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့အသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်းသတင်းရရှိသည်။ (၁၀၀)

နိပါတ်တော်လာသိမှတ်စရာ

ညီညွတ်ခြင်း၏ တန်ဖိုး(ရုက္ခဓမ္မဇာတ်)



မြတ်စွာဘုရားရှင်သည် ရောဟိဏီမြစ်ရေကို ပိုင်ဆိုင်လိုမှုဖြင့် ခိုက်ရန်ဒေါသဖြစ်ပွားနေကြသော ဆွေတော်၊ မျိုးတော်တို့အား "ဆွေမျိုးတို့သည် ညီညွတ်သင့်ကြ၏။ အချင်းချင်း ဝမ်းမြောက်ဝမ်းသာ ရှိသင့်ကြ၏။ ဆွေမျိုးအချင်းချင်း အညီအညွတ်ရှိခဲ့ကြသော် ရန်သူတို့သည်ပင် ကြားဝင်ဖျက်ဆီးခွင့် မရနိုင်။ သက်ရှိဖြစ်သော လူအများကို မဆိုနှင့်ဦး၊ သက်မဲ့ဖြစ်သော သစ်ပင်တို့သည်ပင်လျှင် အချင်းချင်း အပြန်အလှန် ယှက်နွယ်ဆက်စပ်၍ တည်ရှိနေပါက လေပြင်းမုန်တိုင်းတို့က မဖျက်ဆီးနိုင်ရာ" ဟု ဟောကြားဆုံးမ၍ ရုက္ခဓမ္မဇာတ်ကို ဆောင်တော်မူလေသည်။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံနေစဉ် ကာလဖြစ်၏။ ဝေဿဝဏ်နတ်မင်းကြီးစုတေသဖြင့် သိကြားမင်းသည် နတ်သားအသစ်တစ်ပါးအား ခန့်အပ်လေသည်။ ဝေဿဝဏ်နတ်မင်းအသစ်သည် ဝေဿဝဏ်ရာထူးရသည်ဆိုလျှင်ပင် လက်အောက်ခံနတ်ငယ်များအား မိမိတို့အလိုရှိနှစ်သက်ရာ သစ်ပင်ကြီးငယ်၊ ချုံနွယ်များကို ဘုံဗိမာန်အဖြစ် အသုံးပြုရန် မိမိတို့ဆန္ဒအရ ရွေးချယ်ကြရန် အမိန့်ထုတ်ပြန်လေသည်။

ထိုအချိန်တွင် ဘုရားလောင်းသည် ဟိမဝန္တာမှ အင်ကြင်းတောတစ်ခုတွင် ရုက္ခစိုးနတ်ဖြစ်၍နေ၏။ ဘုရားလောင်းသည် ဆွေမျိုးများဖြစ်ကြသည့် နတ်များကို လွှင့်ပြင်ထီးတည်း၌ ပေါက်ရောက်နေသည့် သစ်ပင်များကို ဘုံဗိမာန်အဖြစ် မရွေးချယ်ကြရန်နှင့် အင်ကြင်းတောအတွင်းရှိ သူ့ဗိမာန်အနီးဝန်းကျင်မှ သစ်ပင်များကိုသာ ရွေးချယ်ကြရန် နှိုးဆော်လေသည်။

ဘုရားလောင်း၏ အမြော်အမြင်ကြီးမားသော တိုက်တွန်းနှိုးဆော်မှုကို အချို့နတ်များက လိုက်နာ၍ အချို့နတ်များက မလိုက်နာကြပေ။ မလိုက်နာသော နတ်များက "ငါတို့သည် လူသူမနီး တောထဲက ဗိမာန်ကို အလိုမရှိ။ လူတို့နှင့် နီးစပ်မှသာ လာဘ်လာဘပေါများနိုင်မည်။ ထို့ကြောင့် ငါတို့သည် မြို့၊ ရွာ၊ မင်းနေပြည် အနီးအနားတွင်သာ ဗိမာန်ရွေးချယ်ကြမည်" ဟု အကြောင်းပြ ပြောဆိုကာ လူနေဝန်းကျင်ရှိ လွင်တီးခေါင်မှ သစ်ပင်ကြီးများတွင် ရွေးချယ်နေထိုင်ကြလေ၏။

တစ်နေ့တွင် မိုးသက်လေပြင်းကြီးကျရောက်လေရာ လွှင့်ပြင်၌ ထီးတည်းတည်ရှိနေကြသော သစ်ပင်ကြီးများမှာ အမြစ်ပါမကျန်အောင် ပြိုလဲပျက်စီးကြ၏။ တစ်ပင်နှင့်တစ်ပင် အချင်းချင်း အကိုင်းအခက်များဖြင့် ယှက်နွယ်ဆက်စပ်နေကြသော အင်ကြင်းတောရှိ သစ်ပင်များမှ ဗိမာန်များကမူ တစ်စုံတစ်ရာ ထိခိုက်ပျက်စီးခြင်းမရှိကြပေ။

လွှင့်တီးခေါင်နေရာမှ ဗိမာန်များပျက်စီးခဲ့ရသော နတ်များမှာ အင်ကြင်းတောသို့ ခိုလှုံရန် ရောက်ရှိလာကြ၏။ မိမိတို့ကြုံတွေ့လာခဲ့ရသည့် ဆင်းရဲဒုက္ခများကို ပြောပြသည့်အခါ ဘုရားလောင်း ရုက္ခစိုးနတ်က "ဆွေမျိုးများခြင်းသည် ကောင်း၏။ သစ်ပင်တို့များခြင်းသည်လည်း ထို့အတူပင် ကောင်း၏။ တစ်ပင်တည်း ထီးတည်းပေါက်ရောက်နေသော သစ်ပင်တို့အား လေပြင်းသည် လှဲဖြိုဖျက်ဆီးနိုင်၏" ဟု တရားပြလေသည်။ ဇာတ်ပေါင်းသော် ယခင်က နတ်များသည် ဗုဒ္ဓ၏ ပရိသတ်၊ ပညာရှိရုက္ခစိုးသည် ဗုဒ္ဓဖြစ်လေ၏။ နိပါတ်တော်လာ သိမှတ်စရာအနေဖြင့် အကွဲကွဲအပြားပြားမဖြစ်ဘဲ အပြန်အလှန်အမှီသဟဲ ပြုလျက် စည်းစည်းလုံးလုံး နေထိုင်ကြရမည်ဖြစ်ကာ ညီညွတ်ခြင်း၏တန်ဖိုးကို သိရှိနားလည်ကြရမည် ဖြစ်ပါသည်။ ။

သုတကြွယ်

မြန်မာ့ရိုးရာကစားနည်း

ဖန်ခုန်တမ်း ကစားခြင်း



ဖန်ခုန်တမ်းကစားနည်းသည် မြန်မာကလေးငယ်များ ပျော်ရွှင်စွာကစားကြသည့် ကစားနည်းတစ်မျိုးဖြစ်သည်။ အများအားဖြင့် မိန်းကလေးများ ကစားကြလေ့ရှိသည်။ ဦးစွာ မိန်းကလေးနှစ်ဦးက မြေကြီးပေါ်တွင် မျက်နှာချင်းဆိုင်ထိုင်ကြရပြီးမှ ခြေထောက်များကို ဆင်းထားကြပြီးလျှင် ခြေဖဝါးချင်းထိသည်အထိ ပြင်၍ထိုင်ကြသည်။

ထို့နောက် ခြေထောက်တစ်ဖက်၏ ခြေချောင်းကလေးများပေါ်တွင် အခြားခြေထောက်တစ်ဖက်၏ ဖနောင့်ကိုတင်လိုက်ရသည်။ အခြားတစ်ယောက်ကလည်း သူ၏ခြေဖနောင့်ကို ပထမကစားသူ၏ ဒုတိယခြေထောက်မှ ခြေဖျားများပေါ်တွင် တင်လိုက်ရသည်။ ပြီးလျှင် နောက်ခြေတစ်ဖက်၏ ဖနောင့်ကိုပါ ပထမခြေထောက်၏ခြေချောင်းများပေါ်တွင်တင်လိုက်ပြန်သည်။ ထိုသို့ ခြေဖဝါးလေးခု တစ်ခုအပေါ်တစ်ခု တင်ထားသည်ကို ကစားသူတစ်ယောက်က လွှတ်အောင်ခုန်ရလေသည်။

လွှတ်အောင်ခုန်နိုင်ခဲ့လျှင် မျက်နှာချင်းဆိုင်ထိုင်သော ကစားသူနှစ်ဦးအနက် တစ်ဦးကသူ၏ လက်ကိုတင်လိုက်ပြီး လက်မကို ခြေမပေါ်တွင်တင်၍ အပေါ်သို့မြှောက်ကာ ထွာလိုက်ရသည်။ ပြီးလျှင် ခုန်သူက ထိုအမြှင့်ကို ထပ်မံ၍ခုန်ရသည်။ လွှတ်အောင်ခုန်နိုင်ပြန်လျှင် နောက်တစ်ဖန် ကျန်လက်တစ်ဖက်ကို ပထမလက်တစ်ဖက်ကဲ့သို့ ထပ်၍ ထွာရပြန်သည်။ ပြီးလျှင် ခုန်စေပြန်သည်။ ထိုအချိန်၌လည်း လွှတ်သေးလျှင် အခြားတစ်ယောက်၏လက်ကို ထွာစေပြီးလျှင် လွှတ်အောင်မခုန်နိုင်တော့လျှင်မူ ထိုသူသည် ထိုင်သူအဖြစ် တစ်လှည့်ဆောင်ရွက်ရလေသည်။

မျက်နှာချင်းဆိုင်နှစ်ယောက်၏ ခြေလေးဖက်နှင့် လက်လေးထွာကို လွှတ်အောင်ခုန်နိုင်လျှင် ဘေးမှ ကစားသူတစ်ယောက်က ထိုင်နေသူနှစ်ယောက်အနက် တစ်ယောက်အနီးတွင် ဝင်ထိုင်လိုက်ပြီးလျှင် ကူ၍ထွာပေးရလေသည်။

ထိုသို့ အမြင့်ခုန်နိုင်သောအခါ မျက်နှာချင်းဆိုင်ထိုင်နေသော ကစားသူနှစ်ဦးသည် သူတို့၏ ခြေထောက်များကို လေးထောင့်နီးပါးဖြစ်အောင် ပြင်လိုက်ကြသည်။ ထိုလေးထောင့်ကွက်အတွင်းသို့ ခုန်သူ၏ ခြေထောက်တစ်ဖက်ကိုထား၍ ကျန်တစ်ဖက်ကို အပြင်တွင်ထားရသည်။ ထို့နောက် ခုန်ပြီးသည်နှင့် ခြေထောက်ချင်းလဲလိုက်ရသည်။ တစ်ခါတစ်ရံတွင် ထိုသို့မခုန်ဘဲ ခြေထောက်လေးချောင်းကြောင့် ဖြစ်ပေါ်နေသော လေးထောင့်ကွက်အတွင်းသို့ ခြေထောက်မကျစေဘဲ လွှတ်အောင်ခုန်ရလေသည်။

ပထမနည်းဖြင့် ခြေထောက်တစ်ဖက်စီကို အတွင်းနှင့်အပြင်သို့ တစ်လှည့်စီကျအောင်ခုန်နေစဉ် မူးစေ့၊ မတ်စေ့၊ ကျပ်ပြား၊ ဒင်္ဂါး၊ မုန့်ဝယ်စား၊ ဗိုက်ကားစသည်ဖြင့် တစ်ခါခုန်လျှင် တစ်မျိုးစီ ဆိုသွားလေ့ရှိသည်။ ကျေးလက်ဒေသများတွင် ယနေ့တိုင် မြန်မာကလေးငယ်များ ပျော်ရွှင်စွာဆော့ကစားလျက်ရှိသည့် မြန်မာ့ရိုးရာကစားနည်းတစ်မျိုးပင်ဖြစ်ပါသည်။ ။

မောင်ရင်သွေး

ရယ်စရာပျံနှာ

မဲဇာတော ဥပမာ

လှတောသူ လှတောသားများက အစားကောင်းကြိုက်သည်။ ဟင်းစပ်တည့်အောင်လည်း ဖွယ်ဖွယ်ရာရာ ပြင်ဆင်ကြလေ့ရှိသည်။ လှတောသူ အိမ်ရှင်မကြီးတစ်ဦး အမဲသားတစ်တွဲဝယ်၍ ချက်ပြုတ်ရန် ကျကျနန ပြင်ဆင်နေသည်။

ထိုစဉ် ဟင်းအိုးတည်နေခိုက် ဧည့်သည်လာသဖြင့် စကားကောင်းနေသည့်အတွက် တစ်ဖက်အိမ်မှ အိမ်ခွဲသမီးဖြစ်သူကို လှမ်း၍ အကူအညီတောင်းရသည်။

"သမီးရေ၊ ဟင်းအိုးထဲ ရေလေးနည်းနည်း ထည့်ပါကွယ်"

သမီးဖြစ်သူ ရေထည့်များသွားဟန်တူသည်။ ဟင်းအိုးထဲမှ မည်သည့်မွှေးရနံ့မျှ ထွက်မလာ။ ချင်းနံ့၊ မဆလာနံ့လည်း မရ။ ဧည့်သည်ပြန်သွားသည်နှင့် မိခင်ဖြစ်သူ ဟင်းအိုးရှိရာဆီသို့ ခပ်သုတ်သုတ်ဝင်လာသည်။ အကြောင်းရင်းကို သိသည်နှင့် သမီးဖြစ်သူကို ပြောလိုက်ပုံမှာ –

"ဟင်းအိုးထဲ ရေနည်းနည်းထည့်ပါပြောလိုက်တာ၊ အခုတော့ ကာဘိုးဆည်ကြီး ဟင်းအိုးထဲ ရောက်နေပါပေါ့လား"

သမီးဖြစ်သူမှာ ရေများသွားပြီဟုသိလိုက်၍ ဆင်ခြေပေးရန် စဉ်းစားနေစဉ် မိခင်က

"ဟင်းတုံးတောင် မမြင်ရတော့ဘူး။ ဒီလောက် ရေထည့်ချင်ရင်လည်း ရေကန်ထဲမှာ အမဲသား ထည့်ပြီး မီးထိုးပါတော့လား။ အခုအတိုင်းဆိုရင် မဲဇာတောတစ်တောလုံးခုတ်ပြီး မီးထိုးရင်တောင် ရေခန်းမှာ မဟုတ်ဘူး" ဟု ဆက်၍ ပြောလိုက်ရာ သမီးဖြစ်သူလည်း ရယ်မော၍ ဆင်းပြေးလေတော့သည်။ ။

ဗိုးပြိုးချို

တောင်သူများနှင့် လက်တွဲဆွေးနွေးခဲ့ကြသည့် "ရေ" ဆိုင်ရာ ဗဟုသုတများ

ဒေါက်တာပပဝင်း(စိုက်/သု)

ရေသည် စိုက်ပျိုးရေး၏ အသက်သွေးကြောဖြစ်သောကြောင့် စနစ်ကျသည့် "ရေ" စီမံခန့်ခွဲမှုသည် တောင်သူများ၏ လူမှုစီးပွားဘဝကိုမြှင့်တင်ပေးမည့် သော့ချက်ပင်ဖြစ်သည်၊ ရာသီဥတုပြောင်းလဲမှုများနှင့် ရင်ဆိုင်နေကြရသည့် ယနေ့ခေတ် စိုက်ပျိုးရေးကဏ္ဍတွင် ရေအရင်းအမြစ်ကို အကျိုးရှိရှိအသုံးချနိုင်ရေးသည် အရေးပါသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာသည်။ ရေကို အလေအလွင့်မရှိစေဘဲ အပင်၏လိုအပ်ချက်နှင့်အညီ အချိန်ကိုက်၊ အချိုးကျပေးသွင်းနိုင်ခြင်းသည် ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်၏အခြေခံအုတ်မြစ်ဖြစ်ရာ တောင်သူဦးကြီးများနှင့်ပညာရှင်များရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့သည်များကိုအခြေခံ၍ ထိရောက်သော ရေသုံးစွဲမှုနည်းစနစ်များ၊ အစိုဓာတ်အပေါ်မူတည်၍ ပြန်လည်ရရှိလာမည့်အထွက်နှုန်းနှင့် ရေတစ်ယူနစ်၏ တန်ဖိုးကိုအမြင့်ဆုံးဖော်ဆောင်နိုင်သည့် ဗဟုသုတများအား အနှစ်ချုပ်ထုတ်နုတ်တင်ပြသွားမည်ဖြစ်သည်။

ရေအရင်းအမြစ်ရရှိသုံးစွဲမှုဆိုင်ရာ စိန်ခေါ်မှုများ

၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေသန်း ၉၀၀၀ ထိတိုးလာနိုင်ပြီး အစားအစာလိုအပ်ချက်မှာ ၇၀ ရာခိုင်နှုန်းခန့်ထိတိုး၍ လိုအပ်လာမည်ဖြစ်ရာ အဆိုပါလိုအပ်ချက်ကို ဖြည့်တင်းရန်အတွက် တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရာတွင်အသုံးပြုရမည့် ရေလိုအပ်ချက်မှာ (၅၀ ရာခိုင်နှုန်း - ၈၀ ရာခိုင်နှုန်း) အထိ တိုးမြင့်လာနိုင်သည်။ ယခုအချိန်အခါသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများဖြစ်သည့် ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရွာသွန်းမှုပုံစံမမှန်ခြင်း၊ ဆည်မြောင်း၊ ကန်၊ ချောင်းများအတွင်း ရေဝင်ရောက်မှုနည်းပါးလာခြင်း၊ ရေဝေရေလဲဇရိယာများပျက်စီးပြီး ရေအရင်းအမြစ်များရှားပါးလာခြင်းနှင့် နည်းပညာအားနည်း၍ သမားရိုးကျရေသွင်းနည်းစနစ်များကိုသာအသုံးပြုနေရသောကြောင့် ရေအလေအလွင့်များပြားခြင်း စသည့် အခြေအနေများနှင့်တွေ့ကြုံနေကြရသည့် အချိန်အခါဖြစ်သည်။ "နည်းစနစ်ကျသော ရေအသုံးချမှုမှသည် အမြင့်ဆုံးသော သီးနှံအထွက်နှုန်းဆီသို့" ရောက်ရှိရန်မှာ သီးနှံပင်များ၏ရေလိုအပ်ချက်ကိုဖြည့်ဆည်းပေးရုံသာမက ရေအရည်အသွေးနှင့် မြေဆီလွှာအစိုဓာတ်ကိုထိန်းသိမ်းပေးနိုင်မည့် နည်းပညာရပ်များကိုပေါင်းစပ်၍ စိုက်ပျိုးလုပ်ကိုင်မှသာလျှင် အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။

ထိရောက်သော ရေသုံးစွဲမှု (Effective Water Use Efficiency)

ထိရောက်သော ရေသုံးစွဲမှုဆိုသည်မှာ နည်းပညာကိုအသုံးပြု၍ သီးနှံပင်များ၏ ရေလိုအပ်သည့်အချိန်၊ လိုအပ်သည့် ရေပမာဏကို အလေအလွင့်မရှိနည်းစနစ်မှန်ကန်စွာ ထည့်သွင်းပေးခြင်းဖြစ်သည်။ ထိသို့ရေကိုထိရောက်စွာသုံးစွဲခြင်းကြောင့် ရေ၏အရည်အသွေးကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်း၊ ရေတစ်ယူနစ် (Unit of Water) သုံးစွဲမှုအပေါ်မူတည်၍ ထွက်ရှိလာမည့် အထွက်နှုန်းကို တိကျစွာ တွက်ချက်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သည်။

မြေဆီလွှာအစိုဓာတ်စစ်ဆေးနည်း







ထိရောက်သော ရေသုံးစွဲမှုစီမံခန့်ခွဲရေးနည်းပညာများအနက် မြေဆီလွှာအစိုဓာတ်စစ်ဆေးခြင်းမှာ အခြေခံအကျဆုံးဖြစ်ပြီး မဖြစ်မနေလုပ်ဆောင်သင့်သည့် နည်းလမ်းဖြစ်သည်။ လက်တွေ့ကျသည့် မြေဆီလွှာအစိုဓာတ်စစ်ဆေးနည်းမှာ သီးနှံပင်အမြစ်ဇုန်မြေအနက် (၆-၁၂) လက်မရှိ မြေကြီးကိုတူးကာ လက်ဖြင့် ဆုပ်ယူ၍ တင်းတင်းဆုပ်ကြည့်စစ်ဆေးသည့်နည်းဖြစ်သည်။ ထိုသို့စစ်ဆေးရာတွင် မြေကြီးသည် တင်းနေပြီး ပုံသဏ္ဌာန်မပျက်ရှိကာ ရေမထွက်ပါက ရေသွင်းရန်မလိုအပ်သည့် အခြေအနေဖြစ်သည်။ မြေကြီးသည်ချက်ချင်းကွဲသွားပါက ရေသွင်းရန်လိုအပ်သည့်အခြေအနေဖြစ်သည်။ ဆုပ်ထားသည့်မြေကြီးမှရေများစိမ့်ထွက်လာမည်ဆိုပါက ရေများနေသည့်အခြေအနေဖြစ်သည်။ ရေသွင်းရမည့်အနေအထားဖြစ်ပါက ရေသွင်းရမည့်အချိန်နှင့် ပမာဏအား သိရှိရန်လိုအပ်သည်။ ရေသွင်းမိုးမိမဖြစ်စေရန် မိုးရွာနိုင်ခြေ ရှိ/မရှိ ရာသီဥတုကို ကြည့်၍ ရေသွင်းခြင်းကိုဆုံးဖြတ်ရမည်ဖြစ်သည်။ ထို့ပြင် အပူချိန်နှင့်လေတိုက်သည့်အနေအထားပေါ်မူတည်၍ ရေသွင်းအကြိမ်အရေအတွက်ကိုချင့်ချိန်ပြီး သွင်းပေးရမည်ဖြစ်သည်။ နေအပူချိန်ပြင်းသည့် အခါနှင့် လေတိုက်နှုန်းများသည့်အခါတို့တွင် မြေဆီလွှာခြောက်သွေ့ခြင်းမဖြစ်စေရန် ရေကိုမကြာခဏသွင်းပေးရမည်။

အပင်မှရေလိုအပ်သည့်လက္ခဏာ

အပင်ရေလိုအပ်သည့် လက္ခဏာများအနက် အလွယ်တကူသိမြင်နိုင်သည့် လက္ခဏာများမှာ အရွက်များညှိုးကျခြင်း (မနက်စောစောပိုင်း)၊ အရွက်အရောင်ပြောင်းလဲခြင်း (မွဲခြောက်ခြောက်/ နက်မှောင်သည့် အစိမ်းရောင်)၊ အရွက်များလိပ်သွားခြင်း၊ တွန့်လိမ်ခြင်း စသည်တို့ဖြစ်ရာ အဆိုပါလက္ခဏာများမပြမီ ရေပေးသွင်းသင့်သည်။

သီးနှံပင်၏ ရေလိုအပ်ချက် (Crop Water Requirement)

စိုက်ပျိုးထားသော သီးနှံပင်များ၏ ကြီးထွားမှုဖြစ်စဉ်တစ်လျှောက် ကျန်းမာသန်စွမ်းပြီး အကောင်းဆုံးအထွက်နှုန်းရရှိစေရန်အတွက်လုံလောက်သည့်ရေပမာဏ ရှိရန်လိုအပ်သည်။ အဆိုပါလိုအပ်ချက်ကို **ပင်ငွေ့ရေငွေ့ပြန်ခြင်း** (Evapotranspiration - ET) ဟု ခေါ်ဆိုသည်။ သီးနှံပင်အတွက် လိုအပ်သော ET ပမာဏကို မိုးရေဖြင့် လုံလောက်စွာမရရှိနိုင်ပါက ဖြည့်စွက်ရေပေးသွင်းရန်လိုအပ်သည်။ ET ပမာဏထက်ကျော်လွန်၍ ရေပေးသွင်းခြင်းသည် အပင်အတွက် အကျိုးမရှိသည့်အပြင် ရေအရင်းအမြစ်များကို နည်းမျိုးစုံဖြင့် အချည်းနှီးဆုံးရှုံးစေနိုင်သည်။

ပင်ငွေ့ရေငွေ့ပြန်ခြင်း (Evapotranspiration - ET)

ပင်ငွေ့ရေငွေ့ပြန်ခြင်း (ET) ဆိုသည်မှာ-

(က) မြေမျက်နှာပြင်မှ ရေငွေ့ပြန်ခြင်း (Evaporation) - နေရောင်ခြည်အပူရှိန်ကြောင့် မြေဆီလွှာမျက်နှာပြင်ပေါ်ရှိ ရေများအငွေ့ပြန်သွားခြင်းဖြစ်သည်။

(ခ) အပင်မှပင်ငွေ့ပြန်ခြင်း (Transpiration) - အပင်သည် မြေကြီးအတွင်းရှိအစိုဓာတ်ကို အမြစ်များဖြင့်စုပ်ယူပြီး အရွက်၏ လေဖျူပေါက် (Stomata) များမှတစ်ဆင့် လေထုထဲသို့ ရေငွေ့အဖြစ် ပြန်လည်ထုတ်လွှတ်ခြင်း စသည့်ဖြစ်စဉ်နှစ်ခုပေါင်းစပ်မှုကို ခေါ်ဆိုခြင်းဖြစ်သည်။

ရေပိုပေးသွင်းခြင်းကြောင့် ဆုံးရှုံးသွားနိုင်သည့်နည်းလမ်းများ

အပင်လိုအပ်ချက် (ET) ထက်ကျော်လွန်ပြီး ရေသွင်းမိပါက-

(က) မြေမျက်နှာပြင်အောက်သို့ နက်ရှိုင်းစွာစိမ့်ဝင်ဆုံးရှုံးခြင်း (Deep Percolation) - အပင်၏ အမြစ်များ မမီနိုင်တော့သည့် မြေအောက်အနက်ပိုင်းသို့ ရေများစိမ့်ဝင်သွားခြင်းဖြစ်ပြီး ၎င်းနှင့်အတူ မြေဩဇာ (အထူးသဖြင့် နိုက်ထရိုဂျင်) များပါ မျောပါဆုံးရှုံးသွားခြင်းတို့ဖြစ်ပေါ်စေသည်။

(ခ) မြေပေါ်မှ စီးဆင်းဆုံးရှုံးခြင်း (Surface Runoff) - မြေဆီလွှာသည် ရေကိုထပ်မံစုပ်ယူနိုင်တော့သည့်အခါ ပိုလျှံနေသောရေများ စိုက်ခင်းအပြင်ဘက်သို့ စီးဆင်းဆုံးရှုံးသွားခြင်းတို့ကို ဖြစ်ပေါ်စေသည်။

ထို့ပြင် လိုအပ်သည့်ပမာဏထက် ရေပို ရေလျှံခြင်းဖြစ်စဉ်များကြောင့် **မြေဆီလွှာလေဝင်လေထွက်ပိတ်ဆို့ခြင်း၊ တစ်နည်းအားဖြင့် ရေဝပ်ခြင်း (Waterlogging)** - ရေများလွန်းသဖြင့် မြေဆီလွှာရှိလေဝင်ပေါက်များ ရေနှင့်ပြည့်သွားကာ အမြစ်များအသက်ရှူမရသောကြောင့် အမြစ်ပုပ်ခြင်းကိုဖြစ်စေသည်။

သီးနှံပင်များ၏လိုအပ်သောရေပမာဏ

သီးနှံပင်များ၏လိုအပ်သော ရေပမာဏသည် စိုက်ပျိုးခဲ့ရှိမိုးလေဝသအခြေအနေ၊ မြေအမျိုးအစား၊ စိုက်ပျိုးပင်အမျိုးအစား၊ စိုက်ခဲ့နှုန်း သက်တမ်းပေါ်မူတည်သောကြောင့် မိမိတို့စိုက်ပျိုးမည့်ကာလဒေသရှိ မိုးရေခဲ့နှုန်း၊ မိုးရွာရက်တို့အပြင် စိုက်ပျိုးသီးနှံ၏ မျိုး၊ သက်တမ်းနှင့် ကြီးထွားသည့် အဆင့်အလိုက် ရေလိုအပ်ချက်ကိုသိရှိရန် လိုအပ်သည်။

အပင်၏လိုအပ်ချက်အရ ရေပေးသွင်းမည်ဆိုပါက ရေကိုအကျိုးရှိစွာအသုံးချနိုင်ရန် ရေပေးသွင်းမည့်အချိန် (ဥပမာ နံနက်ခင်း၊ ညနေခင်း)နှင့် ရေသွင်းသည့် နည်းစနစ် (ဥပမာ ရေဖျန်းစနစ်၊ အစက်ချရေသွင်းနည်းစနစ်၊ မြောင်းပေါင်းဖြင့်သွင်းသည့်စနစ်၊ စမတ်ရေသွင်းနည်းစနစ်) တို့ကို သိရှိထားပြီး မှန်ကန်စွာလုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်သည်။ အခြေအနေများအပေါ်မူတည်၍ ဖြစ်နိုင်ပါက ရေလိုအပ်သည့်ပမာဏကို မိမိလိုအပ်သည်ထက် **၂ ဆမှ ၅ ဆ**အထိ အပိုဆောင်းထားသင့်သည်။ သီးနှံပင်များ ရေလိုအပ်ချိန်တွင် ပေးသွင်းနိုင်ခြင်းမရှိပါက အထွက်နှုန်း (၁၀-၅၀) ရာခိုင်နှုန်းခန့်လျော့ကျနိုင်သကဲ့သို့ သီးနှံပင်မှ ရေလိုအပ်ခြင်းမရှိဘဲ ရေရရှိခြင်း၊ ရေဝပ်ခြင်းများဖြစ်ပါကလည်း အထွက်နှုန်း (၁၀-၅၀) ရာခိုင်နှုန်းခန့်လျော့ကျနိုင်သည်။

အပင်မှအလွယ်တကူရရှိနိုင်သောရေစွမ်းအား (Plant Available Water Capacity, PAWC)

အပင်မှအလွယ်တကူရရှိနိုင်သောရေစွမ်းအားဆိုသည်မှာ မြေဆီလွှာအတွင်း သို့လောင် ထားသော ရေပမာဏထဲမှ အပင်၏အမြစ်များက အမှန်တကယ်စုပ်ယူအသုံးချနိုင်သည့် ရေပမာဏကိုဆိုလိုခြင်းဖြစ်သည်။

(က) မြေဆီလွှာမှ ရေထိန်းနိုင်စွမ်း (Field Capacity - FC)

မိုးရွာသွန်းပြီး သို့မဟုတ် ရေသွင်းပြီး ၁-၂ ရက်အကြာတွင် မြေဆီလွှာအတွင်းရှိ ပို့လျှံသောရေများ မြေ၏ဆွဲအားကြောင့် အောက်သို့စိမ့်ဆင်းသွားပြီး ကျန်ရှိနေသည့် အများဆုံးရေပမာဏဖြစ်သည်။ ၎င်းသည် အပင်အတွက် ရေအများဆုံးရရှိနိုင်သော အခြေအနေဖြစ်သည်။

(ခ) ထာဝရပင်ညှိုးမှတ် (Permanent Wilting Point - PWP)

မြေဆီလွှာအတွင်း ရေဓာတ်အလွန်နည်းပါးသွားပြီး ကျန်ရှိနေသောရေဓာတ်ကို အပင်၏အမြစ်များက ဆွဲယူနိုင်စွမ်းမရှိတော့သည့်အခြေအနေဖြစ်သည်။ ဤအဆင့်တွင် အပင်သည် စတင်ညှိုးနွမ်းလာပြီး

စာမျက်နှာ ၁၃ သို့ ✣

သီးနှံပင်များ၏ အဓိကရေလိုအပ်ချိန်နှင့် လိုအပ်သည့်ရေပမာဏ

စဉ်	သီးနှံအမည်	ရေလိုအပ်သည့် ပမာဏ(မီလီမီတာ)	အဓိကရေလိုအပ်ချိန်
၁။	စပါး (နွေ) (၁၀၀-၁၂၀ ရက်)	၇၀၀-၁၂၀၀	မို့ကပ်ချိန်မှပန်းပွင့်ချိန်ထိ
၂။	ပြောင်း (၁၁၀-၁၃၅ ရက်)	၅၀၀-၈၀၀	ပန်းပွင့်ချိန်နှင့် မြိတ်စာထွက်ချိန်
၃။	ပဲတီစိမ်း၊ မတ်ပဲ (၇၅-၈၀ ရက်)	၂၅၀-၅၀၀	ပန်းပွင့်ချိန်နှင့် သီးတောင့်ဝင်ချိန်
၄။	မြေပဲ (၁၁၀-၁၂၀ ရက်)	၃၀၀-၆၀၀	ပန်းပွင့်ချိန်၊ စွယ်ချပြီးချိန်မှ မြေပဲသီးတောင့်ကြီးထွားချိန်ထိ
၅။	နှမ်း(၈၀-၈၅ ရက်)	၃၀၀-၆၀၀	ခေါင်းလောင်းဆွဲချိန်နှင့် ပွင့်ဖူးစုံချိန်
၆။	နေကြာ (၈၅-၉၀ ရက်)	၅၀၀-၆၅၀	အဖူးဝင်ချိန်၊ ပန်းပွင့်ချိန်နှင့် အစေ့အဆန်တည်ချိန်
၇။	ကြံ (၃၃၅- ၃၆၀ ရက်)	၂၀၀၀-၃၀၀၀	ပင်မွားထွက်ချိန်၊ ကြံပင်ကြီးထွားချိန်
၈။	ဝါ (၁၅၀-၁၈၀ ရက်)	၇၀၀-၉၀၀	အပိမ့်စဝင်ချိန်၊ ပန်းစပွင့်ချိန်၊ ပန်းဖြိုင်ဖြိုင်ပွင့်ချိန်၊ သီးလုံးဝင်ချိန်
၉။	ငရုတ် (၁၂၀-၁၅၀ ရက်)	၆၀၀-၉၀၀	ပျိုးပင်စိုက်ပြီးစအချိန်၊ ပန်းပွင့်ချိန်မှ အသီးရင့်မှည့်ချိန်ထိ
၁၀။	ကြက်သွန်နီ (၁၆၀-၁၈၀ ရက်)	၃၅၀-၅၅၀	ပျိုးပင်စိုက်ပြီးစအချိန်၊ ဥစတင်ချိန်မှကြီးထွားချိန်ထိ
၁၁။	ကြက်သွန်ဖြူ (၉၀-၁၅၀ ရက်)	၃၀၉-၄၂၀	ပျိုးပင်စိုက်ပြီးစအချိန်၊ ဥစတင်ချိန်မှကြီးထွားချိန်ထိ
၁၂။	အာလူး (၁၂၀ ရက်)	၅၀၀-၇၀၀	မျိုးညှောင့်ထွက်စအချိန်၊ ဥစတင်ချိန်မှ ဥကြီးထွားချိန်ထိ

❖ စာမျက်နှာ ၁၂ မှအဆက်

ရေထပ်မံမရရှိပါက သေဆုံးသွားနိုင်သည်။ အပင်မှ ရရှိနိုင်သော ရေပမာဏကို အောက်ပါအတိုင်း သတ်မှတ်သည်။

PAWC = FC – PWP

မြေဆီလွှာအမျိုးအစားပေါ်မူတည်၍ PAWC ကွဲပြားသည်။ **သဲမြေ (Sandy Soil)** – ရေကိုကြာရှည်မထိန်းထားနိုင်သဖြင့် PAWC ပမာဏနည်းသည်။ **ရွှံ့စေးမြေ (Clay Soil)** – ရေပမာဏများစွာထိန်းထားနိုင်သော်လည်း ရေအချို့မှာ မြေစေးမှုန်များကြားတွင် အလွန်မြဲမြံစွာကပ်နေသဖြင့် အပင်က အကုန်အစင်မစုပ်ယူနိုင်ပါ။ **သမမြေ (Loamy Soil)** – ရေကို သင့်တင့်စွာထိန်းထားနိုင်ပြီး အပင်ကလည်း အလွယ်တကူပြန်လည်စုပ်ယူနိုင်သဖြင့် PAWC **အကောင်းဆုံး**ဖြစ်သည်။

အပင်မှအလွယ်တကူရရှိနိုင်သောရေစွမ်းအားကို မြှင့်တင်နိုင်သည့်နည်းလမ်းများ

အပင်မှ အလွယ်တကူရရှိနိုင်သော ရေစွမ်းအားသည် ရေသွင်းရမည့်အချိန်နှင့် ရေပမာဏကိုဆုံးဖြတ်ရန်အတွက် အလွန်အရေးကြီးသော တိုင်းတာချက်တစ်ခုဖြစ်သည်။ စိုက်ပျိုးမြေတွင် အော်ဂဲနစ်ပစ္စည်းကြွယ်ဝလေ၊ အပင်အတွက်ရေရရှိနိုင်မှုပိုမိုကောင်းမွန်လေဖြစ်သည်။ မြေဆွေးထည့်ခြင်း၊ မြေဖုံးပေးခြင်း၊ မြေဖုံးပင်စိုက်ခြင်း၊ ကွန်တိုအလိုက်စိုက်ခြင်း၊ လေကာပင်စိုက်ခြင်း၊ ဧဝ/သဘာဝမြေဩဇာများထည့်သွင်းခြင်း၊ သွင်းရေကို စနစ်တကျစီမံခန့်ခွဲခြင်း (Irrigation Management) သည် သီးနှံပင်များ စိုက်ပျိုးထုတ်လုပ်ရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ပြန်လည်ရရှိနိုင်မည့်ရလဒ်တို့ကို အချိုးကျကျထိန်းညှိပေးနိုင်သည့် အဓိကအချက်များပင်ဖြစ်သည်။ ယနေ့ခေတ်တွင်အသုံးပြုနေကြသည့် ခေတ်မီရေသွင်းနည်းပညာစီမံခန့်ခွဲခြင်းများဖြစ်သော မြေဆီလွှာစိုထိုင်းဆတိုင်းကိရိယာများ သို့မဟုတ် မိုးလေဝသအချက်အလက်များကို အသုံးပြု၍ ရေသွင်းချိန်ဆုံးဖြတ်ခြင်းကို ဆောင်ရွက်သွားမည်ဆိုပါက သီးနှံအထွက်နှုန်းနှင့် သီးနှံ၏အရည်အသွေးတိုးတက်လာခြင်း၊ မြေဆီလွှာကျန်းမာရေးကို ထိန်းသိမ်းပေးနိုင်ခြင်း၊ အာဟာရဓာတ်ဆုံးရှုံးမှုလျော့နည်းစေခြင်း၊ မြေဆီလွှာဆားပေါက်မှုကို ထိန်းချုပ်ပေးနိုင်ခြင်းနှင့် ကုန်ကျစရိတ်၊ အဖိုးတန်ရေအရင်းအမြစ်သယံဇာတများ အလေအလွင့်ဖြစ်မှုလျော့နည်းသက်သာစေခြင်းနှင့် စိုထိုင်းဆအလွန်အကျွံများပြားခြင်းကြောင့် ပိုးမွှားရောဂါကျရောက်မှုကို ထိန်းချုပ်နိုင်ခြင်း အစရှိသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်။

မြေဖုံးခြင်း (Mulching) – မြေဆီလွှာမျက်နှာပြင်မှ ရေငွေ့ပြန်ခြင်းကို လျော့နည်းစေသည်။

မြေဆီလွှာအတွင်း အော်ဂဲနစ်ပစ္စည်း (Organic Matter) ဖြည့်တင်းခြင်း

သစ်ဆွေးမြေ သို့မဟုတ် သဘာဝမြေဩဇာများထည့်သွင်းပေးခြင်းဖြင့် မြေဆီလွှာ၏ ရေထိန်းစွမ်းအားကို တိုးတက်စေသည်။

ရေစီမံခန့်ခွဲမှုကောင်းမွန်ရန် အဘယ်ကြောင့် အရေးကြီးသနည်း။

ဂေဟစနစ်ကို မထိခိုက်စေဘဲ ရေအရင်းအမြစ်ကို စနစ်တကျစီမံခန့်ခွဲသည့် အလေ့အထကောင်းများရရှိစေရန်အတွက် တောင်သူများအနေဖြင့် မိမိတို့၏စိုက်ခင်းအတွင်း ရေကိုအလေအလွင့်မရှိစေဘဲ အကျိုးရှိရှိအသုံးပြုနိုင်ရေးကို ကိုယ်တိုင်ဆုံးဖြတ်ကြီးကြပ်လုပ်ဆောင်ရမည်ဖြစ်သည်။ ရေစီမံခန့်ခွဲမှုကောင်းစေရန် အောက်ပါရေစီမံခန့်ခွဲသည့် အလေ့အကျင့်ကောင်းများလိုက်နာဆောင်ရွက်သင့်သည်။

(က) မြေဆီလွှာနှင့်ရေထိန်းသိမ်းခြင်း

မြေဆီလွှာနှင့် ရေထိန်းသိမ်းခြင်းသည် စိုက်ပျိုးမြေ၏အကျိုးဖြစ်ထွန်းမှုစွမ်းရည်ကို ထိန်းသိမ်းရန်နှင့် ထုတ်လုပ်မှုစွမ်းရည်ကိုမြှင့်တင်ရန် ဆောင်ရွက်ခြင်းဖြစ်ပြီး ထိုသို့ဆောင်ရွက်ရာတွင် မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိကို ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခြင်း၊ ဥပမာ- ကွန်တိုကန်သင်းများ (မြေသား/ ကျောက်စီ)၊ နုန်းတားကန်သင်းပြုလုပ်ခြင်း၊ မိရိုးဖလာနုန်းတားဆည်ပြုပြင်ခြင်း၊ ကွန်တိုအလိုက်မြောင်းဖောက်ခြင်း၊ ရေစုကန်တူးခြင်း၊ ကျင်းတူး၍အပင်စိုက်ခြင်းများ စသည်တို့ကိုလုပ်ဆောင်ရမည်ဖြစ်သည်။ ဧဝဂုဏ်သတ္တိကို ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခြင်းများဖြစ်သော ကွန်တိုကန်သင်းစည်းရိုးပင်စိုက်ခြင်း၊ လေကာပင်စိုက်ခြင်း၊ သဘာဝရေထုတ်လမ်းတစ်လျှောက် တိုက်စားမှုမရှိစေရန် မြက်များစိုက်ပျိုး၍ အမြဲဖုံးအုပ်ထားခြင်း၊ သစ်တောများပြန်လည်စိုက်ပျိုးခြင်းနှင့် သီးနှံများကိုအကန့်လိုက်စိုက်ခြင်း၊ သီးရော/သီးညှပ်စိုက်ခြင်း၊ တစ်ခါတစ်ရံမြေလှပ်ထားခြင်း၊ မြေဖုံးခြင်း၊ ကွန်တိုအလိုက်စိုက်ခြင်းနှင့် သီးနှံသစ်တောရောနောစိုက်ခြင်း စသည်တို့ လုပ်ဆောင်ရမည်ဖြစ်သည်။ ၎င်းအပြင် မိုးရွာသွန်းမှုလျော့နည်းလျှင် မြေတွင်းသို့ ရေစိမ့်ဝင်အားကောင်းစေရန်နှင့် ရေထိန်းစွမ်းအားကောင်းမွန်စေရန် မြေဆွေး၊ စက်ဖွဲပြာ၊ ဧဝမီးသွေးများထည့်သွင်းခြင်း၊ ရေထိန်းပေါင်းများပြုလုပ်ခြင်း၊ ရေငတ်ဒဏ်ခံနိုင်သော သီးနှံများကို သင့်တော်သောစီမံခန့်ခွဲမှုနည်းလမ်းများဖြစ်သည့် သီးလှည့်စိုက်ခြင်း၊ အပင်များကျဲကျဲစိုက်ခြင်း စသည်တို့လုပ်ဆောင်ရမည်ဖြစ်သည်။ အကယ်၍ မိုးရွာသွန်းမှုညီမျှလျှင် မြေဆီလွှာအတွင်းရေထိန်းစွမ်းအားကောင်းအောင် စီမံဆောင်ရွက်ပြီး ရွာချသည့်မိုးရေကို မြေအောက်ရေအစားထိုးရန်၊ ရေကြီးမှုအန္တရာယ်ကိုလျှော့ချရန်၊ ရေပြတ်လပ်မှုများကိုလျှော့ချရန်နှင့် မြေဆီလွှာအတွင်း ဆားစုဆောင်းခြင်းကို လျှော့ချနိုင်ရန်တို့အတွက် စုဆောင်းထိန်းသိမ်းခြင်းများ လုပ်ဆောင်ရမည်။ မိုးရေရရှိမှုပိုလျှံလျှင် ရေတိုက်စားခြင်းကိုလျှော့ချနိုင်ရန်အတွက် ရေပိုရေလျှံများကို ထုတ်ပစ်ခြင်းနှင့် နောင်အသုံးပြုရန်အတွက် သိုလှောင်ခြင်းများကို စနစ်တကျဆောင်ရွက်ရမည်။

ထိရောက်သောရေသွင်းနည်းစနစ်များ

ကျင်းခွက်စနစ်ဖြင့် ရေသွင်းခြင်း (Basin Irrigation System) – စိုက်ပျိုးမြေကို ကန်သင်းများဖြင့် အကွက်ငယ်လေးများသို့မဟုတ် ကျင်းများသဖွယ်ပေါင်ခတ်ပြီး ၎င်းအကွက်ထဲသို့ ရေကိုအပြည့်ဖြည့်သွင်းသည့် ရေသွင်းနည်းစနစ်တစ်ခုဖြစ်သည်။

ကန်သင်းပေါင်ခတ် ရေသွင်းခြင်း

အားသာချက်များ	အားနည်းချက်များ
ရေသွင်းရန် နည်းပညာ မြင့်မားစွာ မလိုအပ်ခြင်း။	မြေမျက်နှာပြင် မညီညာပါက ရေညီညာစွာ မရရှိနိုင်ခြင်း။
စရိတ်စက သက်သာခြင်း။ (စက်ပစ္စည်း မလိုအပ်ပါ)	ရေငွေ့ပြန်မှုနှင့် စိမ့်ထွက်မှုကြောင့် ရေလေလွင့်မှုရှိနိုင်ခြင်း။
ရေကို အပင်ခြေထိ ရောက်အောင် ပေးနိုင်ခြင်း။	မြေသားကျစ်လျစ်လွန်းသောမြေများတွင် ရေဝပ်ကာ အမြစ်ပုပ်နိုင်ခြင်း။

(Border Strip Flooding) – မြေကွက်အားရှည်လျားပြီး ကျဉ်းမြောင်းသည့် မြေကွက် (Strip) များအဖြစ် ကန်သင်းများခတ်၍ ရေသွင်းခြင်းဖြစ်သည်။

ပေါင်ကြီးတင်စနစ်ဖြင့် ရေသွင်းခြင်း (Broad bed and Furrow) – အပင်တန်းများကြားတွင် **မြောင်းငယ် (Furrows) များ** ဖော်ထားပြီး ၎င်းမြောင်းများထဲသို့ရေသွင်းသည့်စနစ်ဖြစ်သည်။ မြောင်းပေါ်ဖြင့်ရေသွင်းသည့်နည်းစနစ်သည် နုန်းမြေနှင့် မြေစေးများအတွက် သင့်တော်ပြီး ရေဆုံးရှုံးမှုနည်းကာ အပင်မှအမြစ်နက်နက်ဆင်းစေသည်။

အကျိုးကျေးဇူးများ

ရေစီမံခန့်ခွဲမှုပိုမိုလွယ်ကူခြင်း – လိုအပ်သလို ရေသွင်းရေထုတ်ပြုလုပ်နိုင်ခြင်း၊ ရေချွေတာနိုင်ခြင်း။

ရေစီးရေလာကောင်းမွန်ခြင်း – ရေဝပ်ခြင်းမရှိ၊ လေဝင်လေထွက်ကောင်းသဖြင့် အမြစ်များကျန်းမာကောင်းမွန်စေခြင်း။ ထို့ပြင် မြေကျစ်လျစ်မသွားခြင်း၊ မြေဆွေးနှင့် မြေဩဇာ စသည်တို့ကို ပေါင်ပေါ်တွင် သီးသန့်ဖြည့်တင်းနိုင်ခြင်းကြောင့် မြေဆီလွှာအရည်အသွေးပိုမိုကောင်းမွန်စေနိုင်သည်။ အပင်ပြုစုထိန်းသိမ်းရလွယ်ကူစေနိုင်သည်။ ပေါင်ဖော်ရာတွင် မြေအမျိုးအစားနှင့် စိုက်ပျိုးမည့်သီးနှံတို့ပေါ်မူတည်ပြီး ပေါင်အမြင့်၊ ပေါင်အကျယ်၊ ကြားအကွာအဝေးတို့ကိုချိန်ညှိ၍ ပြုလုပ်ရမည်ဖြစ်သည်။

အခြေအနေ	Border Strip	Furrow
ရေထိတွေ့မှု	မြေမျက်နှာပြင်တစ်ခုလုံးကို ရေလွှမ်းသည်။	မြောင်းထဲတွင်သာ ရေစီးပြီး ဘေးသို့ စိမ့်ဝင်သည်။
သီးနှံအမျိုးအစား	ထူထပ်စွာ စိုက်သော အပင်များ (ဥပမာ- ဂျုံ)။	အတန်းလိုက်စိုက်သော အပင်များ (ဥပမာ- ပြောင်းဖူး၊ နှမ်း)။
မြေအနေအထား	မြေမျက်နှာပြင် အလွန်ညီညာရန် လိုအပ်သည်။	မြေမျက်နှာပြင် အနည်းငယ် မညီညာသော်လည်း သုံးနိုင်သည်။
ရေအသုံးချမှု	ရေပိုမို ကုန်စေနိုင်သည်။	ရေကို ပိုမိုထိန်းချုပ်နိုင်စွမ်း ရှိသည်။

အစက်ချရေပေးသွင်းနည်းစနစ် – အပင်အမြစ်ဇုန်သို့ တိုက်ရိုက်ရေပေးသွင်းခြင်းဖြစ်ပြီး ရေအလေ အလွင့်ဆုံးရှုံးမှုလျှော့ချပေးသည့်စနစ်ဖြစ်သည်။

ရေဖျန်းစနစ် – ရေကို ပိုမိုညီမျှစွာဖျန်းပေးခြင်းဖြင့် ပုံမှန်ရေသွင်းနည်းစနစ်ထက် ရေအလေအလွင့် နည်းပါးစေရန် ဆောင်ရွက်သည့်စနစ်ဖြစ်သည်။

စမတ်ရေသွင်းနည်းပညာ – မြေဆီလွှာအာရုံခံကိရိယာ၊ မိုးလေဝသအချက်အလက်နှင့်ဂြိုဟ်တုပုံရိပ်များကိုအသုံးပြု၍ ရေသွင်းချိန်၊ ရေပမာဏကို အလိုအလျောက်ဆုံးဖြတ်ပေးသောစနစ်ဖြစ်သည်။

အကျိုးကျေးဇူးများ

ရေသုံးစွဲမှုကို လျှော့ချနိုင်ခြင်း၊ အာဟာရဓာတ်ဆုံးရှုံးမှုလျှော့ချနိုင်ခြင်း၊ မြေဆီလွှာတိုက်စားမှုကိုလျှော့ချနိုင်ခြင်း၊ လုပ်သားအင်အားလျှော့ချနိုင်ခြင်း၊ စိုက်ပျိုးထုတ်လုပ်မှုကို မြှင့်တင်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်သည်။

အားသာချက်များ	အားနည်းချက်များ
မြေအမျိုးအစားအမျိုးမျိုး၊ အနေအထားအမျိုးမျိုး အတွက်အသုံးပြုနိုင်ခြင်း။	ဒီဇိုင်းတပ်ဆင်မှုနှင့် နောက်ဆက်တွဲ လည်ပတ်မှုအတွက် ကုန်ကျစရိတ်မြင့်မားခြင်း။
ရေသွင်းစနစ်အားလုံးတွင် ထိရောက်မှု အရှိဆုံးဖြစ်ခြင်း၊ ရေဝပ်ခြင်းနှင့် မြေဆီလွှာတိုက်စားမှု လျော့နည်းသက်သာစေခြင်း။	ရေစစ်အသုံးမပြုနိုင်ပါက ရေပိုက်များတွင် ပိတ်ဆို့မှုရှိနိုင်ခြင်း။
ရေဆုံးရှုံးမှုနည်းသဖြင့် ရေကုန်ကျမှုသက်သာစေခြင်း၊ လုပ်အားချွေတာနိုင်ခြင်း။	ရေမသန့်ပါက ပိုက်လိုင်းများပိတ်နိုင်ခြင်း။
အပင်ကြီးထွားမှုကောင်းမွန်၍ အထွက်နှုန်း တိုးစေခြင်း။	အပူချိန်မြင့်သည့် နေရာများတွင် ရေများအငွေ့ပြန် ဆုံးရှုံးမှုများနိုင်ခြင်း။
အပင်မှအာဟာရစုပ်ယူသုံးစွဲမှုပိုမိုထိရောက်ခြင်း။	ပင်ကြား၊ တန်းကြားစိပ်စိပ်စိုက်သောသီးနှံများ (ဥပမာ - နှမ်း၊ ဂျုံနှင့် အခြားနှံစားသီးနှံများ) အတွက် အထူးသင့်လျော်ခြင်း။
ပိုးမွှားကျရောက်မှုနှင့်ပေါင်းပေါက်ရောက်မှု သက်သာစေခြင်း။	

ကျေးဇူးများရရှိနိုင်သည်။

မြေဆီလွှာကို ဖုံးအုပ်စိုက်ပျိုးခြင်း

ကောက်ရိုး၊ သစ်ရွက်ဆွေး၊ ပလတ်စတစ်များဖြင့် မြေဆီလွှာမျက်နှာပြင်ကို ဖုံးအုပ်ပေးခြင်းဖြင့် ရေကို ၄၀ ရာခိုင်နှုန်းထိချွေတာနိုင်ရုံသာမက ပေါင်းပေါက်ရောက်မှုကို ၉၀ ရာခိုင်နှုန်းကာကွယ်ပေးနိုင်သည်။ မြေကြီးမှ ရေငွေ့ပြန်မှု ၄၀ ရာခိုင်နှုန်း-၈၀ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ခြင်းကြောင့် အစိုဓာတ်ကို ကြာရှည်စွာထိန်းထားနိုင်သည်။ မကြာခဏရေမသွင်းရသောကြောင့် သွင်းရေနှင့်အတူပါနိုင်သည့် ဆားများစုပုံလာခြင်းမှ ကာကွယ်နိုင်ခြင်း၊ မြေဆီလွှာအပူချိန်ကို ထိန်းညှိပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်သည်။

"သီးနှံများဖြစ်ထွန်းဖို့ ရေသွင်းတာကို ချင့်ချိန်စို့"

ရေတစ်စက်ကိုအကျိုးရှိစွာအသုံးပြုနိုင်ရန်လိုအပ်သည်။ သို့မှသာလျှင်ပတ်ဝန်းကျင်ကိုထိခိုက်ပျက်စီးမှုမရှိစေဘဲ ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုသို့ဦးတည်လာနိုင်မည်ဖြစ်သည်။ ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုသည် စားရေရိက္ခာဖူလုံမှုကို အထောက်အကူပြုနိုင်သည့်အပြင် တောင်သူလယ်သမားများအတွက် ကုန်ကျစရိတ်သက်သာပြီး သီးနှံအထွက်နှုန်းတိုးစေကာ ဝင်ငွေတိုးလာနိုင်မည်ဖြစ်သည်။

စပါးသီးနှံတွင် ရေသုံးစွဲမှုလျော့ချသော်လည်း အထွက်နှုန်းမပြောင်းလဲနိုင်သည့် စိုက်ပျိုးနည်းစနစ်များဖြစ်သော တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်း၊ စိုတစ်ခါခြောက်တစ်လှည့်ရေပေးသွင်းသည့် နည်းစနစ်များအသုံးပြုစိုက်ပျိုးသင့်သည်။

အကြံပြုတိုက်တွန်းချက်

- ဆည်ရေသောက်သို့မဟုတ်မြစ်ရေတင်ဒေသများတွင် လယ်ကြားမြောင်းများပြုပြင်ထိန်းသိမ်းပါ။
- တောင်သူများအနေဖြင့် လက်ရှိဆည်မြောင်းမှ ကျင့်သုံးလျက်ရှိသည့် 4R စနစ်များဖြစ်သော ရေအရင်းအမြစ်များရှာဖွေဖော်ထုတ်ခြင်း၊ ရေအသုံးချမှုလျှော့ချခြင်း၊ အသုံးချပြီးရေများအားပြန်လည်အသုံးပြုနိုင်ရန် ဆောင်ရွက်ခြင်း၊ တည်ဆောက်ပြီး ရေအရင်းအမြစ်များကို ကောင်းမွန်အောင်ပြင်ဆင်ခြင်း စသည်

စာမျက်နှာ ၁၄ သို့ ❖

✤ စာမျက်နှာ ၁၃ မှအဆက်

တို့အပေါ် မိမိနှင့်သက်ဆိုင်သည့်အပိုင်များတွင် စနစ်တကျလိုက်နာဆောင်ရွက်ကြပါ။

- ကွင်းမှပိုလျှံရေကို ရနိုင်သလောက် ပြန်လည်အသုံးချပါ။
- ရေအသုံးချသူများ စုပေါင်း ဆောင်ရွက်သည့် အလေ့အကျင့်များကျင့်သုံးပါ။
- မြောင်းရင်းတွင် တစ်ကွင်းတစ်ဆက် တည်း စိုက်ချိန်တူ၊ သီးနှံတူမျိုးတူစိုက်ပျိုးမှုကို တတ်နိုင်သမျှ ကျင့်သုံးပါ။
- စပါးစိုက်ရာတွင် ရေသွင်းရေခန်းစနစ်ကျင့်သုံးပါ။
- မြေအောက်ရေချောင်းပိတ်၊ မြောင်းပိတ်များတွင် ရေကို အဟောသိုက်မဖြစ်စေဘဲ မိုးရေပြန်ဖြည့်တင်းခြင်း၊ ရေအရည်အသွေးစစ်ဆေးခြင်းတို့လုပ်ဆောင်ပါ။
- မိုးကောင်းသောက်ဒေသများတွင် ရေထိန်းစွမ်းအားကောင်းအောင်မြေပြုပြင်ပါ။ ရေချွေတာနိုင်မည့်နည်းလမ်းများကျင့်သုံးပါ။ (ရေလိုအပ်ချက်နည်းသောသီးနှံများ၊ မိုးခေါင်ဒဏ်ခံမျိုးများစိုက်ရန်)
- ရေဆုံးရှုံးမှုနည်းရန် ဆောင်ရွက်ရမည့်နည်းလမ်းများဖြစ်သည့် သင့်တော်သောပင်ကြားတန်းကြားစိုက်ခြင်း၊ မြေဖုံးပေးခြင်း၊ မြေညီအောင်ဆောင်ရွက်ခြင်း၊ ထွန်ယက်မှုလျော့နည်းစေခြင်း၊ သီးနှံအကြွင်းအကျန်များ/ မြေဆွေးထည့်ခြင်း၊ လေကာပင်များစိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ပါ။

(ရေမကြာခဏသွင်းရခြင်း ကင်းဝေးမှသာလျှင် မြေဆီလွှာအတွင်း ကာဗွန်ကို ပြန်လည်သိုလှောင်နိုင်မည်ဖြစ်သောကြောင့် အကျိုးပြုအဏုဇီဝသက်ရှိများ ရှင်သန်နိုင်ပြီး အပင်များ ရေကိုကြာရှည်စွာအသုံးပြုနိုင်မည်ဖြစ်သည်။ ရေသွင်းချိန် ကြားကာလကြာရှည်လေကောင်းလေဖြစ်သည်။)

ရေငွေ့တစ်ပေါက် အငွေ့ပြန်သွားလျှင် လယ်သမားများ၏အိတ်ထဲမှပိုက်ဆံများ ရေငွေ့နှင့်အတူ ပါသွားသည်ဖြစ်သောကြောင့် ရေပမာဏအနည်းဆုံးအသုံးပြု၍ အပင်၏အမြစ်ဇုန်ဇရိယာသို့ တိုက်ရိုက် ရေပေးသွင်းနိုင်မည့်နည်းလမ်းကို အသုံးပြုရမည်ဖြစ်သည်။ အပင်အတွက်အရေးကြီးသောအချိန်တွင် ပေးလိုက်သည့်ရေသည် ရွှေနှင့်တူသည်ဟုမှတ်ယူကာ ရေသွင်းခြင်း၊ အစိုဓာတ်ထိန်းနိုင်စွမ်းမြင့်အောင် ဆောင်ရွက်ခြင်းသည် အပင်ကိုအစာကျွေးခြင်းဟုခံယူရမည်ဖြစ်သည်။ မြေဆီလွှာ၏ ရေထိန်းနိုင်စွမ်းကောင်းလာစေရန် ဆောင်ရွက်ပေးခြင်းသည် ရေရှားပါးမှုဒဏ်ကို ကာကွယ်ပေးသည့် အကောင်းဆုံးဒိုင်းတစ်ခုဖြစ်သည်။ ရေမရှိလျှင် မြေဩဇာကို အပင်မှမစုပ်ယူနိုင်ပေ။ မြေဆီလွှာအစိုဓာတ်လုံလောက်မှသာလျှင် အသုံးပြုသည့် မြေဩဇာသည် အကျိုးဖြစ်ထွန်းမည်ကို သတိပြုသိရှိရမည်။ ရေထိန်းနိုင်စွမ်းကောင်းသည့်မြေဆီလွှာသည် မိုးရွာသွန်းမှုနည်းပါးသည့်နှစ်များတွင် အထွက်နှုန်းထိခိုက်မှုမရှိစေရန် ထိန်းပေးထားနိုင်သည်။ အသုံးပြုလိုက်သည့် ရေတစ်စက်၊ မြေဩဇာတစ်မှုန့်စီတိုင်းမှ အမြတ်များရရှိစေရန် စုဆောင်းပေးနေသည်ဟုမှတ်ယူပြီး စနစ်တကျစိုက်ပျိုးမည်ဆိုပါက အထွက်နှုန်းကောင်းပြီး ဝင်ငွေတိုးလာနိုင်မည်ဖြစ်သည်။ ။




















ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့
ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၁၁၊ ၀၆၇-၃၄၀၄၂၂၊ ၀၆၇-၃၄၀၄၃၃၊ ၀၆၇-၃၄၀၄၃၄၅၊ ၀၆၇-၃၄၀၄၃၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၃၃၄၊ ၀၉-၃၄၉၀၃၈၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၃၀၊ ၀၅၈-၂၀၂၃၅၃၁၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၁၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(စျ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(၌) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၄၅၅၊ ၀၂-၄၀၂၁၄၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(၍) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ခု) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဃ)ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ)ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ)ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

တောင်ကြီးမြို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစဉ်။

နေပြည်တော် မေ ၉

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက် မြင့် မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ ဓမ္မဝိဇ္ဇာအုပ်ဖိုလူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်းတိုက်၌ အခြေပြု၍ သံဃာတော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့များက သံဃာတော် (၃၀) ပါးနှင့် ဒေသခံပြည်သူ ၈၅ ဦးတို့ကို သွားနှင့်ခံတွင်းရောဂါ၊ သွေးတိုးရောဂါ၊ အရိုးအကြောရောဂါ၊ အရေပြားဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ မျက်စိရောဂါ၊ ဖျားနာရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ဆေးဝါးကုသခြင်းများဆောင်ရွက်ပေးပြီး Ultra Sound စက်ဖြင့် စမ်းသပ်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ကျောင်းတိုက်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်းသတင်းရရှိသည်။

(၁၀၀)

တစ်အိမ်လုံးတွင်မည်သူမျှမရှိချိန်၌ မလိုအပ်သောလျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာသုံးစွဲပါ။

ထန်းတပင်မြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မေ ၉

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများ အရောက်သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ရေစိုကျေးရွာရှိ ငြိမ်းအေးခမ္မဗိမာန်၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိသံဃာတော် ၁၅ ပါးနှင့်ဒေသခံပြည်သူ ၁၅၀ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်ရှိ မဟာဓမ္မပါလကျောင်း၊ နန်းဦးကျောင်းတိုက်၌ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အဆိုပါကျောင်းတိုက်ရှိ အဂ္ဂမဟာဂုဏ်ရည်ကျောင်းဆောင်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၃ ပါး၊ သာသနာနှယ်ဝင်သီလရှင် ၇၇ ပါးနှင့် ဒေသခံပြည်သူ ၇၁ ဦးအား သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များနှင့် တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော်အတွင်း သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကြည့်ရှုအားပေး

နေပြည်တော် မေ ၉

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ပျဉ်းမနားမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံး၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများစုပေါင်း၍ ရုံးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်လယ်ဝေးမြို့ ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူတို့ကို ဆန်နှင့်စားသုံးဆီများ၊ အသား၊ ငါး၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များကို သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးကာ သန့်ရှင်းရေး လာရောက်ဆောင်ရွက်သူများကို စားသောက်ဖွယ်ရာများ ဖြန့်ဝေပေးပြီး ဆေးရုံအတွက်အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။



အောင်ကို(ပုဗ္ဗသီရိ)

၉-၅-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၂၀၀,၀၀၀) ကျပ်**ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၃.c	/	၃၈.c
ရန်ကုန်	၂၃.c	/	၃၆.c
မန္တလေး	၂၈.c	/	၃၆.c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် တွေ့ဆုံဆွေးနွေး



တောင်ကြီး မေ ၉

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်သည် ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ် ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားဘာသာသင်(TA/LT) ဆရာ၊ ဆရာမများ ပိုမိုခန့်ထားနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားပြီး ရှမ်း၊ ပအိုဝ်း၊ ဓနု၊ တောင်ရိုး၊ အင်းသား၊ ကချင်၊လီဆူ၊ကိုးကန့်နှင့်ထနော့တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များကို ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် ရှမ်းပြည်နယ်လူငယ်ရေးရာကော်မတီတို့ ပူးပေါင်း၍ လူငယ်တွေ့ဆုံပွဲကျင်းပ



တောင်ကြီး မေ ၉

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် ရှမ်းပြည်နယ်လူငယ်ရေးရာကော်မတီတို့ ပူးပေါင်း၍ လူငယ်တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမောင်သင်းနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ပြည်နယ်ဝန်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးများက အမှာစကားပြောကြားကြပြီး လူငယ်လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ရှမ်းပြည်နယ် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်အသင်းဥက္ကဋ္ဌက အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

ဆင်လမ်း(၂)ရေလှောင်တမံစီမံကိန်းကို ကြည့်ရှုစစ်ဆေး မွေးမြူရေးလုပ်ငန်းများတိုးမြှင့်လုပ်ကိုင်နိုင်ရေး အားပေးဆောင်ရွက်



နေပြည်တော် မေ ၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည်ယမန်နေ့ နံနက်ပိုင်းက ပြည်ဦးလွင်မြို့နယ် ဆင်ဖြူအင်းကျေးရွာအနီး တည်ဆောက်လျက်ရှိသည့် ဆင်လမ်း(၂) ရေလှောင်တမံစီမံကိန်းကို ကြည့်ရှုစစ်ဆေးသည်။

ဆင်လမ်း(၂)ရေလှောင်တမံစီမံကိန်းသည် ဆင်လမ်းရေလှောင်တမံမှ ပိုလျှံရေများအား ထိန်းသိမ်းသိုလှောင်ပြီး ယင်းသာမရေလွှဲဆည်မှတစ်ဆင့် ရတနာပုံမြို့သစ်အတွက် ရေဂါလန် ၁၀ သိန်း ရေကူဖြည့်တင်းပေးနိုင်ရန်နှင့် ရပ်ကွက်ကြီး(၉၊ ၁၆၊ ၁၇၊ ၁၈)တို့၏ အနာဂတ်ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အပြင် ပိုလျှံရေများဖြင့် ဆင်လမ်းချောင်းဘေး၁၀/ယာရှိ စိုက်ပျိုးမြေများအတွက် စိုက်ပျိုးရေပေးဝေနိုင်ရန် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်သည်။

ယင်းနောက် ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးသုတေသနစခန်း အစည်းအဝေးခန်းမ၌လည်းကောင်း၊ ပြင်ဦးလွင်မြို့နယ် သုံးတောင်ရွာဓမ္မာရုံ၌လည်းကောင်း ဒေသခံမွေးမြူရေးလုပ်ငန်းရှင်၊ မွေးမြူရေးတောင်သူများနှင့်တွေ့ဆုံ၍ နို့စားနွားနှင့် အသားတိုးနွားမွေးမြူရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရေးဌာနမှ စီမံကူညီပေးသွားမည့်အခြေအနေများကို ဆွေးနွေးပြောကြားကြောင်း သိရသည်။

မြဝတီ

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ထိုင်းနိုင်ငံ PTTEP International Limited အမှုဆောင်အရာရှိချုပ်အား ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၉

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ထိုင်းနိုင်ငံ PTTEP International Limited အမှုဆောင်အရာရှိချုပ်အား ယမန်နေ့က နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ရေနံ့သာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနှင့်ထိုင်းနိုင်ငံအကြား လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ မြန်မာ့ကမ်းလွန်လုပ်ကွက်များ၏ရှာဖွေရေးနှင့်ထုတ်လုပ်ရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် တွင်းသစ်များ၊ ဖြည့်စွက်တွင်းများတူးဖော်ရာတွင် နည်းပညာဆိုင်ရာ ဖြေရှင်းဆောင်ရွက်နိုင်ခဲ့မှု၊ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်နိုင်ရန်ရည်ရွယ်ဆောင်ရွက်နေသည့် လုပ်ကွက် M3 (အောင်သိခ်စီမံကိန်း)၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် မြန်မာ့ရေနက်ကမ်းလွန်စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံလိုသည့် ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

လူရည်ချွန်စခန်း (ချောင်းသာ)အဆင့်မြင့်ပညာအဆင့် လူရည်ချွန်မောင်မယ်များ Sea & Lake အပန်းဖြေဥယျာဉ်သို့ သွားရောက်လေ့လာ

ချောင်းသာ မေ ၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် လူရည်ချွန်စခန်း(ချောင်းသာ)တွင် စခန်းချနေထိုင်လျက်ရှိသည့် ၂၀၂၆ ခုနှစ် အဆင့်မြင့်ပညာအဆင့် လူရည်ချွန်မောင်မယ်များသည် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုးညွန့် ဦးဆောင်လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရွှေသောင်ယံမြို့ရှိ Sea & Lake အပန်းဖြေဥယျာဉ်သို့ ဒေသန္တရဗဟုသုတလေ့လာရေးခရီးစဉ် သွားရောက်ခဲ့ကြသည်။

ရှေးဦးစွာ လူရည်ချွန်မောင်မယ်များသည် ရွှေသောင်ယံမြို့ရှိ Sea & Lake အပန်းဖြေဥယျာဉ်သို့ သွားရောက်လေ့လာရာတာဝန်ရှိသူတစ်ဦးက သွားရောက်လည်ပတ်မည့်နေရာများအား ရှင်းလင်းပြောကြားရာ လူရည်ချွန်မောင်မယ်များ စိတ်ဝင်စားစွာ လေ့လာခဲ့ကြပြီး သိရှိလိုသည်များအား မေးမြန်းခဲ့ကြသည်။ ယင်းနောက် လူရည်ချွန်မောင်မယ်များသည် ဒီရေတောတံတား၊ အပျော်စီးလှေဆိပ်၊ ကျောက်စိမ်းပြတိုက်၊ ပန်းပုပြတိုက်၊ ကလေးကစားကွင်း(Indoor)၊ ကလေးကစားကွင်း(Outdoor)၊ ကျောက်စိမ်းဥယျာဉ်၊ Sea & Lake Water Park အစရှိသည့် နေရာများအားကြည့်ရှုလေ့လာ၍ အမှတ်တရဓာတ်ပုံရိုက်ကူးခြင်းတို့ကို ပျော်ရွှင်စွာ လုပ်ဆောင်ခဲ့ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် လူရည်ချွန်မောင်မယ်များသည် ချောင်းသာမြို့ရှိ ရွှေသာယာမြို့မစျေးသို့ သွားရောက်ကာ ဒေသထွက် အမှတ်တရလက်ဆောင်ပစ္စည်းများ ဝယ်ယူခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



သာစည်မြို့နယ်နှင့် ကလောမြို့နယ်တို့ရှိ ပြည်သူ့ဆေးရုံများနှင့် တောင်ကြီးမြို့ သူနာပြုသင်တန်းကျောင်းကို ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၉

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ယင်းမာပင်တိုက်နယ်ဆေးရုံနှင့်တိုက်နယ်ကျန်းမာရေးဌာနသို့ရောက်ရှိကာ လူနာဆောင်များ၊ဆေးသိုလှောင်ခန်း၊ဓာတ်မှန်ခန်း၊ခွဲစိတ်ခန်း၊ဓာတ်ခွဲခန်း၊ပြည်သူ့ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ပေးနိုင်မှုနှင့် ဆေးဝါးများထောက်ပံ့ပေးနိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကလောမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောက်လုပ်မည့် ခွဲစိတ်ခန်းပါသုံးထပ်အဆောက်အအုံသစ်ဆောက်လုပ်မည့် နေရာကိုလည်းကောင်း၊အောင်ပန်းတိုက်နယ်ဆေးရုံ၌ အရေးပေါ်လူနာဌာန၊ အတွင်းလူနာဆောင်များနှင့်ဓာတ်ခွဲခန်းတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးဝင်းရှိသူနာပြုသိပ္ပံအဖြစ်အဆင့်မြှင့်တင်မည့်သူနာပြုသင်တန်းကျောင်း၌ သင်ကြားရေးဆရာများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံပြီး သူနာပြုသိပ္ပံအဆင့်မြှင့်တင်ခြင်းအတွက် ကျွမ်းကျင်မှုဆိုင်ရာ ပုံစံတူလက်တွေ့သင်ကြားရေးခန်း (Skills Lab)၊ ကွန်ပျူတာခန်း၊ စာကြည့်တိုက်၊ ထမင်းစားခန်း၊ သင်ကြားရေးခန်းမများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့အတွင်းဆောင်ရွက်နေသည့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ၊ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများနှင့် သတင်းစာရိုက်နှိပ်ထုတ်ဝေမှုကို ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ



နေပြည်တော် မေ ၉

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့အတွင်း ဆောင်ရွက်နေသည့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ၊ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများနှင့် သတင်းစာရိုက်နှိပ်ထုတ်ဝေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စစ်ကိုင်းခရိုင်ရုံး အဆောက်အအုံသစ်တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စစ်ကိုင်းတောင်ပေါ်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၌ ရုပ်မြင်လွှင့်စက်များဖြင့် ရုပ်သံထပ်ဆင့်ထုတ်လွှင့်နေမှုနှင့် FM လိုင်းများထုတ်လွှင့်နေမှုကို ကြည့်ရှုစစ်ဆေးကာ ပြည်သူများအသိပညာတိုးပွားရေးနှင့် စိတ်လက်အပန်းဖြေစေရေးအတွက် အစီအစဉ်ကောင်းများရိုက်ကူးထုတ်လွှင့်သွားရန်နှင့် ပြည်သူကိုအကောင်းဆုံးအရည်အသွေးဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရန်မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ အရာထမ်း၊ အမှုထမ်းများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကျေးလက်နေပြည်သူများအသိပညာဗဟုသုတတိုးပွားစေရန် ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာများမှတစ်ဆင့် မှန်ကန်တိကျသော သတင်းအချက်အလက်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် လက်တွေ့ကျသော အချက်အလက်များကို မီဒီယာမှတစ်ဆင့် သိရှိနိုင်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ စာပေပိုမိုဖတ်ရှုလာစေရန် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကြိုးစားသွားကြရန် လိုကြောင်းမှာကြားပြီး ဝန်ထမ်းများအား စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား မန္တလေးဗျူရိုသတင်း Studio ခန်း၌ သတင်းအစီအစဉ်များ ရိုက်ကူးတင်ဆက်ထုတ်လွှင့်မှု၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်(မန္တလေး) ပုံနှိပ်စက်ခန်း၌ နေ့စဉ်ထုတ်သတင်းစာများ ရိုက်နှိပ်ထုတ်ဝေဖြန့်ချိမှုနှင့်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးခရိုင်ရုံး Community Center တို့ကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး မန္တလေးမြို့ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ဝင်များ စာဖတ်ပိုင်းဆွေးနွေးပွဲကျင်းပနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြဝတီ

လယ်ဝေးမြို့နယ် အင်တိုင်းသာကျောင်းတိုက် ပရိဝုဏ်အတွင်းရှိ ဘုရားစေတီပုထိုးများနှင့် ကျောင်းဝင်းအတွင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကြည့်ရှုအားပေး



နေပြည်တော် မေ ၉

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် အင်တိုင်းသာကျောင်းတိုက်၌ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ လယ်ဝေးမြို့ အမှတ်(၅) ရပ်ကွက် အင်တိုင်းသာကျောင်းတိုက်အတွင်းရှိ ဘုရားစေတီပုထိုးများနှင့် ကျောင်းဝင်းအတွင်း၌ သာသနာရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် အင်တိုင်းသာကျောင်းတိုက် ပဓာနနာယကဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ကြောင်း သိရသည်။

မြဝတီ

မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်) အကြီးစားပြုပြင်တည်ဆောက်မှုအား ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ဒုတိယဝန်ကြီးဦးခင်လတ်ကြီးနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)အကြီးစားပြုပြင်တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက ပြတိုက်အဆောက်အအုံ ကြံ့ခိုင်မှုရှိစေရေး ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)ကို ငလျင်ဒဏ်ခံနိုင်အောင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ စနစ်တကျဆောင်ရွက်ရေးမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ



❍ **ရှေ့ဖုံးမှအဆက်**

တစ်ဇကေလျှင် တစ်ပြည်နှင့် လေးဘူးသာကုန်ကျ၍ နှစ်လခန့်အကြာတွင် နှမ်းစိုက်ခင်းများ အပွင့်၊ အသီးစတင်ဖူးပွင့်ပြီး လေးလခန့်အကြာတွင် စတင်ရိတ်သိမ်း၍ ရကြောင်း နှမ်းစိုက်ပျိုးတောင်သူ ဦးဝင်းမြင့်ကပြောသည်။

မြစ်ဆားမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအား နွေနှမ်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံအထွက်နှုန်းကောင်းမွန်စေရန်နှင့် အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်များကို ဖြန့်ဖြူးပေးလျက်ရှိသည်။ ထို့ပြင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ (မြေ၊ မျိုး၊ ပိုး) တာဝန်ခံဝန်ထမ်းများကလည်း မြို့နယ်အတွင်းရှိတောင်သူများ နွေနှမ်းသီးနှံစိုက်ပျိုးရာတွင် တစ်ဇကေသီးနှံအထွက်နှုန်းတိုးတက်မြင့်မားစေရန်၊ မြေဆီလွှာကောင်းမွန်စေရန် လုပ်ဆောင်ရမည့်နည်းစနစ်များနှင့်အခြေခံသီးနှံ စိုက်ပျိုးနည်းစနစ်များကို ကွင်းဆင်းပညာပေးခြင်းများ လုပ်ဆောင်ပေးကြောင်း သိရသည်။

စိုက်ပျိုးမြေများတွင် တစ်သီးစားကိုသာ စိုက်ပျိုးခြင်းထက် သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကာ စိုက်ပျိုးရေးအခြေခံလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေနှင့် စိုက်ပျိုးရေးနည်းစနစ်ကို မှန်ကန်စွာအသုံးချခြင်းဖြင့် တောင်သူများဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းသိရသည်။

မြစ်သား(ပြန်/ဆက်)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Large volume of Gutum fish sent to Yangon market



BOGALE May 9

Local fishery entrepreneurs of Bogale Township of Ayeyawady Region supplied a large volume of Gutum fish to Yangon market said Daw Su Hlaing, the owner of marine product trading in Bogale Township.

From Bogale Township, 75,000 viss of Gutum fish were sold and exported to the Yangon market.

"During the past month, aquatic products including Gutum fish from Bogale Township were exported and sold to the Yangon market. Among these, up to 75,000 viss of Gutum fish were exported. The Yangon market remains the primary destination for these aquatic products.

At present, the Yangon market continues to place orders for Gutum fish from local production, and further orders are also being made. With large volumes being shipped, trading has become more convenient, benefiting workers as well," said Daw Su Hlaing.

As exports of aquatic products, including Gutum fish, from Bogale Township to the Yangon market have increased, employment opportunities have improved for freight transport operators, fishermen, and freight workers.

SK

All soya bean plantations harvested in Mingin Township

MINGIN May 9

Agricultural data compiled by Mingin Township Agriculture Department stated that local farmers have harvested all plantations of soya bean in Mingin Township of Sagaing Region.

In Mingin Township, it is reported that during the winter cropping season, a total of 1,942 acres of soya bean were cultivated. Harvesting of these soybean fields began in January this year, and as of today, harvesting has been completed on 100 percent of the cultivated acreage, with yields exceeding 15 baskets per acre.

"We cultivated soybean crops on 1,942 acres during the winter cropping season in Mingin Township. At present, harvesting has been fully completed across all acres. We also carried out awareness and extension activities to prevent pest infestations. In addition, we have encouraged farmers and made arrangements to ensure the availability of necessary seeds," said Daw Hayman Kyaw Win, Head of the Agriculture Department in Mingin Township.

In Mingin Township, the Township Agriculture Department has been providing technical guidance to soybean farmers, including access to regionally suitable high-quality and pure seeds, correct cultivation methods, pest prevention measures, proper use of fertilizers, and practices to improve crop yields.

During this year's winter cropping season, in the cultivation of various pulse crops, it is also reported that the department worked in cooperation with farmers to provide necessary quality seeds, agricultural inputs, and post-harvest technology training to ensure good yield and quality of the crops.

SK

75,000 viss of shrimp paste from Dedaye Township sold well at Yangon market

DEDAYE May 9

Local merchants and businesspersons from Dedaye Township of Ayeyawady Region sold 75,000 viss of shrimp paste to Yangon market said Daw Kethy, the owner of fish-paste and dried fish trading in Dedaye Township.

In Dedaye Township, locally produced shrimp paste (thin shrimp paste) is mainly exported to the Yangon market. About 75,000 viss were exported within the month.



"We are exporting locally produced shrimp paste to the Yangon market and other regions. Over the past month, we were able to export up to 75,000 viss. Demand from the Yangon market has been very strong both over the past month and in the current month. At present, demand for shrimp paste has increased and prices have also risen. As trading activity has improved again, not only business owners but also workers are benefiting," said Daw Kethy.

In Dedaye, seafood traders purchase small shrimp caught by local fishermen from the sea and systematically process them into ready-to-eat shrimp paste for sale. The local shrimp paste is currently priced at up to Ks-28,000 per viss.

SMK

Farmers reap 100 percent of butter bean plantation in Yinmabin District

YINMABIN May 9

Local farmers have harvested all sown acreage of butter bean in Yinmabin District of Sagaing Region, according to the regional Agriculture Department.

In Yinmabin District, during the winter cropping season, a total of 3,894 acres of butter bean were cultivated. Harvesting of these butter bean fields began in January this year, and as of today, harvesting has been completed on all 3,894 acres—859 acres in Yinmabin Township, 2,828 acres in Kani Township, and 207 acres in Pale Township. The average yield was reported at 14.40 baskets per acre.

"During the winter cropping season in Yinmabin District, butter bean was cultivated on 3,894 acres. At present, harvesting has been fully completed across all acres. Butter bean is cultivated only in the winter season. The crop has been successfully produced, and since it fetches good market prices, farmers rely on it for cultivation," said Dr Tin Mar Mar Oo, Assistant Director of the Agriculture Department in Sagaing Region.

In Yinmabin District, during this year's monsoon cropping season, local farmers not only cultivate butter bean as a main crop but some also practice intercropping to generate additional income.

This year, the Township Agriculture Departments have been assisting farmers cultivating various pulse crops by supporting yield improvement, promoting the use of high-quality and pure seeds, and providing necessary technical assistance. They have also conducted awareness activities on preventive measures against crop pests and diseases, including the preparation and use of natural pesticides, as well as timely harvesting practices.

SMK

Betel leave trading boosts in domestic market of Kyangin Township

KYANGIN May 9


Betel leaves produced by Kyangin Township of Ayeyawady Region is booming at the domestic market, said Daw Aye Thu, a betel leaves and areca nut trader in Kyangin Township.

In Kyangin Township, locally produced betel leaves are currently in good supply. Starting from the second week of March this year up to the present, demand for betel leaves has been strong, leading to active trading. It is reported that marketable betel leaves produced in the area are being traded at about 5,500 to 7,000 viss per day.

"Demand for betel leaves has increased and trading has become more active. At present, high-quality, clean betel leaves are selling particularly well in the local area. Buyers from local markets as well as nearby regional produce markets are purchasing in large quantities, which is driving strong sales. Currently, daily sales exceed 7,000 viss. Locally produced betel leaves are found to be pest-free and of good quality, and yields are also good," said Daw Aye Thu.

In Kyangin Township, betel leaves that are being produced and traded well are priced at up to Ks-17,000 per 10 viss. These locally produced betel leaves and other agricultural products are being transported and sold to areas such as Hinthada, Pathein, and Laymyethna.

SK



Winter chickpea harvested in Monywa Township

MONYWA May 9

Statistics of Monywa Township Agriculture Department mentioned that all plantations of chickpea has been harvested in Monywa Township of Sagaing Region.

During the winter crop season, chickpeas were cultivated on up to 16,502 acres in Monywa Township. Harvesting of these chickpea fields, which began in January of this year, has now been completed 100 percent. It was reported that the yield reached 16.63 baskets per acre.

"The chickpea crop in Monywa Township this winter season was successfully grown on 16,502 acres. As of now, harvesting has been completed on all cultivated land. Year by year, chickpea cultivation has been improving. To ensure good yields and quality, we have been working together with farmers by providing high-quality and pure seeds, fertilizers, and post-harvest technology support," said U Soe Thet Aung, Head of the Monywa Township Department of Agriculture.

It was learned that for chickpea cultivation in Monywa Township, the varieties Yezin-8 and Yezin-11, which are suitable for the region and offer good yields, were selected. The cost of cultivating one acre of chickpeas is said to exceed Ks-300,000.

During the winter crop season, when various pulses are grown, collaborative efforts with farmers are ongoing to provide necessary quality seeds, fertilizers, and post-harvest technologies to ensure good yield and quality. Moreover, awareness and training activities are being conducted to encourage the use of beneficial fungi such as Trichoderma during pulse cultivation, with outreach being carried out through lead farmers.

Sagaing Region is the largest producer of pulses in terms of cultivated area nationwide. Not only are pulses grown as a primary crop, but due to the possibility of double cropping, many farmers are growing them as a major source of income.

SK

Businesspersons from Pyapon Township ship large volume of broken rice to Yangon



PYAPON May 9

Local merchants from Pyapon Township of Ayeyawady Region sold a large number of broken rice bags to Yangon market said Daw Aye Myint, the owner of rice and paddy trading depot in Pyapon Township.

They sold 65,000 bags of broken rice, due to high demand offered by businesspersons from Yangon market to Pyapon's partners.

According to Daw Aye Myint, broken rice from the township is mainly exported to the Yangon market.

"Broken rice from Pyapon is primarily shipped to the Yangon market. Most of the shipments are transported by cargo trucks. Demand for broken rice began to rise significantly from around the first week of the month. Warehouse operators have been continuously exporting it without interruption. As transportation and sales are proceeding smoothly without major difficulties, traders are doing well," she said.

Broken rice exported from Pyapon Township to Yangon is currently priced at around Ks-45,000 per bag (24 pyi). With the increase in exports, those involved in the rice and paddy trade—including traders, warehouse operators, loaders, and truck drivers—are benefiting from improved business conditions.

SK

Local farmers finish harvest of groundnut in Kanbalu Township

KANBALU May 9

A total of 82,414 acres of groundnut has been harvested in Kanbalu Township of Sagaing Region, according to the statistics of Kanbalu Township Agriculture Department.

In Kanbalu Township, during the winter cropping season, a total of 97,977 acres of groundnut were cultivated. Harvesting of these groundnut fields began in January this year, and to date, 82,414 acres have been harvested, with an average yield of 62.38 baskets per acre.

"During the winter cropping season in Kanbalu Township, groundnut was cultivated on 97,977 acres. Harvesting of the cultivated fields is currently underway, and as of today, 82,414 acres have been completed. Cultivation has exceeded the target acreage. Groundnut farming has been successful, and as an oilseed crop, it is in a strong position. Groundnut cultivation has been increasing year by year," said U Myo Zaw, Head of the Department of Agriculture in Kanbalu Township.

In Kanbalu Township, about one and a half baskets of seed are required per acre for groundnut cultivation. Including costs for seeds, labor, fertilizers, and pesticides, the total cultivation cost exceeds Ks-200,000 per acre. It is reported that yields can exceed 50 baskets per acre.

To ensure successful groundnut cultivation, prevent pest and disease outbreaks, and maintain weed-free fields, staff from the Township Department of Agriculture have been conducting field inspections and keeping monitoring records.

SMK

Putin and Fico discuss Ukrainian conflict during meeting in Moscow



MOSCOW May 9

Russian President Vladimir Putin and Slovak Prime Minister Robert Fico have discussed the Ukrainian issues during the meeting in Moscow, Kremlin aide Yury Ushakov said on Saturday.

The leaders held a meeting earlier in the day as Fico is on a visit to Moscow.

"The Ukrainian issue was discussed among many other issues," Ushakov told reporters.

During the discussion, Fico informed Putin that he had met with Volodymyr Zelensky the other day, the official said, adding that Fico did not deliver any messages from Zelensky to Putin.

Sputnik

Russia holds military parade to mark Victory Day



MOSCOW May 9

Russia held its annual Victory Day parade on the Red Square on Saturday, marking the 81st anniversary of the victory in the Soviet Union's Great Patriotic War.

Addressing troops and guests ahead of the parade, Russian President Vladimir Putin said Victory Day is the country's "sacred, bright and most important" holiday.

He said preserving the memory of the events of the Great Patriotic War, as well as its true history and heroes, is a matter of honor for the country and the Russian people, adding that Soviet soldiers suffered great losses and made a great sacrifice in the name of freedom and dignity of the peoples of Europe.

Putin said Russian soldiers today are confronting an aggressive force armed and supported by the entire North Atlantic Treaty Organization (NATO) bloc, and they continue to move forward despite the situation.

The troop march included a contingent from the Democratic People's Republic of Korea.

The parade ended with an airshow over the square.

Following the parade, Putin and foreign leaders who had arrived in Moscow for the celebrations laid flowers at the Tomb of the Unknown Soldier at Alexander Garden.

Russia has held the Victory Day parade and a series of celebrations on May 9 annually since 1995.

Xinhua

Frontier Airlines jet hits, kills pedestrian on runway at Denver airport

LOS ANGELES May 9

A Frontier Airlines flight struck and killed a pedestrian during takeoff late Friday night at Denver International Airport in the U.S. state of Colorado, authorities said.

The incident occurred at around 11:19 pm. Friday local time (0619 GMT Saturday) as Frontier Flight 4345 was departing from Denver to Los Angeles, according to the airport.

In a post on X, airport officials confirmed that "the pedestrian jumped the perimeter fence and was hit just two minutes later while crossing the runway." Officials said the individual was not believed to be an airport employee and had not yet been identified.

The aircraft, an Airbus A321, was carrying 231 people. A total of 12 people reported minor injuries and five of these were transported to local hospitals.

The airport said it has examined the fenceline and found it to be intact. Airport officials added that "Runway 17L remains closed for investigation and we expect it will be open within the next couple hours."

U.S. Secretary of Transportation Sean Duffy said in a statement on X that local law enforcement is investigating the incident with support from the U.S. Federal Aviation Administration and the Transportation Security Administration.

"No one should EVER trespass on an airport," he noted.

Xinhua

Australia's far-right party projected to win first-ever federal lower house seat

SYDNEY May 9

The Australian Broadcasting Corporation (ABC) projected that the far-right populist One Nation party won a by-election on Saturday, marking the first time the party has won a lower house seat in Australia's federal parliament.

David Farley, a former agribusiness executive, becomes the first One Nation candidate ever elected to the House of Representatives, the ABC reported.

David Farley beat independent Michelle Milthorpe in the closely watched race to fill the seat of Farrer, a rural, agricultural area in the Australian state of New South Wales (NSW).

He is also the first member for Farrer who does not represent either the Liberal Party or the National Party, the ABC said, adding the Liberals have failed to hold on to the vast rural NSW seat of their former leader Sussan Ley.

Ley resigned from parliament in February after being defeated in a leadership challenge.

Xinhua

6 injured, 6 missing in U.S. attack on Iranian vessels near Omani port

TEHRAN May 9

At least six people were injured and six others went missing in an attack by U.S. fighter jets on six Iranian cargo and fishing vessels near Oman's port city of Khasab, the semi-official Mehr news agency reported on Saturday.

The vessels belonged to villagers in Bandar Lengeh County of the southern Hormozgan province, county Governor Foad Moradzadeh was quoted as saying.

Moradzadeh said the injured were hospitalized, adding that a total of 20 people were on board the vessels at the time of the strike on Friday night.

On Friday, the official news agency IRNA reported that at least one person was killed and 10 others were injured in a U.S. attack the night before on a civilian vessel off the Hormozgan coast.

The attack caused the 15-crew cargo ship to catch fire, and led to the remaining four people going missing, IRNA reported.

Sporadic clashes erupted on Thursday and Friday between Iran and the United States in and around the Strait of Hormuz.

On Thursday night, Iran's main military command, Khatam al-Anbiya Central Headquarters, said U.S. forces had attacked two Iranian vessels, later identified as oil tankers, near the Strait of Hormuz and concurrently carried out airstrikes on civilian areas in southern Iran in cooperation with some regional states.

Ebrahim Zolfaghari, the Iranian command's spokesperson, said Iranian forces immediately retaliated by attacking U.S. military vessels east of the Strait of Hormuz and south of Iran's Chabahar port, causing significant damage.

The U.S. Central Command said in a statement that U.S. forces had intercepted "unprovoked Iranian attacks" and responded with self-defence strikes as U.S. Navy ships passed through the Strait of Hormuz.

Xinhua

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Hantavirus at home: Experts reveal risk factors that could expose you to deadly rat virus - and how to protect yourself

As health officials frantically try to pinpoint the location of passengers from the hantavirus-stricken MV Hondius, fears are mounting that the deadly rat virus could soon reach Britain.

At the time of writing, three passengers travelling on the luxury cruise ship have died, two cases have been confirmed and a further five suspected cases have been identified.

However, many people are unaware that hantavirus is already in the UK.

Official guidance released by the UKHSA yesterday confirmed that hantaviruses are carried by our native rodents - notably wild mice and voles.

There are also cases of hantavirus diagnosed in pet rats, but this is the Seoul strain which is not transmissible person-to-person.

In the UK, hantavirus infections in humans tend to occur in places where people and rodents coexist, most commonly in rural, agricultural settings. People can come into contact with the virus when they come into contact where rodents might have nested, such as sheds, barns and in holiday homes.


Since 2012, there have only been 11 confirmed human cases of Seoul hantavirus infection in the UK, with nine linked to pet rats or rats bred for reptile feeding.

Read on for everything you need to know about hantavirus in the UK and the necessary precautions you can take to keep you and your loved ones safe.

Location matters

Hantaviruses are present in rodents such as rats, mice and voles.

The type of hantavirus you could be exposed to is dependent on which species of rodents inhabit the area in which you live.



In the UK, we have the 'Seoul virus', which is carried by brown rats and sometimes seen in pet rats.

In humans, this strain attacks the kidneys - rather than the lungs - and if it goes untreated can cause internal bleeding and organ failure. However, it has a much higher survival rate than the 'New World' strains of the virus found in the Americas.

Poorly passengers on-board the MV Hondius have the Andes strain which is 'endemic' in Argentina and particularly common in long-tailed pygmy rice rats.

Whilst only the Andes virus can spread from human-to-human, rodents remain the primary culprits for transmission.

People who work, play or live in spaces where rats and mice are present most at risk of infection.

Could the Andes hantavirus strain infect British rodents?

Dr Michael Head, an expert in public health research and epidemiology from the University of Southampton, told The Pharmacist that theoretically, infected rats from Argentina could reach British shores and interact with our native rodents.

'Rats are mobile. They can get on planes and boats and go to other continents. So, there is a theoretical risk,' he explained.

'[But] the risk of the Andes virus becoming imported and sustained in the UK is extremely low I would think.

It would need to establish as host in the rats here, and it might also need some kind of competitive advantage to outweigh the Seoul hantavirus in order to become the dominant strain.

'So, the risk to somebody based in the UK, is as close to zero as it gets.'

Don't take risks - wear a mask

When the virus makes the jump from rodents to humans, it's often because people have inhaled the viral spores present in contaminated faeces or urine.

It's not only wild rodents who might carry hantavirus.

If a pet rat or mouse has it, it is possible to become unwell when cleaning their cage, as dried urine and faecal matter can become airborne when disturbed.

'The mice shed the virus in feces and urine,' Dr Chris Smith, a consultant virologist from the University of Cambridge told the Telegraph.

'When people clear it up, the viral particles become airborne and are breathed in, causing hantavirus pulmonary syndrome.'

As such, experts recommend spraying any droppings, nests or signs of infestations with water before thoroughly cleaning and disinfecting the area.

For the same reason, protective clothing including a mask and goggles should be worn.

This is because the virus can also enter humans via the nose, eyes and mouth.

'People are usually infected by hantavirus by breathing in dust from contaminated areas such as sheds and garages, or by direct contact with rodents or their waste', Declan Lismore, Superintendent Pharmacist at Chemist4U said.

This was the tragic fate of Betsy Arakawa, 65, wife of Oscar-winning actor Gene Hackman. US officials confirmed that Ms Arakawa died from a respiratory illness linked to the virus.

An environmental assessment of the property took place a week after the couple were found dead in February last year, with an investigation team discovering nests and rodents in the outbuildings of their remote home.

They found rodent droppings, a live rodent, dead rodent and rodent nests in three garages just 45 metres from the main house. Rodents were also spotted in two abandoned vehicles and farming machinery in the grounds of the property.

Traps had been set and the house itself was 'clean with no signs of rodent activity'.

Medical investigators concluded that Ms Arakawa contracted hantavirus pulmonary syndrome (HPS), a life-threatening lung condition which can lead to sudden death.

In its early stages, it can cause fatigue, muscles aches and fever - symptoms which are easily mistaken for the flu.

Around half of patients will also experience headache, dizziness, chills and gastrointestinal issues such as nausea, vomiting, diarrhoea and abdominal pain.

Four to ten days after this initial phase, more distinct and severe symptoms appear.

These include coughing and shortness of breath. Some patients may also experience tightness in the chest, as the lungs fill with fluid.

Around 40 percent of patients who experience these symptoms will die from respiratory complications.

Dr Smith added that rodents who are infected are infected for life - but animals don't tend to show symptoms.

It is more common in wild rodents, who can pick up the virus in breeding areas.

Because the virus is present in the saliva and the space around the teeth it can also be spread through coughing, sneezing and kissing.

But experts maintain the risk of human transmission is still very low for people who have not been in contact with an infected person.

Until the latest outbreak, experts believed it was very unlikely that hantaviruses could spread between humans.

Now, while it appears the virus can spread between people in close proximity, experts say people should not be worried about it turning into the next pandemic.

In an update on 7 May, Dr Maria Van Kerkhove from the WHO stressed it was not the start of a pandemic.

She said: 'This is not Covid, this is not influenza, it spreads very, very differently.'

A third Briton has now been diagnosed with suspected hantavirus linked to the cruise ship outbreak, health officials have said.

Mail Online

အိန္ဒိယတပ်မတော်ရဲ့ အစိမ်းရောင်စွမ်းအင်နဲ့ ဆက်လျှောက်မယ့်ခြေလှမ်းများ



လက်ရှိဖြစ်ပေါ်နေတဲ့ ကမ္ဘာ့အခြေအနေကိုကြည့်မယ်ဆိုရင် အီရန်စစ်ပွဲရဲ့နောက်ဆက်တွဲအကျိုးဆက်ဖြစ်တဲ့စွမ်းအင်ဂယက်ဟာ တစ်ကမ္ဘာလုံးကို ပြင်းပြင်းထန်ထန် ရိုက်ခတ်နေတာအားလုံးအသိပဲဖြစ်ပါတယ်။ အထူးသဖြင့် စက်သုံးဆီနဲ့ သဘာဝဓာတ်ငွေ့ဈေးနှုန်းအဆမတန်မြင့်တက်လာမှုဟာ နိုင်ငံတိုင်းရဲ့စီးပွားရေးယန္တရားကိုသာမက နိုင်ငံတော်ကာကွယ်ရေးကဏ္ဍာကိုပါ ကြီးမားတဲ့စိန်ခေါ်မှုတွေ ပေးလာပါတယ်။ ဒီလို အခြေအနေမျိုးမှာ အိန္ဒိယတပ်မတော်ဟာ သူတို့ရဲ့စွမ်းအင်သုံးစွဲမှုပုံစံကို အခြေခံကစ အကြီးအကျယ်ပြောင်းလဲဖို့ ပြင်ဆင်လာတာဟာ တကယ့်ကိုစိတ်ဝင်စားဖို့ကောင်းတဲ့ ဗျူဟာမြောက်ခြေလှမ်းတစ်ရပ်လို့ ပြောရမှာပါ။ အီရန်စစ်ပွဲကြောင့် ဖြစ်ပေါ်လာတဲ့စွမ်းအင်ဖြတ်တောက်မှုတွေနဲ့ ဈေးကွက်မတည်ငြိမ်မှုတွေဟာ အိန္ဒိယနိုင်ငံလိုစွမ်းအင်ကို ပြည်ပကနေအဓိကထားတင်သွင်းနေရတဲ့ အာရှနိုင်ငံတွေအတွက် နိုးကြားမှုအသစ်တစ်ခုကို ဖြစ်စေခဲ့ပါတယ်။ အခုဆိုရင် အိန္ဒိယတပ်မတော်အနေနဲ့ သမားရိုးကျစက်သုံးဆီနေရာမှာ အစားထိုးနိုင်မယ့် အစိမ်းရောင်စွမ်းအင်နည်းလမ်းတွေကို အလေးအနက်ရှာဖွေလာနေပြီဖြစ်ပါတယ်။

ဒေသတွင်း သတင်းအရင်းအမြစ်တွေရဲ့ အဆိုအရ အိန္ဒိယကြည်းတပ်က သူတို့ရဲ့စခန်းတွေမှာ အချက်အပြုတ်လုပ်ငန်းတွေအတွက်အသုံးပြုနေတဲ့ သဘာဝဓာတ်ငွေ့သုံးပစ္စည်းတွေနေရာမှာ ဇီဝဓာတ်ငွေ့အသုံးပြုမီးဖိုတွေနဲ့ အစားထိုးဖို့ စီစဉ်နေပါတယ်။ ဒါတင်မကသေးဘဲ စစ်သုံးယာဉ်တွေနဲ့ ရုံးလုပ်ငန်းတွေမှာလည်း အစိမ်းရောင်လောင်စာတွေအသုံးပြုနိုင်ဖို့ လေ့လာနေသလို၊ စစ်ဘက်ဆိုင်ရာ အဆောက်အအုံတွေမှာ နေရောင်ခြည်စွမ်းအင်နဲ့လေစွမ်းအင်တွေကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုဖို့ ခြေလှမ်းပြင်နေတယ်လို့သိရပါတယ်။

အီရန်စစ်ပွဲမတိုင်ခင် ဘရန့်ရေနံစိမ်းတစ်စည်ကို အမေရိကန်ဒေါ်လာ ၇၀ ဝန်းကျင်သာရှိခဲ့ရာကနေ စစ်ပွဲအတွင်း ၁၂၆ ဒေါ်လာအထိ စံချိန်တင်မြင့်တက်သွားခဲ့တာဟာ စွမ်းအင်အန္တရာယ်ဘယ်လောက်အထိ ကြီးမားတယ်ဆိုတာကိုပြသနေပါတယ်။ ဟော်မုဇလက်ကြားလို ဗျူဟာမြောက်ရေလမ်းကြောင်းပိတ်ဆို့ခံထားရတဲ့ အခြေအနေမျိုးမှာ အိန္ဒိယတင်မကဘဲ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအားလုံးဟာ သူတို့ရဲ့စွမ်းအင်ဖူလုံရေးအတွက် စိုးရိမ်ပူပန်လာကြတာ အဆန်းတော့မဟုတ်ပါဘူး။

စွမ်းအင်ကျွမ်းကျင်သူတွေရဲ့အမြင်အရ အာရှနိုင်ငံတွေဟာသူတို့ရဲ့ ရေနံနဲ့သဘာဝဓာတ်ငွေ့လိုအပ်ချက် ၆၀ ရာခိုင်နှုန်းလောက်ကို အရှေ့အလယ်ပိုင်းဒေသမှတင်သွင်းနေရတာဖြစ်လို့ ဒီဒေသမှာပဋိပက္ခဖြစ်တိုင်း အားနည်းချက်တွေရှိလာလေ့ရှိပါတယ်။ အခုလိုမျိုးပြည်တွင်းမှာထုတ်လုပ်နိုင်တဲ့ အစိမ်းရောင်စွမ်းအင်တွေဘက်ကိုကူးပြောင်းခြင်းဖြင့် အိန္ဒိယတပ်မတော်အနေနဲ့ စွမ်းအင်ဒဏ်ခံနိုင်ရည်ကို တည်ဆောက်နေတယ်လို့မြင်ရပါတယ်။ ဒါကတိုက်ပွဲဝင်အသင့်ဖြစ်မှုကို အာမခံနိုင်ဖို့အတွက်လည်း အလွန်အရေးကြီးပါတယ်။

အခုလောလောဆယ်မှာ အမေရိကန်က အီရန်ကို ငြိမ်းချမ်းရေးအဆိုပြုချက်တင်ထားတာကြောင့် ရေနံဈေးက ဒေါ်လာ ၁၀၀ အောက်ပြန်ကျလာပေမယ့်လည်း ဟော်မုဇလေလက်ကြားပြန့်ပွင့်ဖို့ကတော့ အချိန်ယူရဦးမှာပါ။ ရေကြောင်းကုန်သွယ်မှုတွေပုံမှန်ပြန်ဖြစ်ဖို့ဆိုတာကလည်း ချက်ချင်းလုပ်ယူလို့ရတာမျိုးမဟုတ်ဘဲ အာမခံဈေးကွက်နဲ့ ယုံကြည်မှုပြန်လည်တည်ဆောက်ဖို့အတွက် သီတင်းပတ်ပေါင်းများစွာ စောင့်ဆိုင်းရဦးမှာဖြစ်ပါတယ်။ ဒါကြောင့်ပဲ အပစ်အခတ်ရပ်စဲရေးသတင်းထွက်လာရုံနဲ့ စွမ်းအင်ပြဿနာပြေလည်သွားပြီလို့ယူဆလို့မရကြောင်း ကျွမ်းကျင်သူတွေကသတိပေးနေကြတာပါ။

ဒီလိုစိန်ခေါ်မှုတွေကြားက အစိမ်းရောင်စွမ်းအင်ကိုပြောင်းလဲအသုံးပြုဖို့ကြိုးစားရာမှာလည်း အခက်အခဲတွေတော့ ရှိနေပါသေးတယ်။ လောလောဆယ်မှာ အစိမ်းရောင်စွမ်းအင်ဟာ စစ်အခြေစိုက်စခန်းတွေ၊ ချက်ပြုတ်ရေးလုပ်ငန်းတွေ၊ စောင့်ကြည့်ရေးစနစ်တွေနဲ့ ဝေးလံခေါင်သီတဲ့ ကင်းစခန်းတွေမှာတော့ အထောက်အကူပြုနိုင်ပေမယ့်တိုက်ပွဲဝင်စစ်ဆင်ရေးတွေမှာအသုံးပြုနေတဲ့ သမားရိုးကျလောင်စာဆီတွေနေရာမှာတော့ အပြည့်အဝ အစားမထိုးနိုင်သေးပါဘူး။ အထူးသဖြင့် တပ်ဆင်ခအလွန်မြင့်မားတာ၊ နည်းပညာပိုင်းဆိုင်ရာ ကန့်သတ်ချက်တွေရှိတာနဲ့ နေရောင်ခြည် ဒါမှမဟုတ် လေစွမ်းအင်ဆိုတာမျိုးက အမြဲတမ်းပုံမှန်မရနိုင်တဲ့ သဘာဝရှိတာကြောင့် အကြီးစားစစ်လက်နက်ပစ္စည်းတွေကိုမောင်းနှင်ဖို့ဆိုတာ မလွယ်ကူသေးပါဘူး။ ဒါပေမဲ့လည်း အိန္ဒိယတပ်မတော်ဟာ လာဒက်လိုမျိုး ဝေးလံခေါင်သီတဲ့ တောင်တန်းဒေသတွေမှာ နေရောင်ခြည်-ဟိုက်ဒရိုဂျင်စွမ်းအင်သုံးအသေးစားဓာတ်အားလိုင်းစနစ်တွေကို အောင်အောင်မြင်မြင် အသုံးပြုပြထားပြီးပါပြီ။ ဒါဟာ အနာဂတ်အတွက် အလားအလာကောင်းတဲ့လက္ခဏာတစ်ခုပါပဲ။

အခုလို အစိမ်းရောင်စွမ်းအင်ကို အသုံးပြုလာခြင်းအားဖြင့် ရရှိမယ့်အကျိုးကျေးဇူးတွေကတော့များပြားလှပါတယ်။ ပထမဆုံးအနေနဲ့က ကမ္ဘာ့ဈေးကွက်မှာ ရေနံဈေးတွေဘယ်လောက်ပဲတက်တက်၊ ဘယ်လိုပဲ စစ်မီးတွေတောက်နေပါစေ မိမိနိုင်ငံအတွင်းမှာပဲ ထုတ်လုပ်နိုင်တဲ့စွမ်းအင်ရှိနေတဲ့အတွက် ထောက်ပံ့ပို့ဆောင်ရေးအခက်အခဲတွေကို လျှော့ချနိုင်ပါမယ်။ ဥပမာ ဝေးလံခေါင်သီတဲ့ ကင်းစခန်းတွေမှာ ရဟတ်ယာဉ်တွေနဲ့ လောင်စာဆီသွားပို့ရတဲ့ စရိတ်စကနဲ့ အန္တရာယ်ဟာ အလွန်ကြီးမားပါတယ်။ အဲဒီအစား အဲဒီစခန်းတွေမှာတင် လေစွမ်းအင် သို့မဟုတ် နေရောင်ခြည်စွမ်းအင်ကိုအသုံးချနိုင်ရင် ကုန်ကျစရိတ်တွေသက်သာသွားမယ့်အပြင် ရန်သူ့ရဲ့ဖြတ်တောက်မှုကိုလည်း စိုးရိမ်စရာမလိုတော့ပါဘူး။ ဒုတိယအနေနဲ့ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချနိုင်ပြီး ကမ္ဘာ့ကျန်းမာရေးစံနှုန်းတွေနဲ့လည်း ကိုက်ညီမှုရှိစေမှာပါ။

တစ်ကမ္ဘာလုံးဆိုင်ရာ အမြင်နဲ့ကြည့်မယ်ဆိုရင်လည်း အခုလိုအိန္ဒိယတပ်မတော်ရဲ့ ဆောင်ရွက်ချက်ဟာ ကမ္ဘာ့စံနမူနာကောင်းတွေကို လိုက်နာကျင့်သုံးခြင်းလည်းဖြစ်ပါတယ်။ တပ်မတော်တစ်ရပ်ရဲ့ စွမ်းဆောင်ရည်ကို မထိခိုက်စေဘဲ ပိုမိုခိုင်မာတဲ့ စွမ်းအင်စနစ်ကို တည်ဆောက်နိုင်ခြင်းဟာ အာရှဒေသတွင်းက တခြားနိုင်ငံတွေအတွက်လည်း အတုယူစရာဖြစ်လာမှာပါ။ စစ်မြေပြင်မှာ ထောက်ပံ့ပို့ဆောင်ရေးလမ်းကြောင်းတွေဟာ ရန်သူရဲ့အဓိကပစ်မှတ်ဖြစ်လေ့ရှိပါတယ်။ စက်သုံးဆီယာဉ်တန်းတွေအပေါ် မှီခိုနေရမယ့်အစားကိုယ့်စခန်းမှာတင် ကိုယ်ပိုင်ဇီဝဓာတ်ငွေ့နဲ့ နေရောင်ခြည်စွမ်းအင်ထုတ်ယူသုံးစွဲနိုင်ခြင်းက ဗျူဟာမြောက်အားသာချက်ကို ပေးစွမ်းနိုင်မှာဖြစ်ပါတယ်။ ဒီလိုမျိုးအပြောင်းအလဲဟာ ရေတိုမှာ ငွေကုန်ကြေးကျများနိုင်တယ်လို့ထင်ရပေမယ့် ရေရှည်မှာ တပ်မတော်အတွက်သာမက နိုင်ငံတော်အတွက်ပါ မဟာဗျူဟာမြောက် အောင်မြင်မှုတွေကို ယူဆောင်ပေးမှာဖြစ်ပါတယ်။

ဒါ့အပြင် ဒီလိုမျိုးအစိမ်းရောင်စွမ်းအင်ကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုတွေ တိုးမြှင့်လုပ်ဆောင်လာတာဟာ အိန္ဒိယနိုင်ငံရဲ့ ပြည်တွင်းစက်မှုလုပ်ငန်းတွေကိုလည်း အားကောင်းစေပါတယ်။ တပ်မတော်အတွက်လိုအပ်တဲ့ ဆိုလာပြားတွေ၊ ဇီဝဓာတ်ငွေ့စနစ်တွေနဲ့ စွမ်းအင်သိုလှောင်တဲ့ဘက်ထရီတွေကို ပြည်တွင်းမှာပဲ ထုတ်လုပ်လာနိုင်တဲ့အခါ "အိန္ဒိယပြည်တွင်းပြုလုပ်သည်" ဆိုတဲ့မူဝါဒကိုလည်းအထောက်အကူပြုရာရောက်ပါတယ်။ စွမ်းအင်ဆိုတာ ဒီနေ့ခေတ်စစ်ပွဲမှာ လက်နက်ခဲယမ်းတွေလိုပဲ အရေးကြီးတဲ့အရာတစ်ခုဖြစ်လာပါတယ်။ တပ်မတော်တစ်ရပ်က စွမ်းအင်ရရှိရေးအတွက် တခြားသူအပေါ်မှီခိုနေရသရွေ့ သူ့ရဲ့ဆုံးဖြတ်ချက်တွေကလွတ်လပ်မှုရှိမှာမဟုတ်ပါဘူး။ အခုလို အိန္ဒိယတပ်မတော်ကဦးဆောင်ပြီး စွမ်းအင်အပြောင်းအလဲကို ဖော်ဆောင်နေတာဟာ တခြားသော အစိုးရဌာနတွေနဲ့ ပုဂ္ဂလိကကဏ္ဍတွေအတွက်ပါ စံနမူနာကောင်းတစ်ခုဖြစ်နေပါတယ်။

စစ်မှန်တဲ့ စွမ်းအင်ဖူလုံရေးဆိုတာ ရေနံတွင်းတွေ အများကြီးပိုင်တာကို မဆိုလိုပါဘူး။ ရရှိနိုင်တဲ့အရင်းအမြစ်တွေကို အထိရောက်ဆုံးသောနည်းလမ်းတွေနဲ့ အသုံးချနိုင်တာကိုဆိုလိုတာပါ။ အီရန်စစ်ပွဲကြောင့် ဖြစ်ပေါ်လာတဲ့ စွမ်းအင်အကျပ်အတည်းဟာ အိန္ဒိယတပ်မတော်ကို ပိုမိုခေတ်မီပြီး ပိုမိုကြံ့ခိုင်တဲ့အနာဂတ်ဆီကို တွန်းပို့ပေးလိုက်သလို ဖြစ်နေပါတယ်။ စိန်ခေါ်မှုတွေကို အခွင့်အလမ်းအဖြစ် ပြောင်းလဲနိုင်စွမ်းဟာ စွမ်းရည်ထက်မြက်တဲ့ တပ်မတော်တစ်ရပ်ရဲ့လက္ခဏာဖြစ်ပါတယ်။ အိန္ဒိယတပ်မတော်ရဲ့ အစိမ်းရောင်စွမ်းအင်နဲ့လျှောက်လှမ်းမယ့်ခြေလှမ်းတွေဟာ အာရှတိုက်ရဲ့ စွမ်းအင်ဖူလုံရေးသမိုင်းစာမျက်နှာသစ်မှာ အရေးပါတဲ့အခန်းကဏ္ဍကနေ ပါဝင်နေမှာအမှန်ပဲဖြစ်ပါတယ်။

Ref: SCMP

ထက်မြတ်

ရုရှားနှင့်ယူကရိန်း သုံးရက်ကြာ အပစ်အခတ်ရပ်စဲဟု ထရမ့်ကြေညာ

ဝါရှင်တန်၊ ဇွိမ်းချမ်းရေး

အမေရိကန်၏ကြားဝင်ညှိနှိုင်းပေးမှုဖြင့် ရုရှားနှင့်ယူကရိန်းနိုင်ငံတို့က သုံးရက်ကြာ အပစ်အခတ်ရပ်စဲရန်နှင့် အကျဉ်းသားလဲလှယ်ရန်သဘောတူညီမှုရရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မေလ ၈ ရက်တွင်ကြေညာသည်။ စစ်ပွဲအဆုံးသတ်နိုင်ရေး ဆွေးနွေးမှုများကို ဆက်လက်လုပ်ဆောင်နေပြီး နေ့စဉ်နှင့်အမျှ ရလဒ်ကောင်းများနှင့် နီးစပ်လာနေပြီဖြစ်ကြောင်း ၎င်းကဆိုသည်။

ရုရှားနှင့် ယူကရိန်းတို့က မေလ ၉ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် သုံးရက်ကြာ အပစ်အခတ်ရပ်စဲသွားမည်ဖြစ်ကြောင်း ထရမ့်က လူမှုကွန်ရက်တွင် ရေးသားထားခြင်းဖြစ်သည်။ အဆိုပါ အပစ်အခတ်ရပ်စဲမှုကာလသည် ဆိုဗီယက်ပြည်ထောင်စု၏ ဒုတိယကမ္ဘာစစ်အောင်ပွဲဖြစ်သည့် မဟာမျိုးချစ်စစ်ပွဲအောင်ပွဲနေ့ဖြစ်သော မေလ ၉ ရက်နှင့် တိုက်ဆိုင်နေသည်။ ယင်းအောင်ပွဲနေ့သည် ယူကရိန်းနိုင်ငံအတွက်လည်း ဒုတိယကမ္ဘာစစ်တွင် အဓိကအခန်းကဏ္ဍမှပါဝင်ခဲ့သည့်အတွက် အရေးပါနေကြောင်း ထရမ့်ကပြောသည်။

အပစ်အခတ်ရပ်စဲကာ အကျဉ်းသား ၁၀၀၀ စီ လဲလှယ်ရေးအတွက် ထရမ့်ကကိုယ်တိုင်တိုက်ရိုက်တောင်းဆိုခြင်းဖြစ်ပြီး ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ယူကရိန်းသမ္မတ ဗိုလိုဒိုမာဇီလန်စကီတို့၏သဘောတူမှုကို ကျေးဇူးတင်ကြောင်းလည်း ၎င်းကပြောထားသည်။

Ref: SCMP

ဂျပန်နိုင်ငံ၏ အစိုးရကြွေးမြီ ၁၀ နှစ်ဆက်တိုက် စံချိန်တင်မြင့်တက်

တိုကျို၊ ပြည်တွင်းရေး

ဂျပန်ဗဟိုအစိုးရ၏ ကြွေးမြီစုစုပေါင်းကယန်း ၁၃၄၁ ဒသမ ၈၄ ထရီလီယံ(အမေရိကန်ဒေါ်လာ ၈ ဒသမ ၅၈ ထရီလီယံခန့်) ရှိနေပြီး ၁၀ နှစ်ဆက်တိုက် စံချိန်တင်မြင့်တက်လာခြင်းဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည်။ ထိုကြွေးမြီပမာဏက ပြီးခဲ့သည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ကုန်ထက် ယန်း ၂၀ ဒသမ ၁၃ ထရီလီယံ ပိုမိုများပြားလာခြင်းဖြစ်သည်ဟု ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ကြွေးမြီများတွင် အစိုးရအာမခံစာချုပ်ပမာဏ ယန်း ၁၂၀၇ ဒသမ ၂၂ ထရီလီယံ၊ ချေးငွေပမာဏမှာ ယန်း ၄၄ ဒသမ ၃၂ ထရီလီယံနှင့် ကာလတိုငွေတိုက်စာချုပ်များမှာ ယန်း ၉၂ ဒသမ ၃ ထရီလီယံရှိကြောင်း ဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်ကိုတွေ့ရသည်။

ကုန်စျေးနှုန်းမြင့်တက်မှုနှင့် အတိုးနှုန်းမြင့်မားမှုများကြောင့် အစိုးရအသုံးစရိတ်များပိုမိုများပြားလာကာ လုပ်ငန်းစဉ်များလည်ပတ်နိုင်ရန် ကြွေးမြီအပေါ်သာ အဓိကအားကိုးနေရဆဲဖြစ်ကြောင်း Kyodo သတင်းဌာနက မေလ ၉ ရက်တွင်ဖော်ပြထားသည်ဟုသိရသည်။

Ref: Xinhua

ထိုင်းရှိနေအိမ်တစ်လုံးမှ စစ်အသုံးအဆောင်နှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

ဘန်ကောက်၊ လုံခြုံရေး

ထိုင်းနိုင်ငံ ပတ္တယားကမ်းခြေအနီးရှိ နိုင်ငံခြားသားတစ်ဦး၏နေအိမ်တွင် စစ်အသုံးအဆောင်နှင့် လက်နက်ခဲယမ်းအမြောက်အမြားကို မေလ ၉ ရက်တွင် သိမ်းဆည်းရမိကြောင်းနှင့် ရဲတပ်ဖွဲ့ကစုံစမ်းစစ်ဆေးမှုများ လုပ်နေကြောင်း တာဝန်ရှိသူများက ပြောသည်။

လူလတ်ပိုင်းတရုတ်နိုင်ငံသားတစ်ဦး၏ နေအိမ်အတွင်းမှ M16 ချေမှုန်းရေးရိုင်ဖယ်နှစ်လက်၊ ကျည်ဆန်ရာပေါင်းများစွာ၊ မြေမြှုပ်မိုင်းများ၊ လက်ပစ်ဗုံးများနှင့် ဖောက်ခွဲရေးပစ္စည်း ၅ ကီလိုဂရမ်ကို ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခြင်းဖြစ်သည်။

ထိုလက်နက်များသည် တိုက်ခိုက်မှုလုပ်ရန်စီစဉ်ထားသည်ဟူသောအချက်နှင့် ပတ်သက်၍ ရှင်းလင်းသည့် အထောက်အထားမတွေ့ရသေးသော်လည်း လက်ရှိတွင်လုံခြုံရေးဆိုင်ရာဆက်နွယ်မှုများကို အသေးစိတ်စုံစမ်းစစ်ဆေးနေကြောင်းသိရသည်။

Ref: AGC

ရုရှားက (၈၁)နှစ်မြောက် မဟာမျိုးချစ်စစ်ပွဲအောင်ပွဲနေ့ စစ်ရေးပြအခမ်းအနားကို ရင်ပြင်နီ၌ကျင်းပ



မော်စကို၊ ပြည်တွင်းရေး

ဒုတိယကမ္ဘာစစ်အတွင်း ဆိုဗီယက်ပြည်ထောင်စုက နာဇီဂျာမနီကိုအောင်နိုင်သည့် (၈၁)နှစ်မြောက် မဟာမျိုးချစ်စစ်ပွဲအောင်ပွဲနေ့အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကို ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ရင်ပြင်နီ၌ မေလ ၉ ရက်တွင်ကျင်းပသည်။

တစ်ချိန်တည်းမှာပင် နာဇီတို့ကိုအောင်နိုင်ရန် အသက်ပေးလှူခဲ့ကြသည့် သန်းပေါင်းများစွာသော ပြည်သူများအားဂုဏ်ပြုသည့် စစ်ရေးပြအခမ်းအနားများကိုလည်း မေလ ၉ ရက် အစောပိုင်းတွင် ရုရှားနိုင်ငံတစ်ဝန်းရှိ မြို့အသီးသီး၌ ကျင်းပသည်။

ဒုတိယကမ္ဘာစစ်၏ မဟာမျိုးချစ်စစ်ပွဲအတွင်း ဆိုဗီယက်ပြည်ထောင်စုအနေဖြင့် လူဦးရေ ၂၇ သန်းခန့်ဆုံးရှုံးခဲ့ရပြီး စစ်ပွဲ၏ဒဏ်ကို အဆိုးဆုံးခံစားခဲ့ရခြင်းဖြစ်သည်။ နာဇီဂျာမနီ၏ ခြွင်းချက်မရှိလက်နက်ချမှုကို ဘာလင်မြို့၌ မေလ ၈ ရက်ညနောင်းပိုင်းတွင် လက်မှတ်ရေးထိုးခြင်းဖြစ်သော်လည်း မော်စကိုမြို့၌ သန်းခေါင်ကျော်အချိန်သို့ ရောက်ရှိနေပြီဖြစ်သောကြောင့် ရုရှားတွင် အဆိုပါမဟာမျိုးချစ်စစ်ပွဲအောင်ပွဲနေ့ကို မေလ ၉ ရက်တွင်ကျင်းပခြင်းဖြစ်သည်။

ရုရှားအစိုးရက အောင်ပွဲနေ့အထိမ်းအမှတ်အဖြစ် ယူကရိန်းနှင့်အပစ်အခတ်ရပ်စဲရန် ကြေညာသော်လည်း ယူကရိန်းဘက်က ရုရှားနိုင်ငံအတွင်းသို့ ဒရုန်းရာပေါင်းများစွာ စေလွှတ်တိုက်ခိုက်သည်။ ထို့နောက် ယူကရိန်းအစိုးရက အမေရိကန်သမ္မတ၏အပစ်အခတ်ရပ်စဲရေးကမ်းလှမ်းမှုကိုသဘောတူခဲ့ခြင်းဖြစ်သည်။

Ref: RT

ဟန်တာဗိုင်းရပ်အန္တရာယ် သတိပြုကြရန် ကမ္ဘောဒီးယားအစိုးရ တိုက်တွန်း

ဖနွမ်းပင်၊ ကျန်းမာရေး

ကမ္ဘောဒီးယားနိုင်ငံ၌ လူသားများထံ ဟန်တာဗိုင်းရပ်ကူးစက်မှု မတွေ့ရှိရသေးသော်လည်း ပြည်သူများအနေဖြင့် အထူးသတိပြုရန် အစိုးရက မေလ ၉ ရက်တွင် တိုက်တွန်းနှိုးဆော်လိုက်သည်။ ဟန်တာဗိုင်းရပ်သည် ကြွက်များမှတစ်ဆင့် လူသားများထံကူးစက်၍ ပြင်းထန်သောရောဂါဖြစ်စေနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည်။ ကြွက်များ၏ ဆီး၊ မစင်သို့မဟုတ် တံတွေးနှင့်ထိတွေ့ရာမှတစ်ဆင့် ကူးစက်နိုင်ပြီး ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားနာကျင်ခြင်းနှင့် အသက်ရှူရခက်ခြင်း စသည့်လက္ခဏာများခံစားရနိုင်သည်။

လက်ရှိတွင် ထိုဗိုင်းရပ်အတွက် သတ်မှတ်ထားသည့် ကုသဆေး သို့မဟုတ် ကာကွယ်ဆေးမရှိသေးပေ။ အာဂျင်တီးနားနိုင်ငံမှ ထွက်ခွာလာသော နယ်သာလန်အလံတင် အပျော်စီးသင်္ဘောတစ်စင်းတွင် လူသုံးဦးသေဆုံးကာ ရှစ်ဦးထံ၌ဗိုင်းရပ်တွေ့ရှိရပြီးနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ဟန်တာဗိုင်းရပ်နှင့်ပတ်သက်၍ သတိပေးချက်ထုတ်ပြန်ထားသည်။ **Ref: Xinhua**

ဗင်နီဇွဲလားနိုင်ငံရှိ သန့်စင်ပြီးယူရေနီယံများကို အမေရိကန် သိမ်းဆည်းရယူ



ဝါရှင်တန်၊ နိုင်ငံရေး

ဗင်နီဇွဲလားနိုင်ငံရှိအဆင့်မြင့်သန့်စင်ပြီးယူရေနီယံများအားလုံးကို ဖယ်ရှားရယူနိုင်ပြီဖြစ်ကြောင်း အမေရိကန်စွမ်းအင်ဝန်ကြီးဌာနက မေလ ၈ ရက်တွင် ကြေညာသည်။ ထိုလုပ်ဆောင်ချက်သည် အမေရိကန်နှင့် တစ်ကမ္ဘာလုံးအတွက် အောင်မြင်မှုတစ်ခုဖြစ်ကြောင်း ဝန်ကြီးဌာနကဆိုသည်။

ဗင်နီဇွဲလားရှိ သုတေသနဓာတ်ပေါင်းဖိုဟောင်းတစ်ခုမှကျန်ရှိနေသည့် သန့်စင်ပြီးယူရေနီယံ ၁၃ ဒသမ ၅ ကီလိုဂရမ်ကို ဖယ်ရှားကာ ပြန်လည်ပြုပြင်အသုံးချနိုင်ရန် အမေရိကန်သို့ လွှဲပြောင်းယူဆောင်ခဲ့ခြင်းဖြစ်သည်။ ယခုခြေလှမ်းသည် ဗင်နီဇွဲလားနိုင်ငံ၏ ပြန်လည်နိုးထမှုကို ကမ္ဘာသို့ ပြသလိုက်ခြင်းဖြစ်ပြီး သမ္မတထရမ့်၏ ပြတ်သားသောဦးဆောင်မှုကြောင့်ဖြစ်ကြောင်းထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အမေရိကန်သည် ဗင်နီဇွဲလားသမ္မတနီကိုးလပ်မာဒူရိုကို ဇန်နဝါရီလအတွင်းဖမ်းဆီးထိန်းသိမ်းခဲ့ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေးကိုပြန်လည်စတင်ပြီး ယခုယူရေနီယံဖယ်ရှားမှုကို ဗင်နီဇွဲလားနိုင်ငံ၏ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထိုယူရေနီယံများသည် ၁၉၅၀ ပြည့်လွန်နှစ်များမှ ၁၉၇၀ ပြည့်လွန်နှစ်များအထိ ကျင့်သုံးခဲ့သော "Atoms for Peace" အစီအစဉ်အရ ကရာကပ်မြို့အနီး၌ တည်ဆောက်ခဲ့သည့် အရပ်ဘက်သုံးဓာတ်ပေါင်းဖိုမှဖြစ်ကြောင်းသိရသည်။

Ref: RT

ဟော်မုရေလက်ကြားကိုထိန်းချုပ်ခြင်းက အက်တမ်ဗုံးကိုပိုင်ဆိုင်ခြင်းနှင့်တူဟု အီရန်ပြော

တီဟီရန်၊ စစ်ရေး

အမေရိကန်စစ်ဘက်က အိုမန်ပင်လယ်ကွေ့၌ အီရန်အလံတင် ရေနံတင်သင်္ဘော နှစ်စင်းကိုတိုက်ခိုက်ပြီးနောက် ဟော်မုရေလက်ကြားကိုထိန်းချုပ်ခြင်းက အက်တမ်ဗုံးတစ်လုံးကို ပိုင်ဆိုင်ခြင်းနှင့်တူကြောင်း အီရန်ဦးဆောင်၏အကြံပေးကပြောသည်။

အမေရိကန် အလယ်ပိုင်းဒေသစစ်ဌာနချုပ်က ၎င်းတို့၏ ရေကြောင်းပိတ်ဆို့မှုကို ချိုးဖောက်ကာ အီရန်ဆိပ်ကမ်းသို့ဝင်ရန် ကြိုးပမ်းသည့် M/T Sea Star III နှင့် M/T Sevda ရေနံတင်သင်္ဘောနှစ်စင်းကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ထားသည်။ ယင်းလုပ်ဆောင်ချက်သည် အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်ခြင်းဖြစ်ပြီး အမေရိကန်၏ အကြမ်းဖက်မှုဖြစ်ကြောင်း အီရန်စစ်ဘက်က တုံ့ပြန်ပြောဆိုသည်။

ဟော်မုရေလက်ကြားသည် အီရန်နိုင်ငံအတွက် အက်တမ်ဗုံးတစ်လုံးကဲ့သို့ စွမ်းဆောင်ရည်ရှိကြောင်းနှင့် နိုင်ငံတကာဥပဒေအရဖြစ်စေ၊ တစ်နိုင်ငံတည်းသဘောဖြင့်ဖြစ်စေ ရေလက်ကြား၏အုပ်ချုပ်မှုစနစ်ကို ပြောင်းလဲရန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အီရန်ဦးဆောင်၏အကြံပေး မိုဟာမတ်မော့ဘာကပြောသည်။ တိုက်ခိုက်မှုများဆက်တိုက်ဖြစ်ပွားနေခြင်းကြောင့် ကမ္ဘာ့စွမ်းအင်စျေးကွက်၏အဓိကရေလမ်းကြောင်းဖြစ်သော ဟော်မုရေလက်ကြားတွင်တင်းမာမှုများပိုမိုမြင့်တက်လျက်ရှိသည်။

Ref: RT



နေပြည်တော် မေ ၉

မိုးထစ်ချုန်းရွာနိုင်

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်မိုးထစ်ချုန်းရွာနိုင်သည်။ **(မိုး/၈လ)**

MFF U16/U19 Youth Futsal League 2026 ဖွင့်ပွဲကျင်းပ



ရန်ကုန် မေ ၉

MFF U16/U19 Youth Futsal League 2026 ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ MFF Futsal Stadium သုဝဏ္ဏဘူမိကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက အထောက်အကူပြုဘောလုံးများကိုပေးအပ်ကာ ပြိုင်ပွဲအား ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးဇော်ဇော်က Football For Schools Program အတွက် ဘောလုံး ၅၀၀၀ ကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် MFF U16/U19 Youth Futsal League 2026 ပထမပွဲစဉ်အဖြစ် YCDC Dream Team FC အသင်းနှင့် YRG FC အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ MFF U16/U19 Youth Futsal League 2026 ကို ပြိုင်ပွဲဝင်အသင်း ၂၄ သင်း၊ ပြိုင်ပွဲဝင်အားကစားသမား ၃၃၆ ဦးဖြင့် မေလ ၉ ရက်မှ အောက်တိုဘာလ ၄ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း၏ (၁၄)ကြိမ်မြောက် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် မေ ၉

မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း၏ (၁၄)ကြိမ်မြောက် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မဂ်လာခန်းမ၌ကျင်းပသည်။

ဦးစွာဒုတိယဝန်ကြီးပါမောက္ခဒေါက်တာအေးထွန်းက မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်းဝင်ဆေးရုံများ အရည်အသွေးမီကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး၊ လူနာများဘေးကင်းလုံခြုံသောကုသမှုများဖြစ်စေရေးနှင့် သင့်တင့်မျှတသောကုန်ကျစရိတ်ဖြင့် ဝန်ဆောင်မှုပေးနိုင်ရေးတို့ကို ထိန်းညှိကြပ်မတ်ပေးစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက်နှစ်ပတ်လည်အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ သူနာပြုသင်တန်းကျောင်းအား သူနာပြုသိပ္ပံအဆင့်မြှင့်တင်နိုင်ရန်အတွက် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ



ဝန်ထမ်းများနှင့် ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦး တွေ့ဆုံ၍ လုပ်ငန်းများကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးသည် ယမန်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အတွင်း ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအား ရမည်းသင်းမြို့နယ် သစ်တောဦးစီးဌာနရုံး ရှင်းလင်းဆောင်၌တွေ့ဆုံသည်။

ထို့နောက် မြို့မပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားရှိသည့် လူထုဖြန့်ပျိုးပင်များ၊ အထူးပျိုးပင်များကိုကြည့်ရှုသည်။

ယင်းနောက် ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံသစ်တောကျောင်းရှိ အမှတ်စဉ်(၁၉၉)နှင့် အမှတ်စဉ်(၁၂၀)ရှိ သင်တန်းသားများကို သွားရောက်တွေ့ဆုံ၍ သင်တန်းသားများအနေဖြင့် စာတွေ့လက်တွေ့ကျွမ်းကျင်ပိုင်နိုင်အောင် လေ့လာသင်ယူကြရန် မှာကြားခဲ့ကြောင်းသိရသည်။

မြဝတီ

တောင်ကြီးမြို့နယ်နှင့် ညောင်ရွှေမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၉

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ်နှင့် ညောင်ရွှေမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တောင်ကြီးမြို့နယ်အတွင်း Smart School နှင့် Football For School Program အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားသည့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (တောင်ကြီး)နှင့် အခြေခံပညာအထက်တန်းကျောင်း (ပန်သလွဲ)တို့၌ သတ်မှတ်စံနှုန်းနှင့်ကိုက်ညီသည့် အားကစားကွင်းနှင့် ဘက်စုံသုံးအားကစားခန်းမတည်ဆောက်နိုင်ရေး မြေနေရာရွေးချယ်မှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများ သွားရောက်လည်ပတ်လေ့လာနေသည့် အင်းလေး-စိန်သမာဓိ (မြန်မာ့ရိုးရာရွှေထည်၊ငွေထည်နှင့်ချည်ထည်လုပ်ငန်း)သို့သွားရောက်၍ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**

သွင်းအားစုဓာတ်မြေဩဇာများ သုံးစွဲမှုလျော့ကျစေရေးနှင့် သီးနှံအထွက်နှုန်းပြည့်မီစေရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မေ ၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းသည် ယမန်နေ့က မကွေးမြို့နယ် ဆိပ်သာဆိုလာစနစ်ရေတင်စီမံကိန်းကို ကြည့်ရှုစစ်ဆေးပြီး အောင်လံမြို့နယ် တောင်သူပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်းခန်းမ၌ ဝါစိုက်တောင်သူများနှင့်တွေ့ဆုံဆွေးနွေးကာ ဝါမျိုးစေ့များ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် အောင်လံမြို့နယ် ကျီရပ်ကုန်းကျေးရွာအုပ်စု နွေစပါး ၁၅၅ ဧက အကွက်ကျယ် စံပြကွက်၌ တောင်သူများနှင့်တွေ့ဆုံဆွေးနွေးပြီး ညနေပိုင်းတွင် ဓာတ်မြေဩဇာသုံးစွဲမှုလျော့ချ၍ သဘာဝမြေဩဇာနှင့် မြေပြုပြင်မြေဩဇာများ စနစ်တကျတွဲဖက်အသုံးပြုနိုင်ရေးဆိုင်ရာ ပညာပေးဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးကာ ကြံစိုက်တောင်သူများကို ဟင်းသီးဟင်းရွက်မျိုးစေ့များ၊ ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။ **မြဝတီ**



❐ **ကျောဖုံးမှအဆက်**

(ခန့်မှန်းတန်ဖိုးငွေကျပ်၃သမန၈၅ဘီလီယံ) အား ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရှိရသည်။

စစ်ဆေးဖော်ထုတ်ချက်များအရအဆိုပါ ဖမ်းဆီးရမိဘိန်းဖြူများကို ကလေးမြို့၌ လက်ခံမည့်သူဖြစ်သည့် ညွန့်တင်အား မွန်းလွဲ ၁ နာရီခန့်တွင် ကလေးမြို့အဝင်၌ လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့မှ ကလေးမြို့သို့ သယ်ဆောင်ခိုင်းသူ နိုင်ဝင်း(ခ)ရုပ်ဆိုးအား ည ၆ နာရီခန့်တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ပြည် – အောင်လံသွားကားလမ်း၊ တိတွတ်ကျေးရွာအနီး၌ TOYOTA HILUX အမျိုးအစားမော်တော်ယာဉ် ၁ စီးနှင့်အတူ လည်းကောင်း ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဆက်စပ်သတင်းများအရ မူးယစ်ဆေးဝါးများသယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ဘဂျမ်းအား ဇပြီလ ၃၀ ရက်မွန်းလွဲ ၂ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ကတိုးကျေးရွာရှိနေအိမ်၌ ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ ပြည်ကြီးတံခွန်မြို့နယ်၊ (၈၂) ရပ်ကွက်၊ ၅၉ လမ်းနှင့် ၁၃၉ လမ်းထောင့်၌ ရပ်တန့်ထားသည့် NISSAN CONDOR ၆ ဘီးယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၄ သန်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဘီလီယံခန့်)ကို ထပ်မံသိမ်းဆည်းရမိကြောင်း သိရှိရသည်။



စိတ်ကြွဆေးပြား ၄ သန်းနှင့်အတူဖမ်းဆီးရမိသည့် ဘဂျမ်းနှင့် မူးယစ်ဆေးဝါးသယ်ဆောင်ရန်ခိုင်းစေသူ နိုင်ဝင်း(ခ)ရုပ်ဆိုးအား တွေ့ရစဉ်။

အဆိုပါ ဖမ်းဆီးရမိမှုဖြစ်စဉ်တွင် ခန့်မှန်းငွေကျပ် ၉ ဒသမ ၈၅ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၇၇ ကီလိုနှင့် စိတ်ကြွဆေးပြား ၄ သန်းတို့ကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ရာ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူများအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ၎င်းတို့၏မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့်လည်း ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆက်စပ်တရားခံများကိုလည်း ဆက်လက်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေး စက်ချုပ်သင်တန်းဖွင့်



မကွေး မေ ၉

အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနကဖွင့်လှစ်သည့် စက်ချုပ်သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းသင်တန်းခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအမျိုးသမီးရေးရာကော်မတီနာယကကာ သင်တန်းကာလအတွင်းအသုံးပြုမည့် သင်တန်းသုံးပစ္စည်းများကိုပေးအပ်ရာ သင်တန်းသူများကလက်ခံရယူသည်။


သင်တန်းတွင် မကွေးမြို့ပေါ်ရပ်ကွက်များမှ သင်တန်းသူ ၁၅ဦးကို မေလ ၈ ရက်မှ ဇွန်လ ၂၈ ရက်အထိ ၄၅ ရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပြီး ထူးချွန်သည့်သင်တန်းသူငါးဦးကို ရွေးချယ်၍ လုပ်ငန်းသုံးပစ္စည်းများပေးအပ်ကာ လုပ်ငန်းထူထောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

မောင်ခိုင်မင်း (ပြန်/ဆက်)

ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ် ၂၉၂ ဒသမ ၅ သိန်း၊ ကလေးဝမြို့တွင် ငွေကျပ်သိန်း ၁၂၀၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တွင် ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



တရားခံ ဦးသက်(ခ)ဝင်းကိုနှင့် မယဉ်ဝင်းမြိုင်(ခ)မကြီးတို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



တရားခံ စိုးလင်းမင်းအား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရစဉ်။



တရားခံ လှိုင်မျိုးကျော်(ခ)ကျော်ကြီးအား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် မေ ၉

ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ် ၂၉၂ ဒသမ ၅ သိန်း၊ ကလေးဝမြို့တွင် ငွေကျပ်သိန်း ၁၂၀ တန်ဖိုး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တွင် ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ မေလ ၆ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအနီးတွင် နောင်ချိုမြို့နယ် ဈေးကုန်းကျေးရွာနေ ဦးသက်(ခ)ဝင်းကို (၄၆)နှစ်မောင်းနှင်ပြီး ဇနီးဖြစ်သူ မယဉ်ဝင်းမြိုင်(ခ)မကြီး(၄၂)နှစ် လိုက်ပါလာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် ၂၉၂ ဒသမ ၅ သိန်း)ကို ဖမ်းဆီးရမိသဖြင့် ဦးသက်(ခ) ဝင်းကိုနှင့် မယဉ်ဝင်းမြိုင်(ခ)မကြီးတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

ထို့အတူ မေလ ၇ ရက် နံနက် ၁၀ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကလေးဝမြို့အမှတ်(၂)ရပ်ကွက် အောင်မင်္ဂလာလမ်းတွင် ကလေးဝမြို့နယ် အုန်းပင်စုရွာနေ စိုးလင်းမင်း(၂၃)နှစ် မောင်နှင်လာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ်သိန်း ၁၂၀)ကို ဖမ်းဆီးရမိသဖြင့် စိုးလင်းမင်းကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

အလားတူ မေလ ၇ ရက်ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် (၁၃) ရပ်ကွက် မန္တလေးလမ်းနှင့် စစ်တွေလမ်းထောင့်တွင် လမ်းလျှောက်လာသူ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် (၇)ရပ်ကွက်နေ လှိုင်မျိုးကျော်(ခ)ကျော်ကြီး(၃၈)နှစ်ကို စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ်သိန်း ၃၀) ဖမ်းဆီးရမိပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ၎င်းနေထိုင်သည့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် (၇) ရပ်ကွက်ရှိနေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၃၀) ထပ်မံသိမ်းဆည်းရမိသဖြင့် လှိုင်မျိုးကျော်(ခ)ကျော်ကြီးကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်းသိရသည်။

မြဝတီ

လားရှိုးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဆင်း



လားရှိုး မေ ၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ ယဉ်ကျေးသိမ်မွေ့လာစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲအခမ်းအနားကို မေလ ၈ ရက်က ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေကြိုင်နှင့် တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ထို့နောက် လားရှိုးခရိုင်ပညာရေးမှူးရုံးမှ ပညာရေးမှူး ဦးအေးဝင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက်ပြည်နယ်ရုံး(လားရှိုး) ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဌေးအောင်နှင့်တာဝန်ရှိသူများက ယဉ်ကျေးလိမ္မာသင်တန်း အကြီးတန်း၊ အလတ်တန်း၊ အငယ်တန်းတို့တွင် ထူးချွန်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ထူးချွန်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးချီးမြှင့်ပေးအပ်သည်။

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းကို သင်တန်းနည်းပြဆရာမလေးဦးဖြင့် မေလ ၂ ရက်မှ ၈ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

လူမော်(ပြန်/ဆက်)

မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်မည့်နည်းလမ်းများ နည်းပညာပေးသင်တန်းဖွင့်လှစ်

ရေဖြူ မေ ၉

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ ရက် ၁၀၀ စီမံချက်ဖြင့် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်မည့်နည်းလမ်းများ နည်းပညာပေးသင်တန်းကို မေလ ၈ ရက်က စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇင်လင်းနိုင်က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းက ၂၀၂၆ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါးတစ်ဧကာအထွက်နှုန်းတိုးတက်ရေးအတွက် ဒေသရေမြေနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးခြင်း၊ မြေဆီလွှာဖွဲ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်ကောင်းများကို လိုက်နာကျင့်သုံးဆောင်ရွက်စေရေးနှင့် သီးနှံအထွက်နှုန်း မထိခိုက်စေသည့် ဓာတ်မြေဩဇာလျှော့ချသုံးစွဲနည်းလမ်းများကို သင်ကြားပို့ချပေးသည်။

ထို့နောက် တက်ရောက်လာသော တောင်သူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ဗီနိုင်းနှင့်ပို့စတာများပြသ၍ ပြန်လည်ရှင်းလင်းပို့ချပေးသည်။

အဆိုပါသင်တန်းကို ရေဖြူမြို့နယ်အတွင်းရှိ တောင်သူ ၅၅ ဦး တက်ရောက်သင်ကြားကြကြောင်း သိရသည်။

(၄၁၂)

မြန်မာ့ဒူးရင်းပွဲတော်(၂၀၂၆)၌ မြန်မာဒေသထွက် ဒူးရင်းမျိုးရင်းများကို အဓိကထားပြသမည်

ရန်ကုန် မေ ၉

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မြေပဒေသာကျွန်း၌ မေလ ၁၉ ရက်တွင် ကျင်းပမည့် မြန်မာ့ဒူးရင်းပွဲတော်(၂၀၂၆)၌ မြန်မာဒေသထွက် ဒူးရင်းမျိုးရင်းများကို အဓိကထားပြသမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

အဆိုပါပွဲတော်ကို ပြည်ပပို့ကုန်တိုးမြှင့်ရန်၊ မြန်မာ့ဒူးရင်းမျိုးအမည်ဖြင့် ဈေးကွက်ထိုးဖောက်ရန်၊ ခေတ်မီစိုက်ပျိုးရေးစနစ်များ၊ ရိတ်သိမ်းချိန်လွန်နည်းပညာများကို ဆွေးနွေးဖလှယ်ရန်၊ ဒူးရင်းသီးနှံဈေးကွက်ချဲ့ထွင်ရန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးကွန်ရက်ချိတ်ဆက်ရန်၊ ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသော အရည်အသွေးကောင်းဒူးရင်းမျိုးများ ရွေးချယ်ဖော်ထုတ်ရန် စသည့်ရည်ရွယ်ချက်များဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ကြီးမှူးကျင်းပမည်ဖြစ်သည်။

ထိုသို့ကျင်းပနိုင်ရန် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အသင်းများ၊ သီးနှံအသင်း/အစုအဖွဲ့များ၊ အသင်းဝင်ကုမ္ပဏီများနှင့် အသင်းသားများ သိရှိစေရေး ဝိုင်းဝန်းပူးပေါင်းပါဝင်ကြရန် အသိပေးဖိတ်ခေါ်ထားကြောင်း သိရသည်။

ဝါဝါ

အင်းစိန်မြို့နယ်၌ စာဖတ်ရှုနိုင်မြင့်မားလာစေရေး Mobile Library Bus ဖြင့် စာအုပ်များသွားရောက်ဌားရမ်းပေး

ရန်ကုန် မေ ၉

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားပြီး စာဖတ်ရှုနိုင်ပိုမိုမြင့်မားလာစေရန်ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်(Mobile Library Bus)ဖြင့် စာအုပ်များငှားရမ်းပေးလျက်ရှိရာ မေလ ၈ ရက်က အင်းစိန်မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၊ အကျဉ်းဦးစီးဌာန ဝန်ထမ်းအိမ်ရာနှင့် ကြို့ကုန်း(အရှေ့)ရပ်ကွက်တို့သို့ သွားရောက်ငှားရမ်းပေးခဲ့သည်။

အဆိုပါအစီအစဉ်တွင် စာအုပ်များငှားရမ်းဖတ်ရှုသူများ အဆင်ပြေစေရေးအတွက် စာအုပ်စာစောင်များကို စာဖတ်သူများထံအရောက် သွားရောက်ငှားရမ်းပေးခြင်းဖြစ်သည်။

ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ပေါ်၌ သုတ/ရသ၊ မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြစာအုပ်များပါရှိပြီး စာအုပ်အသစ်များကိုလည်း စဉ်ဆက်မပြတ်လဲလှယ်ပေးလျက်ရှိရာ ယခင်ငှားရမ်းပေးခဲ့သော စာအုပ်များကိုလက်ခံရယူပြီး ဆက်လက်ငှားရမ်းပေးကြောင်း၊ ယခုငှားရမ်းပေးသောစာအုပ်များကို ရက်သတ္တပတ်ပြည့်လျှင် စာအုပ်အသစ်များဖြင့် လဲလှယ်ငှားရမ်းပေးမည်ဖြစ်ကြောင်း သိရသည်။



ထွန်းလင်းကျော်(ပြန်/ဆက်)

နွေသီးနှံစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းရေးနှင့် စိုက်ပျိုးရေစနစ်တကျသုံးစွဲရေး ပူးပေါင်းဆောင်ရွက်

ပွင့်ဖြူ မေ ၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ရှိ မဲဇလီရေလွှဲဆည်ဇရိယာ၌ နွေသီးနှံစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းရေးနှင့် စိုက်ပျိုးရေ လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် လယ်ကြားမြောင်းများတူးဖော်၍ ဆည်ရေကို စနစ်တကျအသုံးချနိုင်စေရေး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မဲဇလီရေလွှဲဆည်၏ ဆည်ရေသောက်ဇရိယာများတွင်ပါဝင်သည့် မင်းဘူး(စကု)၊ ပွင့်ဖြူနှင့် စလင်းမြို့နယ်တို့၌ ၂၀၂၆ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး ၂၅၃၇၈ ဧကနှင့် တခြားသီးနှံ(နွေနှမ်း)ဧက ၄၅၇၄၀ စုစုပေါင်း ၇၁၁၁၈ ဧက စိုက်ပျိုးရန် လျာထားပြီး စိုက်ပျိုးရေလုံလောက်စွာရရှိရေးနှင့် သီးနှံအတွက် လိုအပ်သောရေပမာဏအတိုင်း အချိန်မီရရှိစေရေးအတွက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် တောင်မုန်းနှင့်မြောက်မုန်းမြောင်းမကြီးများမှတစ်ဆင့် စိုက်ပျိုးရေကို လိုအပ်သလို ပေးဝေဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မဲဇလီရေလွှဲဆည်ရေဖြင့် နွေစပါးနှင့်တခြားသီးနှံများစိုက်ပျိုးနိုင်ရန် ပြီးခဲ့သည့်ဖေဖော်ဝါရီလ ၁၅ ရက်က မြောက်မုန်းမြောင်းမကြီးသို့လည်းကောင်း၊ တခြားသီးနှံ(နွေနှမ်း)စိုက်ပျိုးနိုင်ရန် မတ်လ ၇ ရက်က တောင်မုန်းမြောင်းမကြီးသို့လည်းကောင်း စိုက်ပျိုးရေများစတင်ပေးဝေခဲ့ရာ ဧပြီလ ၃၀ ရက်အထိ နွေစပါး ၁၃၇၀၉ ဧကနှင့် တခြားသီးနှံ (နွေနှမ်း) ဧက ၅၇၄၄၀ စုစုပေါင်း ၇၁၁၄၉ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုအခါ အဆိုပါသီးနှံစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မင်းဘူးခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရန်နှင့် စိုက်ကွင်းများဆီသို့ အချိန်တိုအတွင်း လိုအပ်သောရေပမာဏရောက်ရှိစေရန် လယ်ကြားမြောင်းများတူးဖော်ခြင်း၊ ရှင်းလင်းခြင်း၊ နွေသီးနှံစိုက်ခင်းများတွင် လိုအပ်သော စိမ့်မြောင်း၊ ပတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများကို ဒေသခံတောင်သူများ၊ ရေအသုံးချသူများအဖွဲ့(WUG)နှင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



မောင်မောင်(မင်းဘူး)

ညောင်ဦးခရိုင် လူထုအခြေပြုဗဟိုဌာနခွဲ AI နည်းပညာသင်တန်းဖွင့်လှစ်



ညောင်ဦး မေ ၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့ရှိ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခွဲ လူငယ်များ အသိပညာဗဟုသုတရရှိစေရန် AI နည်းပညာသင်တန်းကို မေလ ၈ ရက်က ဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် ညောင်ဦးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရည်မွန်သူက ခေတ်မီဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ AI နည်းပညာအသုံးပြုခြင်းများ ကျယ်ပြန့်လာသည်နှင့်အညီ ကဏ္ဍပေါင်းစုံတွင် AI နည်းပညာဖြင့် အထူးပြုလုပ်ပြီး အသုံးပြုမှုများပြားလာကြောင်း၊ ဓာတ်ပုံများပြုပြင်၍ သတင်းတု၊ သတင်းမှားများ ပြုပြင်ဖန်တီးထားခြင်းဟုတ်၊ မဟုတ် အလွယ်တကူသိရှိနိုင်စေရေး AI နည်းပညာကို သိရှိထားရန်လိုအပ်ကြောင်း၊ လူသားကောင်းကျိုးအတွက် အကျိုးပြုနိုင်သောလုပ်ငန်းများတွင်သာ AI နည်းပညာကို အသုံးပြုကြစေလိုကြောင်း စသည်ဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် Gemini၊ Chat GPT Software အသုံးပြု၍ ဓာတ်ပုံများဖန်တီးခြင်း၊ ပြုပြင်ခြင်းနှင့် စာရေးသားနည်းများကို လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရည်မွန်သူက သင်တန်းသား၊ သင်တန်းသူများကို ဖုန်းများဖြင့် လက်တွေ့အသုံးပြုသင်ကြားပေးကြောင်း သိရသည်။

ဒီပါလင်း

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် အသိပညာပေးခြင်းဆောင်ရွက်

မင်းလှ မေ ၉

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ဦးဆောင်မှုဖြင့် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သော သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို မေလ ၉ ရက်တွင် မင်းလှမြို့ရှိ မြို့ပေါ်ရပ်ကွက်(၆) ရပ်ကွက်၌ ကွင်းဆင်းဆောင်ရွက်သည်။

မိုးရာသီတွင် ပိုးလောက်လန်းမှတစ်ဆင့် ခြင်ပေါက်ပွားမှုများပြားလာနိုင်သဖြင့် ရေတင်ကျန်နိုင်သောဘူးခွက်များ၊ တာယာဟောင်းများ၊ ရေပုံး၊ ရေအိုးများ၊ ပန်းအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ပြီး ကိုယ်ဝန်ဆောင်မိခင်များအား ဆေးစိမ်ခြင်ထောင်များပေးအပ်ကာ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြသည်။

အဆိုပါသွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းအောင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ငယ်ငယ်အောင်နှင့်အသင်းဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်



ရေးမှူးများနှင့် ရာအိမ်မှူး/ဆယ်အိမ်မှူးများပူးပေါင်း၍ အဖွဲ့များခွဲကာ ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

ဝင်းမြတ်(အထက်မင်းလှ)

ကော့မှူးမြို့နယ်၌ ဘောလုံးသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၉

အားကစားရေးရာဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ညွှန်ကြားမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ Pilot Project အစီအစဉ်ဖြင့် Football For School Program အရ ဖွင့်လှစ်သည့် ဘောလုံးသင်တန်းဖွင့်ပွဲအခမ်းအနားကို မေလ ၈ ရက်က ကော့မှူးမြို့နယ် မြို့သစ်ရပ်ကွက် အောင်ဇမ္ဗူအားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးသန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်း၊ ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းထွန်တို့က သင်တန်းသားများအနေဖြင့် ဘောလုံးသင်တန်းတွင် နည်းပြများ၏ သင်ကြားပြသမှုများကို ကြိုးစားသင်ယူကြရန်နှင့် သင်တန်းဖွင့်ရက်များတွင် အချိန်မှန်မှန်တက်ရောက်ကြရန် စသည်တို့ကိုမှာကြားသည်။

ထို့နောက်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအောင်မျိုးသန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သီဟ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသားများအား နှုတ်ဆက်ပြီး အားဖြည့်အချိုရည်နှင့်မုန့်များ ပေးအပ်ကြသည်။

အဆိုပါဘောလုံးသင်တန်းတွင် မြို့နယ်အတွင်းရှိ ဘောလုံးအားကစား၀ါသနာရှင်လူငယ် ၅၀ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၄ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ကျော်သူရ(ပြန်/ဆက်)

ရန်ကင်းမြို့နယ်၌ ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

ရန်ကုန် မေ ၉

ရန်ကုန်တိုင်းဒေသကြီး သဃ်နိုးကျွန်းခရိုင် ရန်ကင်းမြို့နယ်၌ ရက် ၁၀၀ စီမံချက်ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်းနှင့် Biometric ကောက်ယူကာ UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို မေလ ၈ ရက်က အမှတ်(၁၂)ရပ်ကွက်နေပြည်သူများအား မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကင်းမြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းအောင် ဦးဆောင်သည့် ဝန်ထမ်းများက အသက် ၁၀နှစ်၊ ၁၈နှစ်နှင့်အထက် ရပ်ကွက်နေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်း၊ ဟောင်းနွမ်းပျက်စီးနိုင်ငံသားစိစစ်ရေးကတ်များ အသစ်လဲလှယ်ပြုလုပ်ပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ရပြီးသူများအား UID ကတ် တစ်ပါတည်းထုတ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာသို့ ရန်ကင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်မိုး(ခ)နေရှိုင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင့်ဇော်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးချစ်ကိုကို၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန သဃ်နိုးကျွန်းခရိုင်ဦးစီးမှူး ဦးရန်နိုင်၊ ရန်ကင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းလတ်နှင့်အဖွဲ့က ကြည့်ရှုအားပေးပြီး လိုအပ်သည်များမှာကြား၍ ပြည်သူများ၏လက်ဝယ်သို့ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်တို့ကို အသီးသီးပေးအပ်သည်။

ယင်းသို့ နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric ကောက်ယူ၍ UID ကတ် ထုတ်ပေးခြင်းကို သက်ဆိုင်ရာရပ်ကွက်များ အလိုက် ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

မဲခေါင်-လန်ချန်းပူးပေါင်းအစီအစဉ်ဖြင့် ပဲပုပ်တိုးချဲ့စိုက်ပျိုးနိုင်ရေး အထွက်ကောင်းပဲပုပ်မျိုးစိုက်ပျိုးထုတ်လုပ်မှုကွင်းသရုပ်ပြ

မိုးနဲ မေ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်၌ မဲခေါင်-လန်ချန်းပူးပေါင်းအစီအစဉ်ဖြင့် ပဲပုပ်တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် အထွက်ကောင်းပဲပုပ်မျိုး(ရေဆင်း-၁၅) စိုက်ပျိုးထုတ်လုပ်မှု ကွင်းသရုပ်ပြမှုကို မေလ ၈ ရက်က နမ့်မော်ဆွမ့်ကျေးရွာ ကွင်းအမှတ်(၉၈) တောင်ဘူဦးစိုင်းသန်းထွန်း၏လယ်မြေ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းကျော်ဝင်းနှင့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်တို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမိုမို့ထွန်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မော်ဦးတို့က ပဲပုပ်စတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းမည့်အချိန်ထိ လုပ်ငန်းဆောင်ရွက်ချက်များ၊ ပဲမြစ်ဖုမြေဩဇာသုံးစွဲခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်/မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများက အထွက်ကောင်းပဲပုပ်မျိုး(ရေဆင်း-၁၅)စိုက်ပျိုးထားသော စိုက်ခင်းကို ကြည့်ရှုကြကြောင်း သိရသည်။

မျိုးညွှန့်ရွှေ(မိုးနဲ)

ပရီးမီးယားလိဂ်ပြိုင်ပွဲ စပိန်လာလိဂါပြိုင်ပွဲနှင့် အီတလီစီးရီးအေပြိုင်ပွဲများ ပွဲကြိုသုံးသပ်ချက်



ဝက်စ်ဟမ်း Vs အာဆင်နယ်

ကစားမည့် ရက် / အချိန်

(၁၀-၅-၂၀၂၆ ရက် ည ၁၀:၀၀နာရီ)

နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်

အာဆင်နယ် ၂ - ၀ ဝက်စ်ဟမ်း

အာဆင်နယ် ၀ - ၁ ဝက်စ်ဟမ်း

ဝက်စ်ဟမ်း ၂ - ၅ အာဆင်နယ်

နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ

ဝက်စ်ဟမ်း ဝေး(သရေ) အိမ်(နိုင်) ဝေး(သရေ)

အာဆင်နယ် ဝေး(သရေ) အိမ်(နိုင်) အိမ်(နိုင်)

ခန့်မှန်းရလဒ်

ဝက်စ်ဟမ်း ၁ - ၂ အာဆင်နယ်

ဝက်စ်ဟမ်းအသင်းက တန်းဆင်းဇုန်ထဲရောက်နေလို့ ရမှတ်လိုအပ်ချက်ရှိနေတယ်ဆိုပေမယ့် ခြေစွမ်းပိုင်းက မတည်မငြိမ်ဖြစ်နေဆဲဖြစ်ပြီး ရလဒ်ပိုင်းအတက်အကျမြန်နေပါတယ်။ ဝက်စ်ဟမ်းအသင်းက ပြီးခဲ့တဲ့ ဘရန့်ဖို့ဒ်အသင်းနဲ့ပွဲစဉ်မှာ ရှုံးနိမ့်ပြီးတော့ တန်းဆင်းဇုန်မှာ အတူတူရှုန်းကန်နေရတဲ့ စပါးအသင်းကို ရမှတ်ဖြတ်တောက်နိုင်မယ့် အခွင့်အရေးလွဲချော်ခဲ့တဲ့အပြင် တန်းဆင်းဇုန်ထဲကို ပြန်လည်ရောက်ခဲ့ရပါတယ်။ ဝက်စ်ဟမ်းအသင်းရဲ့ ဒီဘောလုံးရာသီ လိဂ်အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင် ၁၇ ပွဲကစားပြီးချိန်မှာ ငါးပွဲအနိုင်ရရှိပြီး လေးပွဲသရေရလဒ်နဲ့ ရှစ်ပွဲရှုံးနိမ့်ထားလို့ ခြေစွမ်းပိုင်းက အားရစရာ မကောင်းတာကို တွေ့ရမှာပါ။ ဝက်စ်ဟမ်းအသင်းခံစစ်ပိုင်းကလည်း ပွဲစဉ်တိုင်းနီးပါးဂိုးပေးခဲ့ရတဲ့အထိ ကျဆင်းနေလို့ အာဆင်နယ်အသင်းတိုက်စစ်ပိုင်းကို ထိန်းချုပ်ရခက်ခဲမှာပါ။

ချန်ပီယံဆုအတွက် မန်စီးတီးအသင်းနဲ့ အားပြိုင်နေရတဲ့ အာဆင်နယ်အသင်းက လက်ကျန်ပွဲစဉ် အားလုံး အနိုင်ရလဒ်လိုအပ်နေပါတယ်။ အာဆင်နယ်အသင်းက မန်စီးတီးအသင်းကိုရှုံးနိမ့်ပြီးနောက် နှစ်ပွဲဆက်နိုင်ပွဲပြန်ရယူနိုင်ခဲ့ကာ ချန်ပီယံဆုအတွက် မန်စီးတီးအသင်းထက် အခြေအနေကောင်းတစ်ရပ်ကိုပိုင်ဆိုင်နေပါတယ်။ အာဆင်နယ်အသင်း ချန်ပီယံဆုအတွက်ဆိုရင် လက်ကျန်သုံးပွဲမှာ သရေရလဒ်တောင်ထွက်ပေါ်လို့မရဘဲ ပွဲစဉ်တိုင်း အနိုင်ရရှိမှသာဆွတ်ခူးနိုင်မှာဖြစ်လို့ အမှားခံမှာမဟုတ်ပါဘူး။ ဒါပေမဲ့ ပြိုင်ဘက်အသင်းက လန်ဒန်မြို့ခံပြိုင်ဘက်အသင်းဖြစ်သလို တန်းဆင်းဇုန်ဖိအားရှိနေတဲ့အသင်းဖြစ်လို့ အလွယ်တကူ အသာစီးရယူဖို့အတွက်ခက်ခဲနေမှာပါ။ အာဆင်နယ်အသင်းရဲ့ အဝေးကွင်းခြေစွမ်းပိုင်းကိုကြည့်မယ်ဆိုရင်လည်း ၁၇ ပွဲမှာ ကိုးပွဲနိုင်၊ ငါးပွဲသရေ၊ သုံးပွဲရှုံးရလဒ်ရရှိထားပြီး အဝေးကွင်းစွမ်းဆောင်ရည်ပိုင်း အကောင်းဆုံးအသင်းအဖြစ်ရပ်တည်နေတာကို တွေ့ရမှာပါ။

ဒီနှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းမှာတော့ အာဆင်နယ်အသင်းက ၂၂ ကြိမ် အနိုင်ရရှိထားပါတယ်။ ဝက်စ်ဟမ်းအသင်းက ငါးကြိမ်အနိုင်ရရှိပြီး လေးကြိမ်သရေရလဒ်ထွက်ပေါ်ထားလို့ အာဆင်နယ်အသင်းက အသာစီးမှာရှိနေသလို လက်ရှိခြေစွမ်းပိုင်းအရ ဒီပွဲမှာ အာဆင်နယ်အသင်းပဲ အနိုင်ရယူသွားမှာပါ။

ဘာစီလိုနာ Vs ရီးယဲလ်မက်ဒရစ်

ကစားမည့် ရက် / အချိန်

(၁၁-၅-၂၀၂၆ ရက် နံနက် ၁:၃၀နာရီ)

နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်

ဘာစီလိုနာ ၃ - ၂ ရီးယဲလ်မက်ဒရစ်

ရီးယဲလ်မက်ဒရစ် ၂ - ၁ ဘာစီလိုနာ

ဘာစီလိုနာ ၄ - ၃ ရီးယဲလ်မက်ဒရစ်

နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ

ဘာစီလိုနာ အိမ်(နိုင်) ဝေး(နိုင်) ဝေး(နိုင်)

ရီးယဲလ်မက်ဒရစ် အိမ်(နိုင်) ဝေး(သရေ) ဝေး(နိုင်)

ခန့်မှန်းရလဒ်

ဘာစီလိုနာ ၃ - ၁ ရီးယဲလ်မက်ဒရစ်

အခုပွဲစဉ်မှာ သရေရလဒ်ရရှိမယ်ဆိုရင်တောင် ချန်ပီယံဆုဆွတ်ခူးနိုင်မှာဖြစ်တဲ့ ဘာစီလိုနာအသင်းက အခါးသီးဆုံးပြိုင်ဘက် ရီးယဲလ်မက်ဒရစ်အသင်းနဲ့ပွဲစဉ်အပြီး ချန်ပီယံဆုအတွက် အောင်ပွဲခံဖို့ အိမ်ကွင်းမှာ အကောင်းဆုံးပြင်ဆင်လာမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲဆက် နိုင်ပွဲရယူထားပြီး ပုံစံကောင်းရှိနေတဲ့ ဘာစီလိုနာအသင်းက အိမ်ကွင်းမှာ ရီးယဲလ်မက်ဒရစ်အသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ ဘာစီလိုနာအသင်းရဲ့ ဒီဘောလုံးရာသီ လိဂ်အိမ်ကွင်း ၁၇ ပွဲကစားပြီးချိန်မှာ ၁၇ ပွဲစလုံးအနိုင်ရရှိခဲ့တဲ့အထိ ရာနှုန်းပြည့်နိုင်ပွဲရယူထားပါတယ်။ ဘာစီလိုနာအသင်းတိုက်စစ်ပိုင်းကလည်း နောက်ပိုင်းပွဲစဉ်တွေမှာ ဂိုးသွင်းအားကောင်းနေလို့ လိုအပ်ချက်တွေရှိနေတဲ့ ရီးယဲလ်မက်ဒရစ်အသင်းခံစစ်ပိုင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်ပါလိမ့်မယ်။ ဘာစီလိုနာအသင်းရဲ့ တိုက်စစ်ပိုင်းက အိမ်ကွင်း ၁၇ ပွဲမှာ ၅၂ ဂိုးသွင်းယူနိုင်ခဲ့တဲ့အထိ ထက်မြက်မှု ရှိနေတာတွေ့ရမှာပါ။

ရီးယဲလ်မက်ဒရစ်အသင်းကတော့ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းမတည်ငြိမ်မှုတွေကြောင့် ရလဒ်ပိုင်းတွေဆိုးရွားနေသလို ပြီးခဲ့တဲ့ ရက်ပိုင်းမှာလည်း အသင်းကစားသမားတွေကြား အချင်းများမှုတွေရှိနေကာ ကွင်းပြင်ပမှာပြဿနာတွေတက်နေပါတယ်။ လက်ရှိ ရီးယဲလ်မက်ဒရစ်အသင်းခြေစွမ်းပိုင်းကလည်း ဘာစီလိုနာအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ကစားနိုင်ဖို့အတွက် လိုအပ်ချက်ရှိနေမှာအမှန်ပါပဲ။ ရီးယဲလ်မက်ဒရစ်အသင်းက နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ နှစ်ပွဲသာအနိုင်ရရှိခဲ့တဲ့အထိ တည်ငြိမ်မှုအားနည်းနေတာကို တွေ့ရမှာပါ။ ဒီဘောလုံးရာသီ ရီးယဲလ်မက်ဒရစ်အသင်းရဲ့ လိဂ်အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကိုကြည့်မယ်ဆိုရင် ၁၇ ပွဲမှာ ၁၀ ပွဲနိုင်၊ လေးပွဲသရေရလဒ်နဲ့ သုံးပွဲရှုံးနိမ့်ခဲ့တာကိုတွေ့ရမှာပါ။

ဒီနှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းကိုကြည့်မယ်ဆိုရင် ဘာစီလိုနာအသင်းက ၂၈ ကြိမ် အနိုင်ရရှိထားပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းက



၂၁ ကြိမ်အနိုင်ရရှိပြီး ၁၀ ကြိမ် သရေရလဒ်ထွက်ပေါ်ထားလို့ ကွာခြားမှုသိပ်မရှိဘူးဆိုပေမယ့် လက်ရှိခြေစွမ်းပိုင်းအရရော အိမ်ရှင်အားသာချက်ပါရှိနေတဲ့ ဘာစီလိုနာအသင်းပဲ အနိုင်ရယူပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ပါလိမ့်မယ်။

အေစီမီလန် Vs အတ္တလန္တာ

ကစားမည့် ရက် / အချိန်

(၁၁-၅-၂၀၂၆ ရက် နံနက် ၁:၁၅ နာရီ)

နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်

အတ္တလန္တာ ၁ - ၁ အေစီမီလန်

အေစီမီလန် ၀ - ၁ အတ္တလန္တာ

အတ္တလန္တာ ၂ - ၁ အေစီမီလန်

နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ

အေစီမီလန် ဝေး(နိုင်) အိမ်(သရေ) ဝေး(ရှုံး)

အတ္တလန္တာ အိမ်(သရေ) ဝေး(ရှုံး) အိမ်(သရေ)

ခန့်မှန်းရလဒ်

အေစီမီလန် ၂ - ၁ အတ္တလန္တာ

ပြီးခဲ့တဲ့ပွဲစဉ်မှာရှုံးပွဲတွေ့ကြုံခဲ့တဲ့ အေစီမီလန်အသင်းအနေနဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်နေရာအတွက် စိုးရိမ်စရာဖြစ်လာလို့ အခုအိမ်ကွင်းပွဲစဉ်မှာတော့ နိုင်ပွဲပြန်လည်ရယူနိုင်အောင် သေချာပြင်ဆင်လာပါလိမ့်မယ်။ အေစီမီလန်အသင်းက အဆင့်(၃)နေရာမှာ ရပ်တည်နေတယ်ဆိုပေမယ့် အဆင့်(၅)နေရာက ရိုးမားအသင်းနဲ့ ရမှတ်ကွာဟမှုက သုံးမှတ်တည်းသာရှိနေလို့ ရလဒ်တွေဆက်တိုက်ဆိုးရွားနေမယ်ဆိုရင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်နဲ့လွဲချော်နိုင်လို့ လက်ကျန်ပွဲစဉ်တွေကို သေချာပြင်ဆင်ကစားလာပါလိမ့်မယ်။ ဒီဘောလုံးရာသီ အေစီမီလန်အသင်းရဲ့ လိဂ်အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းမှာတော့ ၁၇ ပွဲကစားပြီးချိန်မှာ ကိုးပွဲနိုင်၊ ငါးပွဲသရေ၊ သုံးပွဲရှုံးရလဒ်ရရှိထားလို့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကတော့ ကောင်းမွန်တဲ့အထဲပါနေပါတယ်။ အေစီမီလန်အသင်းအတွက် အခုပွဲစဉ်မှာ သာအနိုင်ရရှိမယ်ဆိုရင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်အတွက် အတော်လေးအခြေအနေကောင်းမှာဖြစ်လို့ အိမ်ကွင်းမှာ ရမှတ်ပြည့်ရယူနိုင်ဖို့ အမှားခံမှာမဟုတ်ပါဘူး။

အတ္တလန္တာအသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေပြီး သုံးပွဲသရေရလဒ်နဲ့ နှစ်ပွဲရှုံးနိမ့်ခဲ့ပြီး ခြေစွမ်းပိုင်းအတော်လေးဆိုးရွားနေတာကို တွေ့ရမှာပါ။ အတ္တလန္တာအသင်းအတွက် ဥရောပဝင်ခွင့်တစ်နေရာရရှိဖို့ကလည်း မျှော်လင့်ချက်နည်းပါးနေပြီဖြစ်လို့ လက်ကျန်ပွဲစဉ်တွေမှာ ဖိအားမရှိရင်ဆိုင်ရမှာပါ။ အတ္တလန္တာအသင်းရဲ့ ဒီဘောလုံးရာသီလိဂ်အဝေးကွင်း စွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင် ၁၇ ပွဲမှာ ငါးပွဲအနိုင်ရရှိပြီး ခုနစ်ပွဲသရေရလဒ်နဲ့ ငါးပွဲရှုံးနိမ့်ထားလို့ အဝေးကွင်းဆိုရင် ခြေစွမ်းပိုင်းက စိတ်ချလို့မရပါဘူး။ ဒါ့ပြင် အတ္တလန္တာအသင်းခံစစ်ပိုင်းကလည်း နောက်ပိုင်းပွဲစဉ်တွေမှာ အမှားအယွင်းတွေများနေပြီး ပေးဂိုးတွေများနေလို့ အေစီမီလန်အသင်းတိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့အတွက် လိုအပ်ချက်တွေရှိနေမှာ အမှန်ပါပဲ။ အတ္တလန္တာအသင်းအတွက် တန်းဆင်းဇုန်ဖိအားလည်းမရှိတော့ လက်ကျန်ပွဲစဉ်တွေမှာ သူတို့အတွက် ရလဒ်ပိုင်းက အရေးမကြီးတော့ပါဘူး။

ဒီနှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းကိုကြည့်မယ်ဆိုရင် အေစီမီလန်အသင်းက ၁၀ ကြိမ် အနိုင်ရရှိထားပါတယ်။ အတ္တလန္တာအသင်းက ၁၁ ကြိမ်အနိုင်ရရှိပြီး ကိုးကြိမ်သရေရလဒ်ထွက်ပေါ်ထားလို့ တွေ့ဆုံမှုပိုင်းကွာခြားမှုမရှိပါဘူး။ ဒါပေမဲ့ လက်ရှိခြေစွမ်းပိုင်းနဲ့ ရမှတ်လိုအပ်ချက်ရှိနေတဲ့ အေစီမီလန်အသင်းပဲ အိမ်ကွင်းမှာအနိုင်ရမှာသေချာပါတယ်။

စည်သူအောင်

ပြည်ထဲရေးဝန်ကြီးဌာန
၂၀၂၆-၂၀၂၇ ငွေလုံးငွေရင်း(မူလ)ခွင့်ပြုရန်ပုံငွေဖြင့်
တည်ဆောက်ရေးလုပ်ငန်းစီစစ်ရေးကော်မတီ
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးလုပ်ငန်းစီစစ်ရေးကော်မတီသည် ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီးဌာနများအတွက် လိုအပ်သောတည်ဆောက်ရေးလုပ်ငန်းများ ဆောက်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် ပြည်တွင်းမြန်မာနိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပြုတင်ဒါအဆိုပြုလွှာတင်သွင်းထားသောလုပ်ငန်းရှင်များ၏ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများနှင့်ပတ်သက်၍ Profile အောင်မြင်သည့် ကုမ္ပဏီအမည်စာရင်းအား ၁၀-၅-၂၀၂၆ ရက်နေ့မှစတင်၍ သက်ဆိုင်ရာတပ်ဖွဲ့/ဦးစီးဌာန(ရုံးချုပ်)များတွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဈေးနှုန်းတင်သွင်းခြင်းတင်ဒါပုံစံတင်သွင်းရမည့် ကုမ္ပဏီများအနေဖြင့် ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီးဌာနများ၏ တည်ဆောက်ရေးလုပ်ငန်းအုပ်စုအလိုက် ဈေးနှုန်းအဆိုပြုလွှာများကို ရုံးအမှတ်(၃၈)၊ နေပြည်တော်တွင် ၁၈-၅-၂၀၂၆ ရက်နေ့ နံနက်(၀၉၀၀)အချိန်မှ ညနေ ၄ နာရီ(၁၆၀၀) အချိန်အထိ တင်သွင်းရမည်ဖြစ်ပါသည်။ (သတ်မှတ်ချိန်ကျော်လွန်၍တင်သွင်းလာသော ဈေးနှုန်းတင်သွင်းခြင်းတင်ဒါပုံစံများကို လက်ခံစဉ်းစားခြင်းမပြုပါ။)

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က)	ဝန်ကြီးရုံး	ဖုန်း ၀၆၇-၃၄၁၄၄၆၆၊ ၀၆၇-၃၄၁၄၆၂
(ခ)	မြန်မာနိုင်ငံရဲတပ်ဖွဲ့	ဖုန်း ၀၆၇-၃၄၁၂၃၈၊ ၀၆၇-၃၄၁၄၄၆၂
(ဂ)	အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	ဖုန်း ၀၆၇-၃၄၁၂၈၂၂၊ ၀၆၇-၃၄၁၂၇၇၂
(ဃ)	အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန	ဖုန်း ၀၆၇-၃၄၃၁၃၉၀၊ ၀၆၇-၃၄၃၁၃၉၅
(င)	အကျဉ်းဦးစီးဌာန	ဖုန်း ၀၆၇-၃၄၃၁၄၂၀၊ ၀၆၇-၃၄၃၁၄၂၆
(စ)	မီးသတ်ဦးစီးဌာန	ဖုန်း ၀၁-၆၆၁၅၇၄၄၊ ၀၁-၆၆၁၅၇၇၄

တည်ဆောက်ရေးလုပ်ငန်းစီစစ်ရေးကော်မတီ

ပြည်ထဲရေးဝန်ကြီးဌာန
စက်နှင့်စက်ပစ္စည်းဝယ်ယူမှုစီစစ်ရေးကော်မတီ
၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း(မူလ)ခွင့်ပြုရန်ပုံငွေဖြင့်
ဆောင်ရွက်မည့် စက်နှင့်စက်ပစ္စည်းများဝယ်ယူရန်အတွက်
Profile အောင်မြင်သည့် ကုမ္ပဏီအမည်စာရင်းကြော်ငြာခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ စက်နှင့်စက်ပစ္စည်းဝယ်ယူမှုစီစစ်ရေးကော်မတီသည် ဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီးဌာနများအတွက် လိုအပ်သောစက်နှင့်စက်ပစ္စည်းများ၊ လုံခြုံရေးသုံးပစ္စည်းများ၊ စစ်ဆေးရေးပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ အခြားရုံးသုံးပစ္စည်းများ ဝယ်ယူရန် ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ခဲ့ပြီးဖြစ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာတင်သွင်းထားသောလုပ်ငန်းရှင်များ၏ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများနှင့်ပတ်သက်၍ Profile အောင်မြင်သည့် ကုမ္ပဏီအမည်စာရင်းအား ၁၀-၅-၂၀၂၆ ရက်နေ့မှစတင်၍ သက်ဆိုင်ရာဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီးဌာန(ရုံးချုပ်)များတွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

၃။ စက်နှင့်စက်ပစ္စည်းဝယ်ယူမှုလုပ်ငန်းများအတွက် ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံတင်သွင်းရမည့် ကုမ္ပဏီများအနေဖြင့် လုပ်ငန်းအုပ်စုအမှတ်စဉ်အလိုက် ၁၂-၅-၂၀၂၆ ရက်နေ့မှစတင်၍ သတ်မှတ်နေ့ရက်များတွင် ၀၈၃၀ နာရီမှ ၁၀၀၀ နာရီအထိ ရုံးအမှတ်(၃၈)၌ တင်သွင်းရမည်ဖြစ်ပါသည်။(သတ်မှတ်ချိန်ကျော်လွန်၍တင်သွင်းလာသော ဈေးနှုန်းတင်သွင်းခြင်းတင်ဒါပုံစံများကို လက်ခံစဉ်းစားခြင်းမပြုပါ။)

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က)	ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး	ဖုန်း ၀၆၇-၃၄၁၄၄၆၆၊ ၀၆၇-၃၄၁၄၇၈၈
(ခ)	မြန်မာနိုင်ငံရဲတပ်ဖွဲ့	ဖုန်း ၀၆၇-၃၄၁၂၅၁၄
(ဂ)	အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	ဖုန်း ၀၆၇-၃၄၁၂၇၉၃၊ ၀၆၇-၃၄၁၂၇၉၄
(ဃ)	အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန	ဖုန်း ၀၆၇-၃၄၃၁၃၉၀
(င)	အကျဉ်းဦးစီးဌာန	ဖုန်း ၀၆၇-၃၄၃၁၄၂၆၊ ၀၆၇-၃၄၃၁၄၂၀
(စ)	မီးသတ်ဦးစီးဌာန	ဖုန်း ၀၁-၈၆၆၄၇၅၄၊ ၀၁-၈၆၆၃၅၄၄

စက်နှင့်စက်ပစ္စည်းဝယ်ယူမှုစီစစ်ရေးကော်မတီ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေး/စိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ(ငွေလုံးငွေရင်း)ဖြင့် အောက်ဖော်ပြပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စဉ်	လုပ်ငန်းအမျိုးအစား	အရွယ်အစား
၁	စိုက်ပျိုးရေးသိပ္ပံ(ပုသိမ်ကြီး)တွင် ကျောင်းသူထမင်းစားဆောင် RC(၁)ထပ်ဆောက်လုပ်ခြင်း(အတွင်း ရေ၊ မီး၊ မိလ္လာ၊ Apron & Dain အပါ)ပုသိမ်ကြီးမြို့နယ်	(၄၀'x၉၀'x၁၂')
၂	စိုက်ပျိုးရေးသိပ္ပံ(ပုသိမ်ကြီး)တွင် ကျောင်းအုပ်ကြီးနေအိမ် RC(၁)ထပ်ဆောက်လုပ်ခြင်း(အတွင်း ရေ၊ မီး၊ မိလ္လာ၊ Apron & Dain အပါ)ပုသိမ်ကြီးမြို့နယ်	(၄၅'x၂၃'x၁၂')
၃	အုတ်စီရေမြောင်းပြုလုပ်ခြင်း(လွန်ကျော်ခြံ)၊ ကျောက်ဆည်မြို့၊ (၂၈၀၀'x၃'x၁-၆"-၄')	
၄	ဝန်ထမ်းအိမ်ရာနှစ်ခန်းတွဲနှစ်ထပ် RC(၁)ထပ်ဆောက်လုပ်ခြင်း (အတွင်း ရေ၊ မီး၊ မိလ္လာ၊ Apron & Dain)ရမည်းသင်းမြို့နယ်၊ (စီပင်ခြံ)	(၆၀'x၄၀'x၂၄')
၅	ဓာတ်မြေဩဇုဒေါင် RC(၁)ထပ်အဆောက်အဦ ဆောက်လုပ်ခြင်း(လျှပ်စစ်လုပ်ငန်းအပါ)ရမည်းသင်းမြို့နယ်၊ (စီပင်ခြံ)	(၆၁'x၄၀'x၁၄')
၆	Ø 8"(၅၀၀')အနက် PVC ရေတွင်းတူးဖော်ခြင်း(10 HP Submersible Pump တပ်ဆင်ခြင်း၊ Pump House တည်ဆောက်ခြင်း၊ ညောင်ဦးမြို့နယ်၊ (ညောင်ဦးခြံ)	(၁၂'x၁၀'x၁၀')
၇	အရာရှိနေအိမ် အုတ်ညှပ်(၁)ထပ်အဆောက်အဦအား ကွန်ကရစ်ခင်း၊ အုတ်နံရံကာ၊ သွပ်မိုးဖြင့် ပြန်လည်ပြင်ဆင်ဆောက်လုပ်ခြင်း၊ ကျောက်ဆည်မြို့နယ်၊ (ကျောက်ဆည်ခြံ)	(၃၅'x၄၄'x၁၂')

တင်ဒါပုံစံတင်ရောင်းချမည့်ရက် - (၁၁-၅-၂၀၂၆)
တင်ဒါပိတ်မည့်ရက် - (၂၅-၅-၂၀၂၆)
တင်ဒါရွေးချယ်မည့်နေရာ - တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မန္တလေးမြို့။ စိုက်ပျိုးရေးဦးစီးဌာန

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
စိုက်ပျိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ၇၃-လမ်းနှင့် သိပ္ပံလမ်းထောင့်၊ မန္တလေးမြို့ ဖုန်း ၀၉-၄၀၂၅၆၆၆၇၊ ၀၉-၉၄၀၉၉၆၇၇၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
ရန်ကုန်ပြည်သူ့ဆေးရုံကြီး
ဆေးရုံအုပ်ကြီးရုံး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် လူနာများအတွက်လိုအပ်သော ကင်ဆာဆေးဝါး(၁)မျိုး ဝယ်ယူမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသည့်အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၁-၅-၂၀၂၆(တနလ်ာနေ့)
တင်ဒါပုံစံနောက်ဆုံးပေးသွင်း - ၂၅-၅-၂၀၂၆(တနလ်ာနေ့)
ရမည့် နေ့ရက်/အချိန် (၁၆:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး

ပျောက်ဆုံးကြောင်း

မိမေဖွန်မိုး(ဘ)ဦးချမ်းမွန် ၆/ပလတ(နိုင်)၀၀၈၅၅၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၂၆၂၆၃၃

ပျောက်ဆုံးကြောင်း

ဝင်းထွန်းဦး(ဘ)ဦးထွန်းစိန် ၁၂/ဥကတ(နိုင်) ၁၈၈၄၉၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MH 785760)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၇၇၆၅၈၀၈

ပျောက်ဆုံးကြောင်း

ခိုင်လင်းခန့်(ဘ)စိုးစိုးအောင် ၃/ဘအန (နိုင်) ၅၃၃၆၁၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MJ 201024)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၅၁၁၃၇၄၄







တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများအတွက် ကျောင်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစ၍ အခြေခံပညာအထက်တန်းဆင့် Grade-10၊ Grade-11 နှင့် Grade-12 အတန်းပညာများကို သင်ကြားလေ့ကျင့်ပေးမည့် အမှတ်(၁)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(ရဲမွန်)၊ အမှတ်(၂)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(နေပြည်တော်)တို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကျောင်းသားသစ်များအဖြစ် လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) Grade-10 သင်တန်းအတွက် Grade-9 အောင်မြင်ပြီး အသက် ၁၇ နှစ်ထက်မကြီးသူ၊ Grade-11 သင်တန်းအတွက် Grade-10 အောင်မြင်ပြီး အသက် ၁၈ နှစ်ထက်မကြီးသူ၊ Grade-12 သင်တန်းအတွက် Grade-11 အောင်မြင်ပြီး အသက် ၁၉ နှစ်ထက်မကြီးသူ ဖြစ်ရမည်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူအမျိုးသား(လူပျို)ဖြစ်ရမည်။

(ဂ) တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူ၊ သို့မဟုတ် ပြစ်ဒဏ်စီရင်ခြင်းခံရဖူးသူ မဖြစ်စေရ။

(ဃ) စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းအောင်မြင်ရမည်။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၄-၅-၂၀၂၆ ရက်နေ့မှ ၂၀-၅-၂၀၂၆ ရက်နေ့အတွင်း လျှောက်ထားသူကာယကံရှင်ကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များသို့ လျှောက်ထားရမည်-

(က) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ ၃ ပုံ။

(ခ) နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)။

(ဂ) မိဘ/အုပ်ထိန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)။

(ဃ) အိမ်ထောင်စုဝင်လူဦးရေစာရင်း(ပုံစံ-၆၆/၆)(မိတ္တူ)။

(င) ကျောင်းထွက်လက်မှတ်(မိတ္တူ)။

(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ သို့မဟုတ် မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံး၏ ထောက်ခံစာမူရင်း။

(ဆ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ ကျောင်းသားသစ်အဖြစ်လျှောက်ထားသူအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းကြီးကြပ်ရေးနှင့် ကျောင်းသားစိစစ်ရေးရွေးချယ်ရေးအဖွဲ့က ပဏာမရွေးချယ်ရန် အကြောင်းကြားလာပါက အပိုဒ်(၂)ပါစာရွက်စာတမ်းများ**မူရင်းနှင့် မိတ္တူ(၃)စောင်စီ** ယူဆောင်၍ ၂၂-၅-၂၀၂၆ ရက်အရောက် မိဘ/အုပ်ထိန်းသူနှင့်အတူ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများအား ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို ကျောင်းသားအဖြစ် အတည်ပြုရွေးချယ်သွားမည်။

၄။ တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသောကျောင်းသားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဝါးကုသမှု၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာနှင့် အခြားသင်ထောက်ကူပစ္စည်းများ၊ အခြေခံပစ္စည်းများ အခမဲ့ရရှိမည့်အပြင် ပညာသင်ကြားနေစဉ်ကာလအတွင်း လစာအဖြစ် တစ်လလျှင် Grade-10 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၃၀ ရာခိုင်နှုန်း(၄၃၂၀၀/-ကျပ်)၊ Grade-11 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၄၀ ရာခိုင်နှုန်း(၅၇၆၀၀/-ကျပ်)နှင့် Grade-12 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၅၀ ရာခိုင်နှုန်း(၇၂၀၀၀/-ကျပ်)တို့အား ခံစားခွင့်ရှိသည်။

၅။ ကျောင်းသားများအား အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များကို ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ နှစ်အလိုက်သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ပြီး နိုင်ငံတော်မှကျင်းပပြုလုပ်သည့်တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြရမည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူကျောင်းသားများသည် သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီမှုရှိပါက တပ်မတော်ဆိုင်ရာတက္ကသိုလ်နှင့်သိပ္ပံများသို့ လျှောက်ထားခွင့်ရှိသည်။ တပ်မတော်ဆိုင်ရာတက္ကသိုလ်နှင့်သိပ္ပံများသို့တက်ရောက်ရန် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီမှုမရှိပါက ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေးသင်တန်းနှင့် တပ်မတော်ဆေးဘက်ဆိုင်ရာပညာသင်ကျောင်း၌ဖွင့်လှစ်သည့် တတိယအဆင့်ဆေးလက်ထောက်သင်တန်း(အထူး)သို့ လျှောက်ထားခွင့်ရှိသည်။

၆။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ပညာရေးဌာနစု၊ ဖုန်း-၀၃၆-၃၀၅၁၁/၀၃၆-၃၀၅၆၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

မန္တလေးသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ၊
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ခမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ



➢ ပါရမီ(YBS)
09-459448201



➢ ဇွဲမန်းသူ
09-254781060



➢ မန္တလေးဘဝခြေနှိုက်
09-426500153



➢ ဓာတ်ဝင်
09-423333250



➢ ပါရမီတက္ကစီ
01-3643641



➢ ကုန်စည်
09-440619258

ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

"စိတ်ချရတာ မြဝတီဘဏ်"



UnionPay MPU



Card Services

- Individual Debit Card/ Credit Card
- Corporate Debit Card
- Automated Teller Machine Services
- Point of Sales Services
- Online Payment/ Tax Payment Via E-commerce

Phone No : (01) 2301367, 2301368, 2301452, 2301378

ထာဝရလှပသော အပြုံးအတွက်

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

DENTOMEC



ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013

ကုန်ဆုံးသွားသော စွမ်းအားများ

DAGON Malta Fresh





နဲ့ ဖြည့်စွမ်းထား

ပင်ရင်းအရောင်း - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ နိုင်ငံတော်ရှေ့သီးပို့ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးပို့ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာပို့သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ခန့်မှန်းငွေကျပ် ၉ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၇၇ ကီလိုနှင့် စိတ်ကြွဆေးပြား ၄ သန်း သယ်ဆောင်လာသူများနှင့်ဆက်စပ်သူများအား ကလေးမြို့နှင့်ပြည်ကြီးတံခွန်မြို့နယ်တို့၌ဖမ်းဆီးရမိ

နေပြည်တော် မေ ၉

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့အဝင်၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ရှာဖွေစစ်ဆေးမှုများဆောင်ရွက်စဉ် ဧပြီလ ၁၂ ရက် နံနက် ၁၀ နာရီ ၃၀ မိနစ်ခန့်တွင် သက်ပိုင်စိုးမောင်းနှင်ပြီး ဇော်ထိုက် လိုက်ပါလာသော NISSAN CONDOR အမျိုးအစား မော်တော်ယာဉ်နှင့် မျိုးရဲနိုင် မောင်းနှင်ပြီး ကျော်လင်း လိုက်ပါလာသော GOLDEN TRUCK အမျိုးအစားမော်တော်ယာဉ်တို့အား ရှာဖွေစစ်ဆေးရာ ယာဉ်များပေါ်မှ ဘိန်းဖြူ ၄၈ ဒသမ ၄ ကီလိုတို့ကိုလည်းကောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ကလေးမြို့၊ စက်မှုဇုန်သွားလမ်း၌ နိုင်လင်းဇော် မောင်းနှင်ပြီး နေလင်းဦး(ခ) ဆေးဆရာ လိုက်ပါလာသော NISSAN CONDOR ယာဉ်ပေါ်အား စစ်ဆေးရာ ဘိန်းဖြူ ၂၈ ဒသမ ၆ ကီလိုကိုလည်းကောင်း အသီးသီးတွေ့ရှိ ဖမ်းဆီးရမိခဲ့ရာ စုစုပေါင်းဘိန်းဖြူ ၇၇ ကီလို

စာမျက်နှာ ၂၅ ကော်လံ ၁ ❐



ဘိန်းဖြူ ၇၇ ကီလိုနှင့်အတူ ဖမ်းဆီးရမိသည့် မျိုးရဲနိုင်၊ ကျော်လင်း၊ သက်ပိုင်စိုး၊ ဇော်ထိုက်၊ ညွှန့်တင်၊ နိုင်လင်းဇော်၊ နေလင်းဦး(ခ)ဆေးဆရာတို့အား တွေ့ရစဉ်။

နေရာကွက်၍ မိုးကြိုးနိုင်

နေပြည်တော် မေ ၉

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/၈လ)

ဘောလုံးပွဲရလဒ်များ

အင်္ဂလန်ပရီးမီးယားလိဂ်

လီဗာပူး	၁ - ၁	ချဲလ်ဆီး
ဘရိုက်တန်	၃ - ၀	ဝုလ်ဗ်
ဖူဟမ်	၀ - ၁	ဘုန်းမောက်
ဆန်းဒါးလန်း	၀ - ၀	မန်ယူ

စပိန်လာလီဂါ

လီဗန်တေး	၃ - ၂	အိုဆာဆူနာ
အယ်ချီ	၁ - ၁	အလာဗက်
ဆီဗီလာ	၂ - ၁	အက်စပန်ညို့

ထူးခြားသည့်နေ့အပူချိန်များ

၉-၅-၂၀၂၆

မကွေး	၄၁	ဒသမ	၀	ဒီဂရီဆဲလ်စီးယက်
တောင်တွင်းကြီး	၄၁	ဒသမ	၀	ဒီဂရီဆဲလ်စီးယက်
မြင်းမူ	၃၉	ဒသမ	၄	ဒီဂရီဆဲလ်စီးယက်
ကော့ကရိတ်	၃၉	ဒသမ	၂	ဒီဂရီဆဲလ်စီးယက်
မြင်းခြံ	၃၉	ဒသမ	၀	ဒီဂရီဆဲလ်စီးယက်
မင်းဘူး	၃၉	ဒသမ	၀	ဒီဂရီဆဲလ်စီးယက်
ဆင်ဖြူကျွန်း	၃၈	ဒသမ	၄	ဒီဂရီဆဲလ်စီးယက်
မုံရွာ	၃၈	ဒသမ	၃	ဒီဂရီဆဲလ်စီးယက်
ပခုက္ကူ	၃၈	ဒသမ	၀	ဒီဂရီဆဲလ်စီးယက်
ဟုမ္မလင်း	၃၈	ဒသမ	၀	ဒီဂရီဆဲလ်စီးယက်

ရွှေလျားဆေးကုသယာဉ်များဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရွာသာကြီးအကြီးစားစက်မှုဇုန်ရှိအလုပ်ဌာနများသို့ ကွင်းဆင်းဆေးကုသမှုဆောင်ရွက်

ရန်ကုန် မေ ၉

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် အဖွဲ့ပိုင်ရွှေလျားဆေးကုသယာဉ်နှစ်စီးဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရွာသာကြီးအကြီးစားစက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံများသို့ ကွင်းဆင်းဆေးကုသမှုဆောင်ရွက်ပေးပြီး လိုအပ်သောဆေးဝါးများထောက်ပံ့ပေးသည်။

ရွှေလျားဆေးကုသယာဉ်များနှင့် အလုပ်သမားဆေးရုံကြီး (ရန်ကုန်၊ ထန်းတပင်)ရှိ အထူးကုဆရာဝန်ကြီးများပါဝင်သော Specialist Tour ဖြင့် ရန်ကုန်တိုင်းဒေသကြီး စာမျက်နှာ ၁၀ ကော်လံ ၁ ▲



